# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၉၅)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တွေ့ဆုံ

## ကချင်ပြည်နယ်ငြိမ်းချမ်းရေး၊ NCA လက်မှတ်ရေးထိုးရေးနှင့် နေရပ်စွန့်ခွာတိမ်းရှောင်နေကြရသူများနှင့်စပ်လျဉ်း၍ ဆွေးနွေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) ဥက္ကဋ္ဌနှင့် အဖွဲ့တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC) ဥက္ကဋ္ဌနှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာကြီး လလောက်ဂျုံးခေါ်က မိတ်ဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဆွန်က ကချင်ပြည်နယ်ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အခက်အခဲဖြစ်စေသည့်အခြေအနေများနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

**ဂွမြို့နယ်၌ အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား**

စာ ❖ ၉

**မော်စကို၌ အင်တာနက် အသုံးပြုမှု ထိန်းချုပ်ရန် ပူတင်၏ကြိုးပမ်းမှုကို ဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်မှုဖြစ်ပွား**

စာ ❖ ၁၀

# A(H1N1) 2009 နှင့်ပတ်သက်၍ သတင်းစာရှင်းလင်း၊ ရောဂါရှိသူ ၁၃ ဦး အတည်ပြုနိုင်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**




**ရန်ကုန် ဇူလိုင် ၂၄**

လတ်တလော ပြည်သူများကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်နေသော ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) A(H1N1) 2009 နှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ(၁)၌ ယနေ့ ညနေ ၄ နာရီတွင် ကျင်းပရာ ချင်းပြည်နယ်နှင့် ရန်ကုန်မြို့တို့တွင် ရာသီတုပ်ကွေးရောဂါ A(H1N1) 2009 ဓာတ်ခွဲအတည်ပြုပြီး စုစုပေါင်းလူနာ ၁၃ ဦးရှိခဲ့ရာ လတ်တလော ချင်းပြည်နယ်မှ လူနာ ၁၀ ဦး သက်သာပျောက်ကင်းပြီး ရန်ကုန်မြို့မှ လူနာ သုံးဦးကို

*စာမျက်နှာ ၆ ကော်လံ ၁* ●




# တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)ငါးမှုကို စီရင်ချက်ချမှတ် တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်)ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးခင်မောင်ကြည်တို့ ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)ငါးမှုကို စီရင်ချက်ချမှတ်ခဲ့ပြီး တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်)ငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level 1 ပဏာမအသံစစ်ဆေးခြင်း လားရှိုးမြို့၌ ဇူလိုင် ၂၇ ရက်တွင် ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၄**

လားရှိုးမြို့၌ ကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level 1 ပဏာမအသံစစ်ဆေးခြင်းကို လားရှိုးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၂၇ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ဇူလိုင် ၂၉ ရက်တွင် Stage Rehearsal နှင့် ဇူလိုင် ၃၀ ရက်တွင် Level 1 Live ယှဉ်ပြိုင်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရန်ရည်ရွယ်၍ ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်း ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မော်လမြိုင်မြို့၌ တရားဥပဒေနှင့်တရားမျှတမှု လုပ်ငန်းဆိုင်ရာကိစ္စရပ်များဆွေးနွေး

**မော်လမြိုင် ဇူလိုင် ၂၄**



တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (မွန်ပြည်နယ်တာဝန်ခံ) ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် ယမန်နေ့ နံနက် ၉ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ်ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲအဖွဲ့ဝင်များ တွေ့ဆုံကာ တရားဥပဒေနှင့် တရားမျှတမှုလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများကို ထပ်မံတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အာဆီယံရွှေရတု အထိမ်းအမှတ်အစီအစဉ်များ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၄**

အာဆီယံနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် အာဆီယံနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ပြခန်းနှင့် မြန်မာစာရေးဆရာများ၏ လက်ရေးမူပြခန်းဖွင့်ပွဲ၊ "စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံ" စာတမ်းဖတ်ပွဲ၊ "ကာတွန်းအဖော် စာဖတ်ပျော်" ကလေးစာကြည့်တိုက် အစီအစဉ်များကို သြဂုတ် ၁ ရက်မှ ၃ ရက် အထိ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တွင် ပြုလုပ်သွားမည်ဖြစ်ရာ စိတ်ဝင်စားသူများ ပါဝင်တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၄-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၇၄ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈ . ၃၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၆၄၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၂၅ |
| တရုတ် | တစ်ယွမ် | ၂၀၂ . ၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ . ၆၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၄၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို ဂရုပြုလိုက်နာ

ရာသီတုပ်ကွေးရောဂါ(Seasonal Influenza A (H1N1) 2009) နှင့် စပ်လျဉ်း၍ လူမှုကွန်ရက်မှတစ်ဆင့် သတင်းပျံ့နှံ့ကာ ပြည်သူလူထုအတွင်း စိုးရိမ်မှုများဖြစ်ပေါ်ခဲ့ပြီးနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အဆိုပါရောဂါကို စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အားဖြည့်နိုင်ရေးအတွက် လျင်လျင်မြန်မြန် ဆောင်ရွက်နေပြီဖြစ်သည်ကို တွေ့ရသည်။

ရာသီတုပ်ကွေးရောဂါမှာ စိုစွတ်ထိုင်းမှိုင်းသည့် ရာသီအကူးအပြောင်းကာလ၊ လူတို့၏ ခန္ဓာကိုယ်တွင်လည်း ပြင်ပမှ ရောဂါပိုးမွှားတို့ကို ခုခံကာကွယ်နိုင်သည့် ကိုယ်ခံအားတို့ ကျဆင်းချိန်တွင် ကူးစက်ပျံ့နှံ့ခြင်းဖြစ်သည်။ ရောဂါကူးစက်ရာတွင် လေထုမှတစ်ဆင့် ကူးစက်နိုင်ခြင်းကြောင့် ပျံ့နှံ့ရန်လွယ်ကူသည်။ ၂၀၀၉ ခုနှစ်အတွင်းက ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့ဖူးခြင်းကြောင့် ရာသီတုပ်ကွေး H1N1 ကို ပြည်သူလူထုအတွင်း မှတ်မှတ်ရရရှိနေခဲ့ပြီး လူမှုကွန်ရက်မှတစ်ဆင့် သတင်းများတွေ့ရှိရချိန်တွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

ရာသီတုပ်ကွေးရောဂါအတွက် ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းအဖြစ် မိမိ၏ ကိုယ်ခံအားပြည့်ဝနေအောင်၊ ကျန်းမာရေးနှင့်ညီညွတ်အောင် စားသောက်နေထိုင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အထူးသဖြင့် လက်သန့်ရှင်းရေးကို ဂရုစိုက်ရန်အတွက် ကျန်းမာရေးပညာရှင်များက အကြံပြုထားကြပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကလည်း "ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်"ကို မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးလျက်ရှိရာ သတိပြု၍ လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ရောဂါကူးစက်မှုမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။ ရာသီတုပ်ကွေးရောဂါသည် ကမ္ဘာတွင်လည်း နှစ်စဉ်ဖြစ်ပွားလျက်ရှိပြီး ကမ္ဘာ့လူဦးရေ ငါးရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကူးစက်ပျံ့နှံ့လေ့ရှိကြောင်း၊ ရောဂါပြင်းထန်သည့်အဆင့်ရောက်ရှိပါက အသက်အန္တရာယ် ထိခိုက်နိုင်သော်လည်း ရောဂါဖြစ်ပွားသူအရေအတွက်၏ တစ်ရာခိုင်နှုန်းအောက်သာ အဖိတ်အစဉ်ရှိကြောင်း သိရသည်။ အထိတ်တလန့်နှင့် စိုးရိမ်ပူပန်ဖို့ မလိုအပ်သလို ပေါ့ပေါ့ဆဆနေရန်လည်း မသင့်သောရောဂါမျိုးဟု ဆိုရမည်ဖြစ်သည်။

ယခုနှစ်၏ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု၏အစမှာ ချင်းပြည်နယ်နှင့် ရန်ကုန်မြို့တို့တွင် စုစုပေါင်း ၁၃ ဦးတို့ ဖြစ်ပွားခဲ့ကြောင်း အတည်ပြုနိုင်ခဲ့ပြီး အဖိတ်အစဉ်အားဖြင့် တစ်ဦးရှိခဲ့သည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့်လည်း ရောဂါဖြစ်ပွားမှုကို စောင့်ကြည့်ခြင်း၊ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအပါအဝင် ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းများအားလုံးကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ လူတိုင်းကိုယ့်ကျန်းမာရေးကို ဂရုစိုက်နေထိုင်ခြင်းဖြင့် စိုးရိမ်ကြောင့်ကြဖွယ်ရာ ရှိမည်မဟုတ်တော့။ အထူးသဖြင့် ရောဂါဖြစ်ပွားလာပါကလည်း ဆေးမြီးတို၊ စပ်ဆေးတို့ဖြင့် မိမိဘာသာကုသမနေဘဲ နီးရာ ဆေးရုံ၊ ဆေးခန်းတို့တွင် ကုသမှုခံယူခြင်းဖြင့်သာ ရာသီတုပ်ကွေးရောဂါ၏ စိုးရိမ်ဖွယ်ရာအခြေအနေတို့မှ လွန်မြောက်နိုင်မည်ဖြစ်သည်ဟု အကြံပြုတိုက်တွန်းလိုပါကြောင်း။ ။

# နည်းပညာတက္ကသိုလ်(သန်လျင်)၌ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဆွေးနွေးပို့ချ

**ရန်ကုန် ဇူလိုင် ၂၄**

နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတို့ပူးပေါင်းစီစဉ်သော Engineering Accreditation SAR Training ကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက နည်းပညာတက္ကသိုလ်(သန်လျင်)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာ သိင်္ဂီက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ချိုဝင်းမော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာ ဇော်မင်းအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာ အောင်ကျော်မြတ်တို့က ဆွေးနွေးပို့ချသည်။

အဆိုပါ Engineering Accreditation SAR Training သို့ ယင်းတက္ကသိုလ်မှ ဆရာ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

***❀ ရှေ့စာမျက်နှာမှ***

ယင်းနောက် တက်ရောက်လာကြသူများက ကချင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် NCA လက်မှတ်ရေးထိုးရေး၊ နေရပ်စွန့်ခွာတိမ်းရှောင်နေကြသူများဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာကြီး လလောက်ဂျုံးခေါင်နှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းဓာတ်ပုံ ရိုက်သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာကြီး လလောက်ဂျုံးခေါင်၊ သိက္ခာတော်ရ ဆရာကြီး ဒေါက်တာခလမ်ဆမ်ဆွန်၊ သိက္ခာတော်ရဆရာ ခေါဘောမ်၊ သိက္ခာတော်ရဆရာ ဂွန်ထန်ခွန်နောင်၊ သိက္ခာတော်ရဆရာ လထော်ခွန်နောင်၊ သိက္ခာတော်ရဆရာ ဒေါင်ခေါင်၊ သိက္ခာတော်ရဆရာ ထွန်းနော်၊ သိက္ခာတော်ရဆရာ လဖိုင်ဇော်ရာ၊ သိက္ခာတော်ရဆရာ မရန်ဇော်မန်၊ ဇော်ရမ်ခါးလီ၊ ဒေါ်ဂျာနန်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) ဥက္ကဋ္ဌနှင့် အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်**
(သတင်းစဉ်)

# သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ကာတာနိုင်ငံ သံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei Al-Emadi အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆိုင်ရာ ကိစ္စရပ်များနှင့် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ခဲ့ကြသည်။
**(သတင်းစဉ်)**



# ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ် ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြောင်းလဲရေးအတွက် အကူအညီပေးနေသည့် MYPOL ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဥတ္တရခရိုင် စိုက်ခင်းများ နေပြည်တော်ကောင်စီဝင် စစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် သာယာစုကျေးရွာ မိုးစပါး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသော စံပြကွက် ၁၇ ဧက၊ တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ တောင်သူ ဦးမောင်သင်၏ ပေါင်းစည်းလယ်ယာ RS-CS မနောသုခမျိုးစေ့ထုတ်စိုက်ခင်းနှင့် မှတ်ပုံတင်ရရှိပြီးသော သဘာဝမြေသြဇာထုတ်လုပ်ခြင်း လုပ်ငန်း၊ တပ်ကုန်းမြို့ သုတေသနစိုက်ပျိုးရေးခြံရှိ စပ်မျိုးနေကြာ စိုက်ခင်းနှင့် စပ်မျိုးအစေ့ထုတ်ပြောင်းစိုက်ခင်းများ၊ ရေအေးဘက်စုံ အဆင့်မြင့်စံပြကျေးရွာနှင့် စပါးအခြောက်ခံစက်များသို့ ဇူလိုင် ၂၄ ရက်က နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန် (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းကဏ္ဍတာဝန်ခံ)နှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်က တောင်သူများနှင့် တွေ့ဆုံစဉ် ယခုအချိန်တွင် လယ်ယာလုပ်သားရှားပါးမှုဖြေရှင်းနိုင်ရန်နှင့် ကုန်ကျစရိတ်သက်သာစေရန် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းအား သက်ဆိုင်ရာဌာနများ၏ အကူအညီနှင့် နည်းပညာများဖြင့် ပြသလျက်ရှိကြောင်း၊ သဘာဝမြေသြဇာများ အဓိကထားသုံးစွဲရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ မျိုးကောင်းမျိုးသန့်များအား အကျိုးတူတောင်သူအစုအဖွဲ့၊ ကုမ္ပဏီများဖြင့် ထုတ်လုပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။
**မောင်ကျော်ကြီး**

# စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစတင်ထုတ်ချေး

**ပြည် ဇူလိုင် ၂၄**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ချေးငွေအထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ (Two Step Loan) ကို Pilot Project အဖြစ် စတင်ထုတ်ချေးသည့် အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။




ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားသည်။ ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ကြီးဌာနမှ စိုက်ပျိုးစရိတ်နှုန်းထားများ တိုးမြှင့်ထုတ်ချေးပေးခဲ့သကဲ့သို့ ဂျပန်နှင့် မြန်မာ အစိုးရအချင်းချင်း G to G အနေဖြင့်ပေးသည့် Two Step Loan လယ်ယာသုံး စက်ကိရိယာချေးငွေများကို ထုတ်ချေးပေးနိုင်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို JICA က ထုတ်ပေးကြောင်း၊ လယ်ယာကဏ္ဍ/လယ်ယာကိုအခြေခံသော စီးပွားရေးကဏ္ဍများအတွက် နှစ်တိုချေးငွေ၊ နှစ်ရှည်ချေးငွေများ ထုတ်ချေးပေးနိုင်ရန်၊ လယ်ယာကဏ္ဍခေတ်မီစေရန်၊ ကျေးလက် မြို့ပြ ဟန်ချက်ညီညီ တိုးတက်စေရန် ရည်ရွယ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ JICA TSL အတွက် (တရားဝင်ဖွံ့ဖြိုးမှု အထောက်အပံ့) (Official Development Assistant) ODA ချေးငွေပမာဏမှာ ဂျပန်ယန်း ၁၅၁၃၅ သန်းဖြစ်ပြီး မြန်မာနိုင်ငံတော်အစိုးရက ထည့်ဝင်ငွေ ယန်း ၉၃၈ သန်း စုစုပေါင်း ယန်း ၁၆၀၇၃ သန်း ဖြစ်ပြီး ကျပ်ငွေနှင့်ဆိုလျှင် ငွေကျပ် ၁၉၅ ဘီလီယံကို တောင်သူများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျပ်ငွေ တစ်ရာလျှင် တစ်လ ၆၇ ပြားဖြင့် အတိုးနှုန်းချိုသာစွာဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးကူညီပေးသော JICA အား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက TSL ချေးငွေနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပြီး တာဝန်ရှိသူများက TSL ချေးငွေနှင့် ဝယ်ယူခွင့်ရရှိသော လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များနှင့် စာရွက်စာတမ်းများကို တောင်သူများ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၄**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဂွမြို့နှင့် အမ်းမြို့တို့တွင် ၇ ဒသမ ၆၃ လက်မစီ၊ တမူးမြို့တွင် ၅ ဒသမ ၇၅ လက်မ၊ တောင်ကုတ်မြို့တွင် ၅ ဒသမ ၂၀ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၉၂ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ကျောက်ဖြူ မြို့တွင် ၃ ဒသမ ၅၁ လက်မ၊ ခရမ်းမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၉၉ လက်မနှင့် ဇောင်းတူမြို့တွင် ၂ ဒသမ ၉၆ လက်မတို့ ဖြစ်ကြသည်။
(မိုး/ဇလ)

# ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) 2009)ဖြစ်ပွားမှုနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများ အားဖြည့်လုပ်ဆောင်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၄

**ယခုနှစ် ဇူလိုင်လအတွင်း ချင်းပြည်နယ် မတူပီမြို့ပေါ်ရပ်ကွက်အချို့တွင် ရာသီတုပ်ကွေးရောဂါ(Seasonal Influenza A(H1N1) 2009) ဓာတ်ခွဲအတည်ပြု လူနာ ၁၀ ဦး၊ သေဆုံးလူနာတစ်ဦးရှိခဲ့ပြီး ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် လူနာနှစ်ဦး၊ ရန်ကုန်မြို့အထွေထွေရောဂါ ကု ဆေးရုံသစ်ကြီးတွင် လူနာတစ်ဦးတို့မှာ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) 2009) ဖြင့် တက်ရောက်ကုသမှုခံယူသဖြင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူလျက်ရှိကြောင်း သိရသည်။**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါများ၊ ကူးစက်မြန်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကပ်အသွင်ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ (၂၀၀၅)နှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသတွင်းအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) 2009) စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဦးဆောင်ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နေပြည်တော်ခုတင်(၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီးမှ အထွေထွေရောဂါကုသမားတော်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လတ်တလောရာသီတုပ်ကွေးဖြစ်ပွားနေမှုများနှင့် ပတ်သက်၍ တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ(Influenza Like Illness – ILI) ဖြစ်ပွားမှု၊ ပြင်းထန်အဆုတ်ရောင် (Severe Acute Respiratory Infection – SARI) ဖြစ်ပွားမှု စသည်တို့အား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရောဂါဖြစ်ပွားကူးစက်မှုမှ ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးပညာပေးလုပ်ငန်းများအား ဆေးရုံကြီးများ၊ မြို့နယ်အဆင့်နှင့် ပြည်သူလူထုအတွင်း ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း သတင်းအမှန်ရရှိရေးနှင့် ကြောက်လန့်မှုမရှိစေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှုများအား အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ရောဂါကုသမှု၊ တုံ့ပြန်ဆောင်ရွက်မှု၊ ကြိုတင်ကာကွယ်မှုတို့နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများအတွက် လမ်းညွှန်ချက်များအားလည်း ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့လည်း သတင်းပေးပို့ပြီးဖြစ်ကြောင်း၊ လိုအပ်မည့်ဆေးဝါးများ၊ ရောဂါကာကွယ်ရေးပစ္စည်းများလည်း အရန်သင့်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ) ပါမောက္ခဒေါက်တာ ဌေးဌေးတင်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်တို့က ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ် တင်ပြဆွေးနွေးကြသည်။

တုပ်ကွေးရောဂါပိုး (Seasonal Influenza A(H1N1) 2009) အပါအဝင် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံးလူဦးရေ၏ (၅) ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ နှစ်စဉ်ဖြစ်ပွားလျက်ရှိပြီး ရောဂါဖြစ်ပွားသူများ၏ (၁) ရာခိုင်နှုန်းအောက်သာ သေဆုံးမှုရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။

ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) 2009) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော ရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သွားကြရန်နှင့် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ဖြစ်ပွားလာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ ကုသမှုခံယူရန် လိုအပ်ကြောင်း၊ ရာသီတုပ်ကွေးဖြစ်ပွားမှုသည် နှစ်စဉ်ဖြစ်ပွားလေ့ရှိသော ရောဂါတစ်ခုဖြစ်၍ ဝန်ကြီးဌာနကထုတ်ပြန်သော ရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များကို ပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ရောဂါဖြစ်ပွားမှုအား ကြိုတင်ကာကွယ်ကုသနိုင်မည်ဖြစ်ပြီး အထူးစိုးရိမ်ကြောင့်ကြစရာ မလိုအပ်ကြောင်း၊ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သော www.mohs.gov.mm နှင့် Myanmar CDC ၏ facebook စာမျက်နှာများမှလည်း သတင်းထုတ်ပြန်သွားမည်ဖြစ်ပြီး H1N1 ရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက နှာခေါင်းတို့ဖတ် (nasopharyngeal swab) အား အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန အမှတ် ၃၅ ၊ မော်ကွန်းတိုက်လမ်း ရန်ကုန်မြို့သို့ပေးပို့၍ စစ်ဆေးအတည်ပြုချက် ရယူနိုင်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လွယ်ဂျယ်မြို့နေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန် ခြင်ဆေးနှင့်ဆက်စပ်ပစ္စည်းများကို တရုတ်နိုင်ငံမှ တာဝန်ရှိသူများက လှူဒါန်းပေးအပ်

**ဗန်းမော် ဇူလိုင် ၂၄**

မိုးတွင်းကာလသည် သွေးလွန်တုပ်ကွေးရောဂါ အဖြစ်အများဆုံးကာလဖြစ်သောကြောင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့နေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရန်အတွက် တရုတ်နိုင်ငံမှ ခြင်ဆေးများ၊ ဆက်စပ်ပစ္စည်းများနှင့် ခြင်ဆေးဖျန်းပုံးများ လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက မြန်မာ-တရုတ် နှစ်နိုင်ငံအဝင်/အထွက် နယ်စပ်ဂိတ်(၂)၌ ကျင်းပသည်။



အဆိုပါပစ္စည်းများ လှူဒါန်းရာတွင် တရုတ်နိုင်ငံမှ လုံ့ချွမ်ခရိုင် ကျန်းမာရေးဌာနမှူး ယိမ်ယူ၊ ဒုတိယဌာနမှူး ကျောက်ချွမ်ဆွန်၊ ယူနန်ပြည်နယ် ဆေးဝါးကျွမ်းကျင်မှုပညာရှင် စီမင်နှင့် ဝမ်လီ၊ လုံ့ချွမ်ခရိုင် ကျန်းမာရေးဌာနခွဲမှူး ရန်မင်၊ လုံ့ချွမ်ခရိုင် ပြည်ပရေးရာဌာနမှူး ဂျန်မာဆန်နှင့် စကားပြန် ဦးကြည်စိုး၊ ကျန်းဖုန်းနယ်ခြားစောင့်တပ်ဖွဲ့ဌာနမှူး လီရှိုဝမ်တို့က ပေးအပ်လှူဒါန်းရာ လွယ်ဂျယ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးလွင်ဦး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၂)မှ ဒုရဲမှူး အောင်လှိုင်၊ လွယ်ဂျယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာ အောင်မျိုးထက်၊ ကချင်နှင့် ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များ၊ ရပ်မိရပ်ဖတို့က လက်ခံယူခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

- ❖ ရာသီတုပ်ကွေးရောဂါသည် ယခုကဲ့သို့ မိုးရာသီနှင့် မိုးအကုန်ဆောင်းအကူးကာလများတွင် ဖြစ်ပွားလေ့ရှိပါသည်။
- ❖ ရောဂါပိုးသည်လေထဲမှတစ်ဆင့် အသက်ရှူလမ်းကြောင်းတွင်းသို့ ဝင်ရောက်ပြီး တစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာ ကူးစက်နိုင်ပါသည်။
- ❖ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါခံစားနေရသူများသို့ ပိုမိုကူးစက်နိုင်သည်။ ကူးစက်ခံရပါက ရောဂါပိုမိုပြင်းထန်တတ်ပါသည်။
- ❖ အသက်အန္တရာယ် ထိခိုက်သည်အထိ ဖြစ်စေနိုင်ပါသည်။
- ❖ ရောဂါလက္ခဏာများမှာ - ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးခွေခြင်းစသည်တို့ ဖြစ်ပါသည်။

**ရာသီတုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်ပါသည်။**

- ❖ နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ရောဂါပိုးများကူးစက်မှုကို ဟန့်တားရန် ပါးစပ်နှင့် နှာခေါင်းကိုအုပ်၍ နှာချေ၊ ချောင်းဆိုးရန် တိုက်တွန်းအပ်ပါသည်။ (လက်ကိုင်ပဝါ၊ တစ်ရှူးနှင့် တစ်ခါသုံး ပါးစပ်နှာခေါင်းစည်းတို့ အသုံးပြုနိုင်ပါသည်။)
- ❖ ရောဂါပိုးများသည် လက်တွင်ကပ်ငြိနေနိုင်သဖြင့် ချောင်းဆိုး၊ နှာချေပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း ရေနှင့်ဆပ်ပြာတို့ဖြင့် လက်ဆေးပါရန် တိုက်တွန်းပါသည်။
- ❖ တုပ်ကွေးရောဂါဖြစ်ပွားသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ လူထူထပ်သောနေရာများသို့ သွားလာခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။
- ❖ ရောဂါလက္ခဏာများပေါ်ပေါက်ပါက လုံလောက်စွာအနားယူခြင်း၊ အရည်များများသောက်သုံးခြင်း၊ ကိုယ်ပူချိန်မြင့်မားပါက ရေပတ်တိုက်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

**မိမိတွင် တုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက ဆေးရုံ/ဆေးခန်းတို့တွင် ကုသမှုခံယူပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

❁ *ကျော်ဖုံးမှ*

သို့ဖြစ်၍ ဝေန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

❄ *ကျော်ဖုံးမှ*

ရှိလာမည်ဖြစ်ပြီး နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် အာရှယူ-၂၃ ခြေစစ်ပွဲတွင် ခြေစစ်ပွဲမအောင်ခဲ့ပေ။ မြန်မာယူ-၂၂ အသင်းသည် စင်ကာပူနှင့် ဘရူနိုင်းကို အနိုင်ရပြီး နောက်ဆုံးပွဲတွင် ဩစတြေးလျကို ရှုံးနိမ့်ခဲ့သောကြောင့် ခြောက်မှတ်သာရရှိခဲ့ကာ အကောင်းဆုံးအုပ်စု ဒုတိယနေရာ တွက်ချက်ရာတွင် အဆင့်(၈)နေရာသာရပြီး ခြေစစ်ပွဲမအောင်မြင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းတွင် အုပ်ချုပ်သူ- ဦးသန်းတိုးအောင်၊ နည်းပြချုပ်-ဂျတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ-ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ ဦးမြင့်ကို၊ ကြံ့ခိုင်ရေးနည်းပြ- ပိုပေါ့စကီး၊ ဂိုးနည်းပြ-ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုး-ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ ဝေလင်းအောင်၊ နောက်တန်း-နန်းဝေမင်း၊ သီဟထက်အောင်၊ ထိုက်ထိုက်အောင်၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ သောင်လျပ်ထန်၊ နိုင်လင်းထွန်း၊ အလယ်တန်း-မောင်မောင်လွင်၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ စည်သူအောင်၊ ရန်ပိုင်စိုး၊ ရဲရင့်ထွန်း၊ ဇင်ဖြိုးအောင်၊ မောင်မောင်စိုး၊ ရွှေကို၊ ဇေယျာနိုင်၊ ရှိုင်းသူရ၊ မျိုးကိုထွန်း၊ ရှေ့တန်း-အောင်သူ၊ သန်းပိုင်၊ အောင်ကောင်းမာန်နှင့် ငြိမ်းချမ်းအောင်တို့ ပါဝင်ကြသည်။

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# ပညာဆည်းပူးရာတွင် မိမိကိုယ်မိမိ ကောင်းမွန်စွာထိန်းကျောင်းနိုင်ရန် အထူးလိုအပ်

**နေပြည်တော် ဇူလိုင် ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် သိပ္ပံပညာ၊ နည်းပညာများသာမက ဝိဇ္ဇာပညာသည်လည်း အရေးပါကြောင်း၊ ဝိဇ္ဇာပညာသည် စဉ်းစားတွေးခေါ်ကြံဆတတ်မှု၊ လူ့သဘောသဘာဝကို နားလည်မှုများအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်သောကြောင့် နယ်ပယ်ပေါင်းစုံကို လေ့လာကြရန်လိုကြောင်း၊ ထိုသို့ ပညာဆည်းပူးရာတွင် မိမိကိုယ်မိမိ ကောင်းမွန်စွာထိန်းကျောင်းနိုင်ရန် အထူးလိုအပ်ကြောင်း၊ မိမိ၏ဉာဏ်ပညာ အမြော်အမြင်ဖြင့် မိမိ၏စိတ်ကို ထိန်းချုပ်နိုင်မှသာ အောင်မြင်မှုပန်းတိုင်ကို ပိုင်နိုင်စွာ ဆွတ်ခူးရရှိနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက ၂၀၁၆-၂၀၁၇ ပညာ သင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သောစစ်သည်များ၊ တပ်မတော်သား မိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ ဘက်စုံပညာထူးချွန်လူငယ်များ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ကဗျာ ဆုရရှိသူများနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ခံရသော ကျောင်းသား၊ ကျောင်းသူများ၏ ထူးချွန်ဆုရရှိမှု၊ ဂုဏ်ပြုဆုချီးမြှင့်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်း၊ တပ်မတော်ပညာရေးကျောင်းများမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိများအားလည်းကောင်း၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော တပ်မတော် ပညာရေး ကျောင်းတို့မှ ကျောင်းအုပ်ကြီးများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော်သားနှင့် စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများနှင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခြေခံပညာအထက်တန်း ကာတွန်းပြိုင်ပွဲတွင် နိုင်ငံတော်အဆင့်(ပထမဆု)၊ ပညာတန်ဆောင်ရုပ်ပြ စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော်သား၊ စစ်မှုထမ်းဟောင်း၊ စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သားသမီးများနှင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်း ပန်းချီပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် ဒုတိယဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်**

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့က ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများနှင့် နိုင်ငံတော်အဆင့် ဆောင်းပါး/စာစီစာကုံး ပြိုင်ပွဲတွင် ဒုတိယဆု၊ ပန်းချီ/ ကာတွန်း ပြိုင်ပွဲ (ဗဟိုအဆင့်) တတိယဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီးတို့က ငါးဘာသာ၊ လေးဘာသာ ဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီးနှင့် တာဝန်ရှိသူများက သုံးဘာသာ ဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက ဂုဏ်ထူးရစစ်သည်များအားလည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ဒုတိယ ဗိုလ်ချုပ်ကြီး အေးဝင်းက ဘက်စုံပညာ ထူးချွန်လူငယ်များအားလည်းကောင်း၊ တပ်မတော်အရာရှိကြီးများက တက္ကသိုလ်ပညာသင်ဆုရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယနေ့ကျင်းပသည့် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ တပ်မတော်ပညာရေးကျောင်း သုံးကျောင်းတို့အားလည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးရရှိကြသော စစ်သည် ၂၃ ဦး၊ တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သားသမီးများဖြစ်သော ခြောက်ဘာသာ ဂုဏ်ထူးရှင် ၅၉ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၈၅ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၆၉ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၆၈ ဦး၊ နိုင်ငံတော်အဆင့်ဘက်စုံ ပညာထူးချွန်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၊ နိုင်ငံတော်အဆင့် ဆောင်းပါး/စာစီစာကုံး ပြိုင်ပွဲဆုရရှိသူ ငါးဦး၊ အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ပညာသင်ဆုရရှိသော တပ်မတော်သားမိသားစုဝင်များနှင့် စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီး ၈၁ ဦးနှင့် အကြောင်းအမျိုးမျိုးကြောင့် အခမ်းအနားမတက်ရောက်နိုင်သူ ခြောက်ဦး စုစုပေါင်း ၆၂၀ တို့အား ဂုဏ်ပြုရွှေပြားဆု၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့အတူ ပညာဒါနစေတနာရှင် အလှူရှင်များမှ လှူဒါန်းငွေများဖြင့် တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများမှ တစ်ဘာသာ ဂုဏ်ထူးရရှိသူ ၈၇၇ ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရရှိသူ ၂၃၉ ဦး စုစုပေါင်း ၁၁၁၆ ဦးတို့အား ဂုဏ်ထူး တစ်ဘာသာလျှင် ဂုဏ်ပြုငွေကျပ် ၉၀၀၀၀ နှုန်းဖြင့် အဝေးရောက်ချီးမြှင့်ခဲ့သည်။

ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့်ဘက်စုံထူးချွန် လူငယ်များကို ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ပြီး ယခုနှစ်တွင်လည်း ပြည်ပလေ့လာရေးခရီး ထပ်မံ၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံရှိ ခြိမ်းခြောက်မှုခံနေရသောမျိုးစိတ်များ၏ နိုင်ငံအဆင့် အနီရောင်စာရင်းရေးဆွဲနိုင်ရေး စွမ်းဆောင်ရည်တည်ဆောက်ရေး အလုပ်ရုံဆွေးနွေးပွဲ

**နေပြည်တော် ဇူလိုင် ၂၄**





သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့(IUCN)၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)၊ ကမ္ဘာ့ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့ (WWF) တို့ပူးပေါင်းဖွင့်လှစ်သည့် မြန်မာနိုင်ငံရှိ ခြိမ်းခြောက်မှုခံနေရသော မျိုးစိတ်များ၏ နိုင်ငံအဆင့် အနီရောင်စာရင်းရေးဆွဲနိုင်ရေး၊ စွမ်းဆောင်ရည်တည်ဆောက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် သစ်တောသုတေသနဌာန(ရေဆင်း) စုဝေးခန်းမ၌ ကျင်းပသည်။

ဇီဝမျိုးစုံမျိုးကွဲများသည် လူသားအားလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် အဓိကကျသည့် ဂေဟစနစ်ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိသည့်အပြင် ရာသီဥတုတည်ငြိမ်ရေးတွင် အရေးပါသဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဆွေးနွေးပွဲမှ သိရသည်။

ထို့ပြင် ဇီဝမျိုးစုံမျိုးကွဲများအားထိရောက်၍ အကျိုးရှိရှိ ထိန်းသိမ်းနိုင်ရေးအတွက် ထိခိုက်ခံရမှုအများဆုံးနှင့် ပထမဦးစားပေးထိန်းသိမ်းရမည့် မျိုးစိတ်ကို သိရှိရန်လိုအပ်ပြီး အဓိကမျိုးစိတ်များ၏ ပကတိအခြေအနေကို ထင်ဟပ်စေမည့် မြန်မာနိုင်ငံရှိ ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များအတွက် နိုင်ငံအဆင့် အနီရောင်စာရင်းကို ပြုစုရန် လိုအပ်ကြောင်း သိရှိရသည်။

ထို့ကြောင့် ခြိမ်းခြောက်ခံနေရသည့် မျိုးစိတ်များ၏ နိုင်ငံအဆင့် အနီရောင်စာရင်းသည် မျိုးစိတ်များနှင့် ယင်းတို့၏ ဂေဟ စနစ်များအတွက် ထိန်းသိမ်းရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဆောင်ရွက်နိုင်ရန် သစ်တောဦးစီးဌာနသည် ဇီဝမျိုးစုံမျိုးကွဲများအား ထိရောက်အကျိုးရှိစွာ ထိန်းသိမ်းနိုင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်းကျင်းပရခြင်းဖြစ်ပြီး အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားနေကြောင်းကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်များအရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကြက်/ဘဲ/ငုံးမွေးမြူရေးခြံများကို ဇီဝလုံခြုံမှုစနစ်တကျ မြှင့်တင်ရန်လိုအပ်ပါသည်။ **ကြက်ငှက်တုပ်ကွေးရောဂါ** မဖြစ်ပွားစေရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် **အသိပေးနှိုးဆော်**အပ်ပါသည်-

(က) ကြက်၊ ဘဲနှင့် ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ကြက်၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) မွေးမြူရေးခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(ဃ) ကြက်ငှက်များကိုကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(င) အသား၊ ဥတို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်၊
(စ) ကြက်ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ကျောင်းထောက်ပံ့ကြေးများကို အကျိုးရှိရှိထိရောက်စွာ ကော်မတီဖြင့် အသုံးပြုသွားရန်လိုအပ်

**ရန်ကုန် ဇူလိုင် ၂၄**


ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ဇူလိုင် ၂၃ ရက်ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်အုပ်ချုပ်မှုသင်တန်းကျောင်း၌ ဖွင့်လှစ်ကျင်းပသည့် စာရေး(၃)နှင့် အဆင့်တူဝန်ထမ်းများ မွမ်းမံသင်တန်းသို့ သွားရောက်ရာ သင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသားသင်တန်းသူများက စာရေးဝန်ထမ်းများခန့်အပ်ပေးနိုင်ရေး၊ ဝန်ထမ်းများ ရာထူးအဆင့်တိုးမြှင့်ခန့်ထားရေး၊ ကျောင်းဆောင်များ တိုးမြှင့်ဆောက်လုပ်ရေး၊ KG တန်း ကလေးငယ်များ ပညာသင်ကြားခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်များ တိုးမြှင့်ဆောက်လုပ်ပေးလျက်ရှိရာတွင် ဦးစားပေးအလိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အရည်အသွေးရှိသည့် ပညာရေးစနစ်ဖြစ်လာစေရန် သင်ထောက်ကူပစ္စည်းများ၊ သင်ရိုးညွှန်းတမ်းများ၊ ကျောင်းသား ဆရာအချိုးမျှတစေရန်နှင့် ကျောင်းသား စာသင်ခန်းအချိုးညီမျှစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ကျောင်းထောက်ပံ့ကြေးများကို အကျိုးရှိရှိထိရောက်စွာ ကော်မတီဖြင့် အသုံးပြုရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ရုံးဝန်ထမ်းများ တာဝန်ကျနေရာတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရန် ဖြစ်ပါကြောင်း၊ စာရင်းအချက်အလက်များ မှန်ကန်ပြီးပြည့်စုံမှုရှိရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ ရာထူးအဆင့် တိုးမြှင့်ရေးသည် အဆင့်ဆင့်မှ တင်ပြလာသည့် တန်းစီဇယားပြုစုတင်ပြမှုပေါ်တွင် မူတည်ပါကြောင်း၊ မှန်ကန်သည့် စာရင်းဇယားများ ပြုစုတင်ပြနိုင်မှသာလျှင် ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ပေးမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအနေဖြင့် ငွေကြေးလုံးဝမကောက်ခံရန်၊ ပစ္စည်းလက်မခံရန်၊ လစာခရီးစရိတ်မဖြတ်တောက်ရန်နှင့် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရာတွင် ညီညီညွတ်ညွတ်နှင့် ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်ပြီး မိသားစုစိတ်ဓာတ်ဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းတွင် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ သင်ခန်းစာများကို သင်ကြားပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာရေး(၃)နှင့် အဆင့်တူ ဝန်ထမ်းသင်တန်းသား သင်တန်းသူ ၁၈၇ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဇူလိုင် ၁၃ ရက်မှ ဩဂုတ် ၄ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဓာတ်သတ္တုဆိုင်ရာ ကွင်းဆင်းလေ့လာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၄**

သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းအား ဂျပန်နိုင်ငံ Japan Oil Gas and Metals National Corporation (JOGMEC) မှ Member of the Board, Mr. Takafumi Tsujimoto နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဂျပန်နိုင်ငံတွင် အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် High Level Workshop, Bilateral Meeting and Study Tour in Japan သို့ တက်ရောက်ရေးကိစ္စ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်ဂျပန်နိုင်ငံ၊ JOGMEC တို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် အသေးစိတ် ဘူမိဗေဒတိုင်းတာခြင်း၊ ဓာတ်သတ္တုဆိုင်ရာ ကွင်းဆင်းလေ့လာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချပေးသည့်ကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

အစားထိုး တာဝန် ထမ်းဆောင်ရန် လုပ်ဆောင်နေခြင်းများသည် အစိုးရ၏ ကြိုးစားလုပ်ဆောင်နေသည့်အချက်များဖြစ်ပါကြောင်း ထောက်ပြဆွေးနွေးခဲ့သည်။

ထို့ပြင် "ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေတဲ့ ဘက်နှစ်ဖက်စလုံးရဲ့ ထိခိုက်နစ်နာမှုတွေကို ဖြေရှင်းတဲ့နေရာမှာတော့ နိုင်ငံရေးအသွင်ဆောင်တဲ့ ဖြေရှင်းမှုမျိုးကို အထူးပဲ လိုအပ်ပါတယ်။ အစိုးရသစ်တက်လာပြီးနောက်ပိုင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဖွဲ့စည်းပြီး အမှန်တကယ်ဖြစ်စဉ်တွေကို ဖြေရှင်းနိုင်ရေး ဆောင်ရွက်ဖို့ ကြိုးပမ်းခဲ့သလို နိုင်ငံတကာနဲ့ ပြည်သူလူထု သိရှိနိုင်ရေးအတွက် သတင်းထုတ်ပြန်ချက်တွေကို စဉ်ဆက်မပြတ် ထုတ်ပြန်နိုင်ခဲ့ပါတယ်" ဟု ဒေါ်သန္တာက ဆွေးနွေးပြောကြားသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ၏ သတင်းစာရှင်းလင်းပွဲ၌ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပေးချက်တွင် ပါဝင်သည့်အတိုင်း ဒုက္ခသည်စခန်း သုံးခုကို ပိတ်သိမ်းရာတွင် ဒုက္ခသည်များက မူလနေထိုင်ခဲ့သော နေရပ်ဒေသသို့ သွားရောက်လိုကြောင်း ပြောကြားသော်လည်း ၎င်းတို့မှာ ဒုက္ခသည်စခန်းများ၌ပင် တွေ့ရှိနေရကြောင်းဖြင့် မစ္စယန်ဟီလီ၏ ပြောကြားချက်သည် မပြည့်စုံသည်ကို တွေ့ရှိရပါကြောင်း၊ အမှန်တကယ်တွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ၂၀၁၇ ခုနှစ် မတ်လတွင် ထုတ်ပြန်ကြေညာခဲ့သည့် ကြားဖြတ်အစီရင်ခံစာ စာမျက်နှာ ၂၁ တွင် ပါဝင်သည့် အကြံပေးချက်များမှာ IDP စခန်းများ ပိတ်နိုင်ရေးအတွက် မဟာဗျူဟာချမှတ်ပြီး သက်ဆိုင်ရာ လူ့အဖွဲ့အစည်းများနှင့် တိုင်ပင်ပြီး ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သင့်ကြောင်း၊ လုပ်ငန်းစဉ်အချိန်ဇယားကို ရှင်းလင်းစွာဖော်ပြသင့်ကြောင်း၊ ထို့ပြင် မူလနေရာသို့ ပြန်သွားမည်သို့မဟုတ် အခြားနေရာများတွင် ပြန်လည်နေရာချထားရမည့်သူများအတွက် လုံခြုံမှုရရှိရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာအခွင့်အရေးများ ရရှိရေးအတွက် ဖော်ထုတ်ဆောင်ရွက်ပေးမည့် စီမံချက်များ ပါဝင်သင့်ကြောင်းဖြင့် အကြံပေးချက်တွင် ပါဝင်ပါကြောင်း၊ ထို့ပြင် ဖြစ်ပေါ်နေသည့် အခြေခံအကြောင်းတရားအပေါ်မူတည်ပြီး လုံခြုံရေးအခြေအနေဆိုင်ရာ သုံးသပ်မှုများ ဆက်လက်လုပ်ဆောင်သွားရန်၊ လိုအပ်ပါက သင့်တော်သည့် လုပ်ဆောင်မှုများကို ဆက်လက် လုပ်ဆောင်သွားမည်ဟု ကော်မရှင်၏ အကြံပြုချက်အတိုင်း နိုင်ငံတော်က ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပေးချက်အတိုင်း ကျောက်ဖြူ၊ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များအတွင်းရှိ ဒုက္ခသည်စခန်း သုံးခုကို ပိတ်သိမ်းနိုင်ခဲ့ပြီး အိမ်ထောင်စု ၅၅ စုကိုလည်း ဥပဒေနှင့်အညီ ရွှေးချယ်ပြီး ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့ပါကြောင်း၊ မွေးစာရင်း နှစ်သောင်းကျော်ကိုလည်း ထုတ်ပေးခဲ့ပါကြောင်း၊ အထူး ကိုယ်စားလှယ်၏ သတင်းစာရှင်းလင်းပွဲ၌ မြန်မာပြည်သူများ အလွန်စိုးရိမ်နေသော ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် မတည်ငြိမ်မှု ပြဿနာ၏ နောက်ဆက်တွဲဖြစ်သော မေယုတောင်တန်းပေါ်၌ တွေ့ရှိရသည့် လူလုပ်ဥမင်လိုဏ်ခေါင်း၊ လက်နက်များနှင့် လေ့ကျင့်ရေးစခန်းများတွေ့ရှိမှုကို ထိမ်ချန်ထားခဲ့ခြင်းအား စိတ်မကောင်းဖွယ်ကြားသိရပါကြောင်း ၎င်းက ထောက်ပြဆွေးနွေးသည်။

"တကယ်တော့ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာဖြစ်ခဲ့တဲ့ မတည်ငြိမ်မှုကတစ်ဆင့် မြန်မာနိုင်ငံဟာ အစွန်းရောက်သမားတွေအတွက် ခြေကုပ်ယူစရာများ ဖြစ်သွားမလားဆိုတာ ရခိုင်ပြည်နယ်သာမက မြန်မာတစ်နိုင်ငံလုံး အလွန်စိုးရိမ်နေတဲ့ အချက်ဖြစ်ပါတယ်။ ဒါ့အပြင် အစွန်းရောက်တွေရဲ့ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးနေမှုကိုလည်း ပြောကြားသွားခြင်း လုံးဝမရှိခဲ့ပါဘူး။ နိုင်ငံတော်အစိုးရရဲ့ နှစ်ဖက်လူ့အသိုင်းအဝိုင်းကို လူသားချင်းစာနာထောက်ထားမှု၊ ပံ့ပိုးမှုတွေကိုလည်း လုံးဝဖော်ပြခဲ့ခြင်း မရှိတာကိုလည်း တွေ့ရပါတယ်၊ နိုင်ငံတော်အစိုးရအနေနဲ့ အခက်အခဲကြားက ကြိုးစားတည်ဆောက်နေရတဲ့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို အလေးမထားခြင်းကို ဖော်ပြနေတယ်လို့ မှတ်ယူရပါမယ်။ အောက်တိုဘာမှ ကျင်းပမယ့် ကုလသမဂ္ဂအထွေထွေ ညီလာခံမှာ တင်သွင်းတဲ့ အထူးကိုယ်စားလှယ်ရဲ့ အစီရင်ခံစာမှာ တရားမျှတမှုတွေ နည်းတာကို တွေ့ရပါတယ်။ ဘက်လိုက်မှုမကင်းတဲ့ အစီရင်ခံစာ ဖြစ်သွားရင် အစီရင်ခံစာပါအကြောင်းအရာတွေကြောင့် ဆွေးနွေးဆုံးဖြတ်ကြရင် မှားယွင်းတဲ့ဆုံးဖြတ်ချက်တွေဖြစ်ပေါ် လာနိုင်တဲ့အတွက် ပြင်းထန်စွာ ကန့်ကွက်ကြောင်း အရေးကြီးအဆိုကို တင်သွင်းရပါတယ်" ဟု ဒေါ်သန္တာက ပြောကြားသည်။

ယနေ့တင်သွင်းသည့် အရေးကြီးအဆိုနှင့် စပ်လျဉ်းပြီး ပြည်ကြီးတံခွန် မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်းက ထောက်ခံဆွေးနွေးပြီး လွှတ်တော်က အဆိုအား ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ကာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဇူလိုင် ၂၄ ရက် ညနေပိုင်း နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။ **သူရဇော်၊ မွေးကြူဇင်(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

လောလောဆယ်အနေဖြင့် အထူးကြပ်မတ်စောင့်ကြပ် ကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ A(H1N1)2009 နှင့်ပတ်သက်၍ ယခုနှစ် ဇူလိုင်လအတွင်း ချင်းပြည်နယ် မတူပီမြို့ပေါ်ရပ်ကွက်အချို့တို့တွင် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) A(H1N1)2009 ဓာတ်ခွဲအတည်ပြုပြီး လူနာ ၁၀ ဦးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လူနာနှစ်ဦး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးတွင် တစ်ဦး စုစုပေါင်း ဇူလိုင်လအတွင်း ၁၃ ဦးကို အတည်ပြုနိုင်ခဲ့သည်။ ချင်းပြည်နယ်မှ ယင်း Seasonal Influenza A(H1N1)2009 ဓာတ်ခွဲအတည်ပြုပြီး လူနာ ၁၀ ဦးမှာ ယခုအခါ သက်သာ ပျောက်ကင်းသွားပြီဖြစ်ပြီး ရန်ကုန်မြို့ဆေးရုံကြီးများတွင် တက်ရောက်ကုသမှုခံယူနေသော အဆိုပါလူနာသုံးဦးမှာ ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိကာ ချင်းပြည်နယ်တွင် အဆိုပါရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)2009 အတည်မပြုသေးသူ လူနာတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ အေးကိုကိုက ယနေ့ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲတွင် "အခုဆိုရင် ရန်ကုန်မှာရှိတဲ့ ဆေးရုံကြီးနှစ်ခုမှာ Seasonal Influenza A(H1N1)2009 အတည်ပြု လူနာသုံးဦး တက်ရောက်ကုသမှုခံယူနေပါတယ်။ အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦးပါ။ ဒီသုံးဦးမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာက အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှာ အမျိုးသမီးတစ်ဦး တက်ရောက်ကုသမှုခံယူနေပါတယ်။ အဲဒီလူနာတွေကို Seasonal Influenza A(H1N1)2009 အဖြစ် အတည်ပြုနိုင်တာကတော့ ဇူလိုင် ၁၉ ရက်မှာ တစ်ဦးကို အတည်ပြုနိုင်ခဲ့ပြီး ကျန်နှစ်ဦးကိုတော့ ဇူလိုင် ၂၁ ရက်မှာ အတည်ပြုနိုင်ခဲ့တာပါ။ ဒီလူနာသုံးဦးက လတ်တလော အထူးကြပ်မတ်ကုသဆောင်မှာပဲ ကုသမှုခံယူနေဆဲဖြစ်ပါတယ်။ လောလောဆယ်အနေနဲ့ တိကျပြတ်သားတဲ့အဖြေကိုတော့ ပေးလို့မရသေးပါဘူး၊ အထူးကြပ်မတ်စောင့်ကြပ်ကုသပေးနေဆဲဖြစ်ပါတယ်" ဟု ပြောကြားသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ဆောင်တွင် တက်ရောက်ကုသမှုခံယူနေသော လူနာ နှစ်ဦးမှာ ဧရာဝတီတိုင်းဒေသကြီး အသုတ်မြို့မှ အသက် ၃၅ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးနှင့် နောက်လူနာတစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် နေထိုင်လျက်ရှိသော အသက် ၃၅ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး သုံးဦးမြောက် လူနာတစ်ဦးမှာ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် တက်ရောက်ကုသမှုခံယူနေသော အသက် ၂၂ နှစ်အရွယ်ရှိ နေပြည်တော် ပျဉ်းမနားမြို့ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသူတစ်ဦးဖြစ်ကြောင်း သိရသည်။

"အခုရာသီက တုပ်ကွေးရာသီပါ။ နှစ်တိုင်းလည်းဖြစ်နေကျပါပဲ။ တချို့ဆိုမိသားစုအားလုံးဖြစ်ကြတယ်။ ကာကွယ်လို့ရတဲ့ ရောဂါပါ။ ဘယ်လိုကူးလဲဆိုတာသိဖို့လိုတယ်။ ဘယ်လိုကူးစက်လဲသိရင် ဘယ်လိုကာကွယ်ရမလဲဆိုတာပြောလို့ ရတယ်။ ကူးစက်နိုင်တာက တိုက်ရိုက်ထိတွေ့ခြင်းအားဖြင့် ကူးတယ်။ အသက်ရှူလမ်းကြောင်းကနေ ရောဂါပိုးလေထဲမှာ ပျံ့နှံ့ပြီးတော့ အဲဒီကတစ်ဆင့် အသက်ရှူမိတဲ့သူတွေကို ကူးတယ်။ ဒီနှစ်ချက်နဲ့ကူးတာပါ။ တစ်ကိုယ်ရေသန့်ရှင်းမှု၊ အထူးသဖြင့် လက်သန့်ရှင်းမှု အထူးအရေးကြီးပါတယ်။ နှာချေတယ်၊ ချောင်းဆိုးတယ်ဆိုရင်လည်း လက်ကိုင်ပဝါအုပ်ပြီး နှာချေဖို့၊ ချောင်းဆိုးဖို့လိုပါတယ်။ ကာကွယ်ဖို့က အလွန်အရေးကြီးပါတယ်။ ဒီလိုရောဂါမျိုးက ကိုယ်ခံအားနည်းတဲ့အချိန်မှာ ဖြစ်တတ်တာပါ။ အစား၊ အအိပ်မှန်တဲ့သူ၊ ကိုယ်ခံအားကောင်းတဲ့သူတွေမှာ မကူးစက်နိုင်ပါဘူး။ ဒီရာသီမှာကိုယ်ခံအားနည်းတဲ့သူ၊ အသက်ကြီးတဲ့သူတွေ၊ ကလေးတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေ အထူးဂရုစိုက်ဖို့ လိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီရောဂါက ထူးဆန်းတဲ့ရောဂါမဟုတ်ဘူး။ နှစ်တိုင်း အနည်းနဲ့အများတွေ့နေရတာပါ၊ ကျွန်တော်တို့နိုင်ငံလိုပဲ တခြားအိမ်နီးချင်းနိုင်ငံတွေမှာလည်း ဒီရာသီမှာအဖြစ်များကြပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူး ဒေါက်တာဝင်းလွင်က ယနေ့ပြည်သူများ စိုးရိမ်နေသော ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) A(H1N1)2009 နှင့်ပတ်သက်၍ ရှင်းပြသည်။

မြန်မာနိုင်ငံ၌ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) A(H1N1)2009 သည် ပြီးခဲ့သော ၂၀၀၁ ခုနှစ်တွင် တာချီလိတ်မြို့၌ စတင်ကာအကြီးအကျယ်ဖြစ်ပွားခဲ့ပြီး ယင်းနောက် နှစ်စဉ် အနည်းနှင့် အများဖြစ်ပွားခဲ့ကာ ၂၀၀၉ ခုနှစ်တွင် ကမ္ဘာ့ကပ်ရောဂါတစ်ခုအဖြစ်ပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံသာမက အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ အိန္ဒိယ၊ မော်လ်ဒိုက်နှင့် သီရိလင်္ကာနိုင်ငံတို့တွင်လည်း ယခုကဲ့သို့သောရာသီမျိုး၌ ဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်းနှင့် နှစ်စဉ်မိုးရာသီနှင့် ဆောင်းရာသီအဝင်တို့တွင် ယင်းကဲ့သို့ ရာသီတုပ်ကွေးရောဂါများ ဖြစ်ပွားလေ့ရှိကြောင်းသိရသည်။ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) A(H1N1)2009 သည် ယခင် ၂၀၀၁ ခုနှစ် စတင်ဖြစ်ပွားစဉ်က ဦးနှောက်အမြှေးပါးရောင်လက္ခဏာ အသွင်သဏ္ဍာန်ရှိခဲ့ပြီး ယခုနောက်ပိုင်းတွင် ပြင်းထန်အဆုတ်ရောင် ရောဂါလက္ခဏာ ပြသခဲ့ကြောင်း သိရသည်။

ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) A(H1N1)2009 အပါအဝင် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုသည် ကမ္ဘာ့လူဦးရေ ၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ နှစ်စဉ် ဖြစ်ပွားလျက်ရှိပြီး ရောဂါဖြစ်ပွားသူ၏ ၁ ရာခိုင်နှုန်းအောက်သာသေဆုံးမှုရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ အဆိုပါရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် အလွန်စိုးရိမ်ကြောင့်ကြမှုရှိရန်မလိုဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော ရောဂါကြိုတင်ကာကွယ်နှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ကြရန်နှင့် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ကုသမှုခံယူရန် လိုအပ်ကြောင်း ယနေ့စာနယ်ဇင်းရှင်းလင်းပွဲတွင် ဆရာဝန်ကြီးများက ပြောကြားသွားသည်။

# အဝေးသင်တက္ကသိုလ်များ၏ Assignment များ အင်တာနက်သုံးပြီး လက်ကိုင်ဖုန်းဖြင့်ဖြေဆိုမှုကို ၂၀၁၈ ခုနှစ်တွင် စီစဉ်ထား

**နေပြည်တော်  ဇူလိုင် ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မေးခွန်း (၆) ခု မေးမြန်း ဖြေကြားခြင်း၊ အရေးကြီးအဆိုတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာ ဦးလှမိုး၏ **၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် နိုင်ငံနှင့်အဝန်း ထက်၊ လယ်၊ မူ ကျောင်းပေါင်း ၅၀၀၀ ကျော်အား အဆင့်တိုးမြှင့်ပေးခဲ့ရာ လိုအပ်သော ဆရာ၊ ဆရာမ ပြည့်စုံစွာ တိုးမြှင့်ခန့်ထားရန် အစီအမံများ ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံ ပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်း များ၌ ဆရာ၊ ဆရာမ ခန့်ထားရာတွင် ဆရာနှင့် ကျောင်းသား အချိုးမျှတရေး၊ ဘာသာရပ် ကိုက်ညီ မှုရှိရေး စသည်တို့ကို အဓိကထား ထည့်သွင်း စဉ်းစားပြီး ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဖြည့်ဆည်းခန့်ထားလျက်ရှိပါကြောင်း။

**ဘဏ္ဍာငွေခွဲဝေရရှိမှု**

အဆင့်တိုးမြှင့်ပေးသည့် ကျောင်းများ အတွက် လိုအပ်သော ဆရာ၊ ဆရာမများကို ပညာရေးတက္ကသိုလ်များနှင့် ပညာရေးကောလိပ် များမှ သင်တန်းဆင်း ဆရာ၊ ဆရာမများနှင့် လည်းကောင်း၊ ဘဏ္ဍာငွေခွဲဝေ ရရှိမှုအပေါ် မူတည် ပြီး မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်များအတွက် လိုအပ်သော ဆရာ၊ ဆရာမဦးရေအရ နေ့စားလပေး ဆရာ၊ ဆရာမများ ဖြည့်ဆည်းခန့်ထားနိုင်ရန်အတွက် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆရာ တစ်ဦးအတွက် လိုအပ်သော အရည်အချင်းများ ပြည့်ဝရေးအတွက် သတ်မှတ်အရည်အချင်းများ အရ စိစစ်ရွေးချယ်၍ ဒေသခံများကို ဦးစားပေးကာ လိုအပ်သော သင်တန်းများပေးပြီး စီမံဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန် အစည်းအဝေး ၃၂ ရက်မြောက်နေ့ ကျင်းပစဉ်

ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ခင်၏ **ပြင်ဦးလွင်မြို့နယ် ပြင်စာ၊ ရေငယ်၊ ရွှေသင်း အ.ထ.က(ခွဲ) ကျောင်းများအား အထက် တန်းကျောင်းအဆင့်သို့ လည်းကောင်း၊ ဟိုလိပ်၊ ကံဗျူး၊ ပြင်ကြီး၊ ပိန္နဲကုန်း အ.လ.က(ခွဲ)များကို အလယ်တန်း ကျောင်းအဆင့်သို့ လည်းကောင်း ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီးက ပြင်ဦးလွင်မြို့နယ်မှ အခြေခံပညာ မူလတန်းကျောင်း သုံးကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း သုံးကျောင်း၊ အခြေခံ ပညာအလယ်တန်းကျောင်း (ခွဲ) ခုနစ်ကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း ကိုးကျောင်း စုစုပေါင်းအခြေခံပညာ ကျောင်းပေါင်း ၂၂ ကျောင်းအား အဆင့်တိုးမြှင့်ပေးခဲ့ပါကြောင်း။

**ကျောင်းအဆင့် တိုးမြှင့်ပေးရန်**

အခြေခံပညာ ဦးစီးဌာနအနေဖြင့် ကျောင်း အဆင့် တိုးမြှင့်ပေးရန်အတွက် စိစစ်ရာတွင် ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ အထက်တန်း အဆင့် သင် ကျောင်းသား၊ ကျောင်းသူဦးရေ ၁၀၆ ဦးရှိပြီး ပင်မကျောင်းဖြစ်သော အနီးစခန်း အခြေခံပညာ အထက်တန်းကျောင်းနှင့် ကုန်းလမ်းခရီး ၉ မိုင် ခန့်ကွာဝေးပါကြောင်း၊ ရေငယ်ကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)၌ အထက်တန်း အဆင့်သင်ကျောင်းသား၊ ကျောင်းသူဦးရေ ၁၀၆ ဦးရှိပြီး ပင်မကျောင်းဖြစ်သည့် အမှတ်(၁)အခြေခံ ပညာ အထက်တန်းကျောင်းနှင့် ကုန်းလမ်းခရီး ၅ မိုင်ခန့်ကွာဝေးသည်ကို တွေ့ရပါကြောင်း။

ထို့ပြင် ရွှေသင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အထက်တန်းအဆင့် သင် ကျောင်းသား၊ ကျောင်းသူဦးရေ ၆၅ ဦးရှိပြီး ပင်မကျောင်းဖြစ်သော အနီးစခန်း အခြေခံပညာ အထက်တန်းကျောင်းနှင့် ကုန်းလမ်းခရီး ကိုးမိုင် ခန့် အသီးသီးကွာဝေးကြသည်ကို စိစစ်တွေ့ရှိရ ပါကြောင်း၊ ထို့ကြောင့် အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ) သုံးကျောင်းသည် သတ်မှတ်မှုနှင့် မကိုက်ညီသည့်အတွက် ကျောင်းအဆင့် တိုးမြှင့် ပေးခြင်း မရှိပါကြောင်း၊ ကျန်ရှိသည့် ဟိုလိပ် ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ ကံဗျူးကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)၊ ပြင်ကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် ပိန္နဲကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) တို့သည် သတ်မှတ်မှုများနှင့် ကိုက်ညီသည့်အတွက် ၂၀၁၇ ခုနှစ် မေလ ၂၃ ရက်တွင် အခြေခံပညာအလယ် တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

**လက်ကိုင်ဖုန်းများဖြင့် ဖြေဆိုမှုစနစ်**

ကျောက်ဆည် မဲဆန္ဒနယ်မှ ဒေါက်တာ ဦးတင်အောင်၏ **အဝေးသင်တက္ကသိုလ်များတွင် Assignment ဖြေဆိုတင်သွင်းမှုများကို အင်တာ နက်အသုံးပြု၍ လက်ကိုင်ဖုန်းများဖြင့် ဖြေဆိုမှု စနစ် ပြောင်းလဲကျင့်သုံးနိုင်မှု ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် **အဝေးသင် တက္ကသိုလ်များတွင် Assignment ဖြေဆို တင်သွင်းမှုများကို အင်တာနက်အသုံးပြု၍ လက်ကိုင်ဖုန်းများဖြင့် ဖြေဆိုမှုစနစ်**ကို ပြောင်းလဲ ကျင့်သုံးဆောင်ရွက်နိုင်ပါကြောင်း၊ ၂၀၁၇ ပညာ သင်နှစ်အတွက် Assignment မေးခွန်းများကို ကျောင်းသား၊ ကျောင်းသူများထံသို့ ဖြန့်ဝေပြီး ဖြစ်သည့်အပြင် ၂၀၁၈ ပညာသင်နှစ်အတွက် လည်း Assignment မေးခွန်းများနှင့် အဖြေလွှာ များကိုကြိုတင်ပြင်ဆင် ဆောင်ရွက်ထားပါ ကြောင်း၊ အဝေးသင်တက္ကသိုလ်များ၏ Assignment ဖြေဆိုတင်သွင်းမှုများကို အင်တာနက် အသုံးပြုပြီး လက်ကိုင်ဖုန်းများဖြင့် ဖြေဆိုမှုစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ရန်အတွက် Pilot Survey တစ်ခုကို ၂၀၁၈ ခုနှစ်တွင် ပြုလုပ်ရန် စီစဉ် ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

**အဝေးသင်တက္ကသိုလ်များတွင် Assignment ဖြေဆိုတင်သွင်းမှုများကို အင်တာနက် အသုံးပြု၍ လက်ကိုင်ဖုန်းများဖြင့် ဖြေဆိုမှုစနစ်**

*စာမျက်နှာ ၈ သို့*

# အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပါအဝင် ဥပဒေကြမ်းလေးခုအား လွှတ်တော်အဆုံးအဖြတ်ရယူ

**နေပြည်တော်  ဇူလိုင် ၂၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ကျော်ဆွေဦး အစား ဗိုလ်မှူးချုပ် တင့်လွင်အား လည်းကောင်း၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ် ကိုကိုဝင်း အစား ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်အား လည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြ၍ အတည် ပြုချက်ရယူသည်။

**ရန်ပုံငွေ အကန့်အသတ်**

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ရေကင်းတိုက်နယ် ရေကင်းရွာကြီးသို့ မိုးညိုမြို့ 33KV ဓာတ်အားခွဲရုံမှ 11KV ဓာတ်အားလိုင်း ခွဲဝေပေးပို့ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မိုးညိုမြို့နယ်အတွင်းရှိ ရေကင်းတိုက်နယ် ရေကင်းကျေးရွာအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီလိုင်း ၁၀ ဒသမ ၅ မိုင်၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံးနှင့် ၄၀၀ ဗို့ဓာတ်အား လိုင်း တစ်မိုင် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်းများ တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၏ ရန်ပုံငွေထဲတွင် တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေ အကန့်အသတ်ကြောင့် အဆိုပါကျေးရွာအတွက် တည်ဆောက် ပေးရမည့်လုပ်ငန်းများ ကျန်ရှိခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဖြည့်စွက်ရန်ပုံငွေ တောင်းခံသည့်အချိန် တွင် ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ဘတ်ဂျက်ရန်ပုံငွေတွင် ထပ်မံတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများအား ကျေးရွာ၏ ကိုယ့်အားကိုယ်ကိုး ရန်ပုံငွေဖြင့် တည်ဆောက်ရန် လိုအပ်ပါ ကြောင်း ဖြေကြားသည်။

**မဟာဗျူဟာစီမံကိန်း**

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၏ **ပါတီစုံဒီမိုကရေစီစနစ်အရ မြန်မာနိုင်ငံတွင် ငါးနှစ်တစ်ကြိမ် ကျင်းပလျက်ရှိသော အထွေထွေရွေးကောက်ပွဲများတွင် ဆန္ဒမဲ ပေးခွင့်ရှိသူအားလုံး သို့မဟုတ် မဲဆန္ဒရှင်အများစု ဆန္ဒမဲ ပေးစေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုများ သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုများကို ယခုထက် ပိုမိုဆောင်ရွက်ရန် အစီ အစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ မဟာဗျူဟာစီမံကိန်းတွင် ပြည်သူများနှင့် မဲဆန္ဒရှင်များအား အသိပညာပေးခြင်း ခေါင်းစဉ်ဖြင့် အခန်းကဏ္ဍတစ်ရပ်ကို ထည့်သွင်းရေးဆွဲခဲ့ပြီး မဲဆန္ဒရှင် အသိ ပညာပေးခြင်း လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်စေရန် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါ ကြောင်း။

ယခင်ကျင်းပခဲ့သော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ထက် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသည့် မဲဆန္ဒနယ်များတွင် ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးနိုင် စေရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်း စဉ်များကို ကဏ္ဍပေါင်းစုံမှ နည်းလမ်းပေါင်းစုံဖြင့် ပိုမိုဆောင် ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက် ပွဲများတွင်လည်း မဲဆန္ဒရှင်ပြည်သူများမှ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအပေါ် ပိုမိုစိတ်ပါဝင်စားလာစေရန်နှင့် ပိုမို ပူးပေါင်းပါဝင်လာစေရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်း၍ မဲဆန္ဒရှင် အသိပညာပေးခြင်းကို ပိုမိုကျယ်ပြန့်စွာ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း ဖြေကြား သည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးကင်းရှိန်၊ ရှောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်အိအိပြုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမင်းနိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။


ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၁ ရက်မြောက် နေ့ကျင်းပစဉ်

**အဆုံးအဖြတ်ရယူအတည်ပြု**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာ သော အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား လွှတ်တော်၏ အဆုံး အဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံ ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးပြုံးလွင်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်း အဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာတွင် ဒုတိယအကြိမ် အမျိုးသား လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များမှ အဆိုတစ်ခု၊ ကြယ်ပွင့်ပြ မေးခွန်း ၉၀ ခု၊ ကြယ်ပွင့်မပြ မေးခွန်း ၁၃၀ ခု စုစုပေါင်း ၂၂၀ ခု တင်သွင်းမေးမြန်းခဲ့ပါကြောင်း၊ အဆိုပါ လွှတ်တော်ကိုယ်စား လှယ်များ တင်သွင်းမေးမြန်းခဲ့သည့်အဆို၊ ကြယ်ပွင့်ပြမေးခွန်း များ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ ကတိဖြစ်ပေါ်မှု စိစစ်နိုင်ရေးအတွက် ကော်မတီအဖွဲ့ဝင်များကို အဖွဲ့ခြောက်ဖွဲ့ခွဲ ၍ ဝန်ကြီးဌာနများအလိုက် စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း။

ကော်မတီ၏ စိစစ်ချက်အရ ကတိဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့် ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာန ခုနစ်ခုနှင့်၊ တိုင်းဒေသကြီး / ပြည်နယ်

*စာမျက်နှာ ၈ သို့*

*ပြည်သူ့လွှတ်တော် မှ*

ဆောင်ရွက်နိုင်ပါက စာစဉ်အဖြေလွှာများကို စစ်ဆေးရာတွင် အသုံးပြုရမည့် ဆော့ဝဲများ လိုအပ်ခြင်း၊ အိုင်တီနည်းပညာ ကျွမ်းကျင်ရန် အတွက် သင်တန်းများပို့ချရန် လိုအပ်ခြင်း၊ Website တည်ထောင်ရေးနှင့် ထိန်းသိမ်းရေး အတွက် လိုအပ်ခြင်း၊ နည်းပညာအကူအညီနှင့် အိုင်တီပညာရှင်များ လိုအပ်မှုများရှိခြင်း စသည့် လိုအပ်ချက်များကို ပြည့်စုံအောင် ဖြည့်ဆည်းပြီး Pilot Survey မှ ရရှိလာမည့် လိုအပ်ချက်များ ကို ဖြည့်ဆည်းဆောင်ရွက်ရန်လည်း လိုအပ် သည့်အတွက် အဝေးသင်တက္ကသိုလ်များတွင် Assignment ဖြေဆိုတင်သွင်းမှုများကို အင်တာနက်အသုံးပြု၍ လက်ကိုင်ဖုန်းများဖြင့် ဖြေဆိုမှုစနစ်ကို အကောင်အထည်ဖော်ဆောင် ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့ပြင် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာ ဦးသန်းအောင်စိုး၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာနှင့် ကံမ မဲဆန္ဒနယ်မှ ဦးစိန်ဟန်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**ထောက်ခံဆွေးနွေး**

ထို့နောက် အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာက **ဇူလိုင် ၂၁ ရက်က ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာ ကန့်ကွက်ကြောင်း** အရေးကြီးအဆိုကို တင်သွင်းရာ ပြည်ကြီးတံခွန် မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်းက ထောက်ခံ ဆွေးနွေးသည်။

အရေးကြီးအဆို နှင့်စပ်လျဉ်းပြီး လွှတ်တော်က အဆိုအား ဆက်လက်ဆွေးနွေးရန်ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဇူလိုင် ၂၄ ရက် ညနေပိုင်း နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးဝင်းမြင့်က ကြေညာသည်။

ယင်းနောက် **ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဘားအံ မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ မကွေး မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးဉာဏ်လင်းနှင့် မိုးမောက် မဲဆန္ဒနယ်မှ ဦးဝင်းအောင်တို့က အကြံပြုဆွေးနွေးကြသည်။

**ထိရောက်စွာ အကောင်အထည်ဖော်**

**ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်**က ကော်မတီ၏ အစီရင်ခံစာအား သုံးသပ်တင်ပြပါက တစ်နှစ်အတွင်း တင်ပြစာပေါင်း ၁၁၃၂ မှုရှိပြီး ဆောင်ရွက်ပြီးစီးမှုမှာ ၇၃၇ မှုရှိပါကြောင်း၊ ယင်း ၇၃၇ မှုမှာ မှတ်တမ်းတင်ခြင်း၊ သက်ဆိုင်ရာသို့ လွှဲပြောင်းခြင်းများဖြစ်ပြီး ဆောင်ရွက်ဆဲအမှု ၃၉၅ မှုဟု ဖော်ပြထားပါကြောင်း၊ ထို့ပြင် အစီရင်ခံစာ၏ စာမျက်နှာ ၈ တွင် အစီရင်ခံစာကာလအတွင်း ကြားနာမှုခုနစ်မှု ဆောင်ရွက်လျက်ရှိပြီး လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းရာတွင် မပါဝင်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကော်မတီ၏ ဆောင်ရွက်မှုများသည် ပေးအပ်ထားသော တာဝန်နှင့်နှိုင်းယှဉ်ရာတွင် အားနည်းနေးကွေး နေသည်ဟု အကြံပြုလိုပါကြောင်း၊ လွှတ်တော် ကော်မတီသည် လွှတ်တော်အငယ်စားများဖြစ်ပြီး ထိုလွှတ်တော် အငယ်စားများ အားကောင်းမှသာ လွှတ်တော်ကြီး အားကောင်းမည်ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ပေးအပ်ထားသော တာဝန်နှင့် ရည်ရွယ်ချက်ကောင်းများဖြင့် အစီရင်ခံစာအပိုဒ် ၃၇ အတိုင်း ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်ရန် အကြံပေးလိုပါကြောင်း အကြံပြုဆွေးနွေးသည်။

**အတည်ပြု**

ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြုပေးရန် ကော်မတီဝင် မန်စီ မဲဆန္ဒနယ်မှ ဦးခင်ဖေလင်းက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ဇူလိုင် ၂၅ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **သူရဇော်(သတင်းစဉ်)**

*အမျိုးသားလွှတ်တော် မှ*

အစိုးရအဖွဲ့ ခုနစ်ခုတို့မှ တာဝန်ရှိသူများဖြင့်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနရှစ်ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ လေးခုတို့မှ တာဝန်ရှိသူများဖြင့် လည်းကောင်း ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါကြောင်း၊ ကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရ အဖွဲ့များမှ တာဝန်ရှိသူများနှင့် အစည်းအဝေး အတည်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း ၉၀ ခုတွင် ၅၀ ခု ကတိဖြစ်ပေါ်ခဲ့ပြီး ၄၀ ခု ကတိမဖြစ်ပေါ်ခဲ့ပါကြောင်း၊ ကြယ်ပွင့်မပြ မေးခွန်း ၁၃၀ ခုတွင် ၇၆ ခု ကတိဖြစ်ပေါ်ခဲ့ပြီး ၅၄ ခု ကတိမဖြစ်ပေါ်ခဲ့ပါကြောင်း ပြောကြားသည်။

**ဖတ်ကြားတင်သွင်း**

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ကော်မတီဝင် ဦးစောချစ်ဦးက ဆက်လက်ဖတ်ကြား တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**

ယင်းနောက် အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ကော်မတီဝင် ဦးညီညီထွေး (ခ) ဦးကိုကိုလေးက အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

**အမည်စာရင်းတင်သွင်းနိုင်**

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**အစည်းအဝေးကာလအတွင်း**

ယင်းနောက် အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ကော်မတီ အတွင်းရေးမှူး ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက် က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ဆက်လက်ကျင်းပသွားမည်**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၂ ရက်မြောက် နေ့ကို ဇူလိုင်လ ၂၅ ရက် တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့် (သတင်းစဉ်)**

# ဆိုလာစနစ်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် Quasar Resources LLC အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာနည်းပညာမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မည့် စီမံကိန်းအစီအစဉ်များ၊ ဆိုလာစနစ်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်း၊ တိုးတက်ပြောင်းလဲလာမှု အခြေအနေများ၊ ဓာတ်အားခန့်မှန်းထားများနှင့် စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဝတီနှင့်ဒုဋ္ဌဝတီမြစ်ရေဝင်မှုကြောင့် အိမ်ခြေ ၃၀၀၀ ကျော်နှင့် လူဦးရေ ၁၅၀၀၀ ကျော်အား ပြောင်းရွှေ့နေရာချထား

**မန္တလေး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ရေဝတီနှင့် ဒုဋ္ဌဝတီမြစ်ရေဝင်ရောက်မှုကြောင့် အိမ်ခြေပေါင်း ၃၅၉၇ လုံးနှင့် လူဦးရေ ၁၅၀၆၅ ဦးတို့အား ယာယီပြောင်းရွှေ့ နေရာချထားကြောင်း တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ဇူလိုင် ၂၀ ရက် စာရင်းများအရ သိရသည်။

အဆိုပါ တိုင်းဒေသကြီးအတွင်း မြစ်ရေဝင်ရောက်မှုကြောင့် မြို့နယ်လေးမြို့နယ်မှ ယာယီပြောင်းရွှေ့နေထိုင်ခြင်းဖြစ်ပြီး ၎င်းလေးမြို့နယ်အနက် အမရပူရတွင် အိမ်ခြေ ၉၄၇ လုံး၊ အိမ်ထောင်စု ၉၇၂ စုနှင့် လူဦးရေ ၄၃၇၈ ဦး၊ ပုသိမ်ကြီးတွင် အိမ်ခြေ ၂၀၊ အိမ်ထောင်စု ၂၈ စုနှင့် လူဦးရေ ၉၁ ဦး၊ မြင်းခြံ တွင်အိမ်ခြေ ၁၅၂၁ လုံး၊အိမ်ထောင်စု ၁၅၂၅ စုနှင့် လူဦးရေ ၅၇၅၈ ဦးနှင့် ညောင်ဦးမြို့နယ်တွင် အိမ်ခြေ ၁၁၀၉ လုံး၊ အိမ်ထောင်စု ၁၁၈၂ စုနှင့် လူဦးရေ ၄၉၃၈ ဦးတို့ ဖြစ်သည်။

"ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးထဲမှာ ရေက ညောင်ဦးကလွဲပြီး စိုးရိမ်ရေမှတ်အထိ မရောက်သေးဘူး။ ညောင်ဦးမှာတော့ ခရိုင်ရုံးကနေ ကွပ်ကဲကြီးကြပ်ပြီး လိုအပ်တာတွေ ဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့ဌာနနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ရေဘေးသင့်ပြည်သူတွေအတွက် လိုအပ်တဲ့ အခါမှာ ထောက်ပံ့ကူညီပေးဖို့ အဆင်သင့်ဆောင်ရွက်ထားပါတယ်။ လက်ရှိမှာလည်း ရေဝင်တဲ့ဒေသတွေအတွက် သောက်ရေ အခက်အခဲမရှိအောင် ပရဟိတအဖွဲ့တွေကို ရေသန့်တွေ ထုတ်ပေးခဲ့ပါတယ်"ဟုအဆိုပါဌာနမှ တိုင်းဒေသကြီးဒုတိယ ညွှန်ကြားရေးမှူး ဦးနေမျိုးထွန်းက ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မန္တလေးခရိုင် ကျောင်းပေါင်းစုံ အခြေခံဘောလုံးသင်တန်းဖွင့်

**မန္တလေး ဇူလိုင် ၂၄**

YOUTH DEVELOPMENT PILOT PROJECT COMMITTEE က ကြီးမှူးဖွင့်လှစ်သည့် မန္တလေးခရိုင် ကျောင်းပေါင်းစုံ အခြေခံဘောလုံးသင်တန်းတွင် မန္တလေး ခုနစ်မြို့နယ်အတွင်းရှိ ကျောင်းများမှ အသက် ၁၁ နှစ် အောက် ကျောင်းသား လူငယ်မောင်မယ် ၃၁၅ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလအတွင်းရှိ ရက်သတ္တပတ်တိုင်းတွင် တစ်ပတ်တစ်လျှင် သုံးရက် (ကြာသပတေး၊ သောကြာ၊ စနေ)ဖြင့် ဇူလိုင် ၂၇ ရက်မှ စတင်၍ အခြေခံဘောလုံးသင်တန်းကို သင်ကြားပေးမည်ဖြစ်သည်။



ယနေ့ နံနက် ၈ နာရီတွင် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဗထူးအားကစားကွင်း၌ ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီနှင့် ဥက္ကဋ္ဌ၊ YDPP ဒေါ်မေမြတ်နွယ်က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး တိုင်းပညာရေးဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူး (စီမံဌာန) ဦးခင်မောင်မြင့်က သင်တန်းသားများအား အားပေးစကားပြောကြားခဲ့သည်။ အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်များအလိုက် အခြေခံဘောလုံးသင်တန်းသား ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) တင်မောင်(မန်းကိုယ်ပွား)**

# ရွှေကျင်မြို့၌ စစ်တောင်းမြစ်ရေတက်ခြင်းကြောင့် ကျေးရွာများနှင့် မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များရေမြုပ်

**ညောင်လေးပင် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၌ စစ်တောင်းမြစ်ရေ မြင့်တက်ခြင်းကြောင့် ဇူလိုင် ၂၄ ရက် ညနေ ၃နာရီခွဲ တိုင်းထွာချက်အရ ၁၁၅၃ စင်တီမီတာသို့ရောက်ရှိပြီး စစ်တောင်းမြစ်၏ စိုးရိမ်ရေမှတ်မှာ ၁၀၇၀ စင်တီမီတာဖြစ်သောကြောင့် စစ်တောင်းမြစ်ဘေးကျေးရွာများနှင့် ရွှေကျင်မြို့ပေါ်ရှိ အနိမ့်ပိုင်း ညောင်ဝိုင်း တရုတ္တန်းရပ်ကွက်အတွင်း ရေနစ်မြုပ်မှုများဖြစ်လျက်ရှိသည်။

အဆိုပါရေနစ်မြုပ်မှုကြောင့် ညောင်ဝိုင်းတရုတ္တန်း ရပ်ကွက်အတွင်ရှိ အိမ်ထောင်စု ၈၃ စု၊ လူဦးရေ ၃၆၇ ဦးအား ရွှေတောင်ဦးကုန်းရှိ တောင်ပိုင်ကျောင်းနှင့် ကမ္ဘောဌာန်းကျောင်းတို့တွင် ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိပြီး မြို့နယ် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီ၏ ပူပေါင်းမှုဖြင့် ရွှေကျင်တပ်ရင်းတပ်ဖွဲ့မိသားစုများက ဆန် ၊ ဆီ ၊ ပဲ၊ ဆား၊ကြက်ဥများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့များက ထမင်းထုပ်များ ဝေငှခဲ့ကြသည်။

ရွှေကျင်မြို့နယ်၌ ရေကြီးနစ်မြုပ်အိမ်ထောင်စု စုစုပေါင်း ၁၅၁ စု၊ လူဦးရေ ၆၆၂ ဦးရှိပြီး ရေကြီးနစ်မြုပ်မှုကြောင့် စုစုပေါင်း စာသင်ကျောင်း ၁၂ ကျောင်းကို ယာယီပိတ်ထားရသည်။ ယာယီပြောင်းရွှေ့နေထိုင်ကြသော ပြည်သူများအဆင်ပြေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်များကို တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်မောင်လွင် (ညောင်လေးပင်)**

# မြန်မာအမျိုးသမီးဖူဆယ်အသင်းခြေစမ်းပွဲများ ဆက်လက်ယှဉ်ပြိုင်

**ဗန်ကောက် ဇူလိုင် ၂၄**

(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းသည် ခြေစမ်းပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် ဇူလိုင် ၂၃ ရက်အထိ ခြေစမ်းပွဲ လေးပွဲကစားထားရာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊တစ်ပွဲရှုံးနိမ့်ထားသည်။ မြန်မာအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲတွင် ထိုင်းလက်ရွေးစင်အသင်းနှင့်နှစ်ဂိုးစီ သရေကျခဲ့သည်။ မြန်မာအသင်းသည် ထိုင်းလက်ရွေးစင်အသင်းနှင့်ခြေစမ်းပွဲနှစ်ပွဲတွင် တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ကန်ဆမ်ဘစ် တက္ကသိုလ်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇူလိုင် ၂၅ ရက်တွင် အီရန်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

# အမ်းမြို့နယ်၌ ချောင်းကမ်းနားနေအိမ်များ ရေကြီးနစ်မြုပ်

**အမ်း ဇူလိုင် ၂၄**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ဇူလိုင်၂၃ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမ်းချောင်းရေမြင့်တက်လာရာ ချောင်းကမ်းနားရှိလူနေအိမ်များ ရေကြီးနစ်မြုပ်ခြင်း ဖြစ်ပွားလျက်ရှိသည်။

ရေကြီးနစ်မြုပ်ခြင်းကြောင့် ဈေးရပ်ကွက်၊ ဈေးတောင်ရပ်ကွက်၊ အောက်ရွာ၊ စခန်းမော်ရွာ စုစုပေါင်း အိမ်ထောင်စု ၂၃၉ စု၊ လူဦးရေ ၉၉၈ ဦးတို့အား သက်ဆိုင်ရာ တာဝန်ရှိသူများက စာသင်ကျောင်း၊ အမြင့်ပိုင်းနေအိမ်များသို့ ပြောင်းရွှေ့နေရာချထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဇူလိုင် ၂၄ ရက် မွန်းလွဲ၁ နာရီအထိ ရေလျော့ကျမှု မရှိသေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပြည်မြို့အတွင်းရှိ ရေဘေးရှောင်စခန်းများ၌ ရေဘေးသင့်ပြည်သူ ၁၂၁၄၉ အထိရှိလာ



**ပြည် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ရေဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးရှောင်ပြည်သူများအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီခွဲက ကွင်းဆင်းကြည့်ရှုပြီး ထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၄၂၇ စု လူဦးရေ ၁၆၅၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၅၀၀၀၀၀ နှင့် ဗလာစာအုပ်များ၊ စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ပြည်ခရိုင်အတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဇူလိုင် ၁၄ ရက်မှစတင်ကာ ပန်းတောင်း၊ ရွှေတောင်၊ ပြည်မြို့နယ်များရှိ အနိမ့်ပိုင်းရပ်ကွက်များ ရေစတင်ဝင်ရောက်လာခဲ့ပြီး ဇူလိုင် ၂၂ ရက်အထိ ဘေးလွတ်ရာနှင့် ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်သူ အိမ်ထောင်စု ၃၂၄၈ စု လူဦးရေ ၁၂၁၄၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ သိရသည်။

**ကိုလွင် (ဆွာ)**

## ရေကြီးမှုကြောင့် စာသင်ကျောင်းများ ယာယီပိတ်ထား

**တွံတေး ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဝက်ချောင်းကျေးရွာအတွင်းရှိ တွံတေးတူးမြောင်းနှင့် အုန်းပင်ချောင်း ချောင်းဘေးရှိ စာသင်ကျောင်းများ မြစ်ရေကြီးမှုကြောင့် အုန်းပင်ချောင်းကျေးရွာ အလယ်တန်းကျောင်းခွဲ၊ ချောင်းသစ်ကျေးရွာ မူလတန်းကျောင်း၊ ရေဝက်ချောင်းကျေးရွာ မူလတန်းကျောင်းများအတွင်းသို့ မြစ်ရေကြီးခြင်းကြောင့် မြစ်ရေဝင်ရောက်မှုရှိသဖြင့် ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ ကျောင်းများကို ယာယီပိတ်ထားကြောင်း သိရသည်။

တွံတေးတူးမြောင်း ရေအတက်အကျရှိသော်လည်း ရေတက်ချိန် ၃ နာရီခန့်ရှိကြောင်း သိရသည်။ တွံတေးတူးမြောင်း ရေအမြင့်ဆုံးတက်ချိန်များအထိ ကျောင်းများ ယာယီပိတ်ထားပြီး ရေလျော့နည်းသောရက်များတွင် ပိတ်ထားသောရက်များနှင့်အညီ အစားထိုးသင်ကြားပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူ ကျောင်းအုပ်ကြီးများထံမှ သိရသည်။

**မျိုးလှိုင် (တွံတေး)**

## ကျောင်းကုန်းမြို့၌ ဒါးကမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိ စာသင်ကျောင်း နှစ်ကျောင်း ပိတ်ထားရ

**ကျောင်းကုန်း ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ ဇူလိုင် ၂၄ ရက်က ဒါးကမြစ်ရေ လျှံတက်လာမှုကြောင့် စိုးရိမ်ရေမှတ် ၁၇ ပေသို့ ရောက်ရှိနေကြောင်း သိရသည်။ အနိမ့်ပိုင်းဒေသများမှ ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်မှုများ ရှိနေသော်လည်း ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားခြင်းမရှိသေးကြောင်း သိရသည်။

ယနေ့အချိန်ထိ ဒါးကမြစ်ရေတက်လာမှုကြောင့် အ.မ.က (အုန်းပင်စု)နှင့် အ.ထ.က(ဂုန်မင်း) ကျောင်းနှစ်ကျောင်း ပိတ်လိုက်ရပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**

## ပုသိမ်-ချောင်းသာ ကားလမ်းပြိုကျမှုဖြစ်ပွား

**ပုသိမ် ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း၌ ဇူလိုင် ၂၁ ရက်ကစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ပုသိမ်မြို့ပေါ်ရှိ အနိမ့်ပိုင်း ရပ်ကွက်များနှင့် ကမ်းနားလမ်း မြို့တော်ခန်းမရှေ့တို့တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားလျက်ရှိပြီး ခရီးသွားယာဉ်များ၊ ဈေးရောင်းဈေးဝယ်များ အခက်အခဲများနှင့် ကြုံတွေ့နေရသည်။

ထို့ပြင် ပုသိမ်-ချောင်းသာလမ်းတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်တိုင် ၄၀ နှင့် ဉတိုတံတား အနီးတွင် တိုးချဲ့ဖို့ထားသော တောင်တက်တောင်ဆင်း ကားလမ်းများ ရေစီးရေလာမရှိခြင်းကြောင့် တောင်စောင်းလမ်းများ ပြိုကျပျက်စီးခဲ့သဖြင့် ပုသိမ်-ချောင်းသာခရီးသည်တင် မော်တော်ယာဉ်များနှင့် အပန်းဖြေခရီးသွားယာဉ်များ ဂရုတစိုက်သွားလာနေရကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## ကျိုက်ထိုမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာများတွင် ရေပြန်လည်ကျဆင်း

**ကျိုက်ထို ဇူလိုင် ၂၄**

ကျိုက်ထိုမြို့နယ်၌ ဇူလိုင် ၂၀ ရက် ညပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအချို့တွင် နေအိမ်များအတွင်းသို့ ရေများဝင်ရောက်ခဲ့သည့်အတွက် ကယ်ဆယ်ရေးစခန်းခုနစ်ခု ဖွင့်လှစ်ပေးခဲ့ရာ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များကလည်း အလှူငွေ၊ စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များကို လာရောက်လှူဒါန်းပေးကြသည်။ ယခုအခါ ဇူလိုင် ၂၄ ရက် နံနက်ပိုင်းမှစ၍ ရေများပြန်လည်ကျဆင်းသွားသောကြောင့် ရန်ကုန်-မော်လမြိုင် ကားလမ်းမှာ ပုံမှန်သွားလာနိုင်ပြီး ရေဘေးသင့်ပြည်သူအချို့မှာ ၎င်းတို့၏ နေအိမ်များတွင် ပြင်ဆင်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်နေကြသော်လည်း ကယ်ဆယ်ရေးစခန်းများ ဆက်လက်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဧရာဝတီမြစ်ရေ ညောင်တုန်းမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ၊ ကျောင်း ၁၇ ကျောင်း ယာယီပိတ်ထား

**ညောင်တုန်း ဇူလိုင် ၂၄**

ဧရာဝတီမြစ်ရေသည် ညောင်တုန်းမြို့၌ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေ နှင့် အန္တရာယ်ရေမှတ် ၂၄ ဒသမ ၅ ပေအထက် ဆက်လက်တည်ရှိနေပြီး ဇူလိုင် ၂၄ ရက်က ၂၅ ဒသမ ၀၀ ပေတွင် ဆက်လက်တည်ရှိနေကြောင်း သိရသည်။ ဧရာဝတီမြစ်ရေသည် သိသိသာသာမြင့်တက်နေမှုကြောင့် ရေကာတာများ ပြင်ပမြေနိမ့်ပိုင်းရှိ ကျေးရွာများမှ လူနေအိမ်များမှာ ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရှိရသည်။

ရေကာတာပြင်ပ မြေနိမ့်ပိုင်းကျေးရွာများရှိ စာသင်ကျောင်းအချို့မှာ ကျောင်းသား ကျောင်းသူများ သွားလာရေးအခက်အခဲရှိနေခြင်းနှင့် ကလေးသူငယ်များ အန္တရာယ်ကင်းဝေးစေရေးအတွက် ယခုရက်ပိုင်းအတွင်း အခြေခံပညာမူလတန်းကျောင်း ၁၇ ကျောင်းကို ယာယီပိတ်ထားရကြောင်း သိရသည်။ **နေလင်း (ညောင်တုန်း)**

## စစ်တောင်းမြစ်ရေကြီးမှုကြောင့် လူနှင့် တိရစ္ဆာန်များ ပြောင်းရွှေ့ထားရ

**ကျောက်တံခါး ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး၌ ရေကြီးမှုများ နေရာအနှံ့ဖြစ်ပေါ်လျက်ရှိရာ ကျောက်တံခါးမြို့နယ်တွင်လည်း စစ်တောင်းမြစ်ရေ ကမ်းပြည့်ကမ်းလျှံဖြစ်ပြီး ချောင်းများရေလျှံကာ ကျေးရွာနှင့် ရပ်ကွက်အချို့များသို့ ရေများဝင်ရောက်ခဲ့ရာ ဇူလိုင် ၂၄ ရက်က လက်ခံကျေးရွာအုပ်စု ငါးဖယ်အင်းကျေးရွာတွင် ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကင်းဝေးစေရေးအတွက် လူနှင့် တိရစ္ဆာန်များ ရေလွတ်ရာသို့ ခေတ္တယာယီပြောင်းရွှေ့ထားရကြောင်း သိရသည်။

"အခု ကျွန်တော်တို့ ငါးဖယ်အင်းကျေးရွာမှာ အိမ်ခြေ ၉၀ လောက်ရှိပြီး အိမ်ခြေ ၂၀ လောက်က လူနဲ့ တိရစ္ဆာန်တွေ လုံးဝနေထိုင်လို့မရတဲ့အတွက် အဆင်ပြေတဲ့နေရာကို ပြောင်းရွှေ့နေရာချထားဖို့ ရပ်မိရပ်ဖ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေနဲ့ တိုင်ပင်ပြီး ရွာထိပ်ကုန်းမြေနေရာကို ယာယီပြောင်းရွှေ့ထားပါတယ်။ မိုးကလည်း ဆက်ရွာနေပြီး စစ်တောင်းမြစ်ရေက ကမ်းပြည့်ကမ်းလျှံဖြစ်နေပါတယ်။ ကျွန်တော်တို့ရွာက စစ်တောင်းမြစ်ကမ်းခြေနဲ့လည်း နီးပါတယ်။ ဆက်လက်ရေကြီးလာနိုင်တဲ့အတွက် ရေကြီးမှုသတင်းတွေကို အချိန်နဲ့တစ်ပြေးညီ အသံချဲ့စက်နဲ့ ကြေညာပေးနေပါတယ်" ဟု လက်ခံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက ပြောသည်။

**ခင်ကို (ကျောက်တံခါး)**

## မြစ်မခရေတိုးဝင်မှုကြောင့် ကျိုးပေါက်ပျက်စီးနေသောတာအား တာဖို့ခြင်းလုပ်ငန်းများဆောင်ရွက်



**သာယာဝတီ ဇူလိုင် ၂၄**

သာယာဝတီမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မြစ်မခရေတိုးဝင်မှုကြောင့် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်စိုး၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှိုင်ဝင်းတို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စံရွှေးကျေးရွာနှင့် ညောင်သာယာကျေးရွာသို့သွားသည့် တာလမ်း မိုင်တိုင်အမှတ် (၆/၄ နှင့် ၆/၅)အကြား တံတားအမှတ် (၂/၇) အနီး ရေတိုက်စားသဖြင့် စံရွှေးနယ်မြေစခန်းမှ စခန်းမှူး ရဲအုပ် တင်မောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များက ရေတိုက်စားသည့်နေရာများအား တုတ်ရိုက်ခြင်း၊ သဲအိတ်များချခြင်းတို့ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အလားတူ ဆက်လက်ကျိုးပေါက်လာမည့် တာများကိုလည်း နေ့စဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန့်ဇော် (ပြန်/ဆက်)**

## ဂွမြို့နယ်၌ အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား

**ဂွ ဇူလိုင် ၂၄**

ရခိုင်ပြည်နယ် ဂွမြို့၌ ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တွင် အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီတွင် တိုင်ကျိုး-ချောင်းသာ ကျေးရွာချင်းဆက်တံတား အလျား ပေ ၁၃၀၊ အနံ ငါးပေ၊ အမြင့် ၁၅ ပေနှင့် ကျိန္တလီမြို့ ဘဝင်-ရွာသစ်ကျေးရွာချင်းဆက်တံတား အလျား ပေ ၁၂၀၊ အနံ ခြောက်ပေ၊ အမြင့် ၁၃ ပေရှိ တံတားများမှာ ရေကြီးမှုကြောင့် မျောပါသွားခဲ့ပြီး ဘဝင်ကျေးရွာတွင် လူနေအိမ်လေးလုံးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မွန်းတည့် ၁၂ နာရီတွင် ရေကြီးရေလျှံမှုကြောင့် ဂွမြို့ ဆင်ကူးကျေးရွာတွင် လူနေအိမ် ၁၅ အိမ်နှင့် ကျောက်ချပ်ကျေးရွာတွင် လူနေအိမ်ခုနစ်လုံးတို့မှ ကလေးများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ပြီး မွန်းလွဲ ၂ နာရီတွင် ရွာသစ်ကုန်းကျေးရွာရှိ လူနေအိမ်လေးလုံးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။ ယခုအခါ ရေကျသွားပြီဖြစ်၍ ဘေးအန္တရာယ်မရှိတော့ကြောင်းနှင့် အခြားပျက်စီးဆုံးရှုံးမှုများ မရှိကြောင်း ဒေသအာဏာပိုင်များထံမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## လမ်းပိတ်ဆို့မှုအား ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ဖယ်ရှားရှင်းလင်း



**ပလက်ဝ ဇူလိုင် ၂၄**

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း ဇူလိုင် ၂၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပလက်ဝ-မတူပီကားလမ်း မိုင်တိုင်အမှတ် ၁၃၃ (၁/၂)ကြား၌ တောင်ကမ်းပါးပြိုကျပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ ပလက်ဝမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းအေး ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် လမ်းဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်ကျော် (ပလက်ဝ)**

# ကဘူးလ်၌ တာလီဘန်တို့၏ အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လူများစွာသေဆုံး

**ကဘူးလ် ဇူလိုင် ၂၄**

အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်မြို့အနောက်ပိုင်းတွင် တနင်္လာနေ့က တာလီဘန် အသေခံ တိုက်ခိုက်ရေးသမားများက အသေခံကားဗုံးဖောက်ခွဲမှုပြုလုပ်ခဲ့ရာ လူ ၃၅ ဦးထက်မနည်းသေဆုံးပြီး ၄၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရအာဏာပိုင်များက ပြောကြားခဲ့သည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် ပြီးခဲ့သည့်ရက်သတ္တပတ်အနည်းငယ်အတွင်း အာဖဂန်မြို့တော်အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများအနက် အဆိုးရွားဆုံးတစ်ခုဖြစ်လာခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားခဲ့သည့်နေရာကို ပိတ်ဆို့တားဆီးမှုများပြုလုပ်ခဲ့ကြသည်။

ကားဗုံးဖောက်ခွဲမှုသည် အစိုးရအဖွဲ့ဒုတိယအမှုဆောင်အရာရှိချုပ် မိုဟာမက် မိုဟာကစ်၏ နေအိမ်အနီးတွင်ဖြစ်ပွားခဲ့ပြီး ယင်းနေရာသည် ရှီးယိုက်ဟာဇရာမျိုးနွယ်စုများ အဓိကနေထိုင်ရာ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

တနင်္လာနေ့၌ ဖြစ်ပွားခဲ့သော အစိုးရဌာနဆိုင်ရာပုဂ္ဂိုလ်များကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုသည် ယခုနှစ်အတွင်း အာဖဂန်၌ အရပ်သားပြည်သူ ၁၇၀၀ ကျော်ကို သေဆုံးစေခဲ့သည့်အပြင် ဆူပူအကြမ်းဖက်မှုများကိုပါ ပြန်လည်နိုးထလာစေခဲ့သည်။

အာဖဂန်ကို ချုပ်ကိုင်နိုင်ရေးအတွက် အနောက်အုပ်စုကျောထောက်နောက်ခံပေးထားသည့် အစိုးရအဖွဲ့နှင့်သာမက နေတိုးအဖွဲ့ဦးဆောင်သည့်မဟာမိတ်အုပ်စုများနှင့်ပါ တိုက်ပွဲများဖြစ်ပွားလျက်ရှိသည့် တာလီဘန်တို့သည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း နိုင်ငံတစ်ဝန်း၌ တိုက်ခိုက်မှုများစွာကိုလုပ်ဆောင်လာပြီး ပြည်နယ်ခြောက်ခုတို့တွင် တိုက်ခိုက်မှုများလုပ်ဆောင်နေကြောင်း သိရသည်။

**(ရိုက်တာ)**



# တက္ကဆက်၌ လူမှောင်ခိုကူးသည်ဟုယူဆရသည့် ကုန်တင်ယာဉ်တစ်ခုအတွင်း၌ သေဆုံးသူကိုးဦးထက်မနည်းတွေ့ရှိ


**ဆန်အန်တိုနီယို ဇူလိုင် ၂၄**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်၌ တနင်္ဂနွေနေ့က ဆန်အန်တိုနီယိုရှိ ဝယ်လ်မတ်စတိုး၌ ရပ်နားထားသည့် ပူလောင်နေသော နောက်တွဲပါကုန်တင်ယာဉ်တစ်စီးထဲတွင် လူအများအပြားနှင့်အတူ သေဆုံးသူအမျိုးသားကိုးဦးထက်မနည်း တွေ့ခဲ့ရကြောင်း သိရသည်။ အာဏာပိုင်များသည် အဆိုပါတွေ့ရှိမှုကို လူကုန်ကူးရန်လုပ်ဆောင်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရေမရှိသည့်အပြင် အပူရှပ်ပြီး အားအင်ကုန်ခန်းကာ အရေးပေါ်အခြေအနေဖြစ်နေသည့် လူအယောက် ၃၀ ကို ကုန်တင်ယာဉ်ပေါ်မှ ဖယ်ချပေးခဲ့ရကြောင်း ဆန်အန်တိုနီယို မီးသတ်ဌာနအကြီးအကဲ ချားလ်စ်ဟွတ်က ပြောကြားခဲ့သည်။ ယာဉ်၏ အပြင်ဘက်တွင် အပူချိန်သည် ၁၀၀ ဒီဂရီဖာရင်ဟိုက် (၃၇ ဒသမ ၈ ဒီဂရီစင်တီဂရိတ်) ရှိသည်။

နောက်ထပ်လူတစ်ဦးကို အဆိုပါဧရိယာအနီးရှိ သစ်ပင်ကြီးများရှိရာ နေရာတွင် တွေ့ရှိခဲ့ပြီး ဆေးကုသမှုခံယူနေရကြောင်း တက္ကဆက်အနောက်ပိုင်းခရိုင်ဆိုင်ရာအမေရိကန်ရှေ့နေများရုံးက ဖော်ပြထားသည်။ သေဆုံးသွားသူများအားလုံးမှာ အရွယ်ရောက်ပြီးယောကျ်ားလေးများဖြစ်သည်ဟုလည်း ဆိုသည်။

ကုန်တင်ယာဉ်ပေါ်မှလူများအားလုံးသည် စာနာစိတ်ကင်းမဲ့သည့် လူမှောင်ခိုကူးသူများ၏ သားကောင်များပင်ဖြစ်ကြောင်း ဆန်အန်တိုနီယိုအခြေစိုက် အမေရိကန်ရှေ့နေ ရစ်ချတ်ဒါဗင်ဂျေအာက ပြောကြားခဲ့သည်။ ထရပ်ကားမောင်းနှင်သူ ဂျိမ်းစ်မက်သူဘရက်ဒလေကိုအမှုတွင် ဆက်စပ်ပါဝင်နေသူအဖြစ်ဖမ်းဆီးခဲ့ကြောင်း ဖော်ပြထားသည်။




သက်ဆိုင်ရာဌာနအသီးသီးတို့က ယင်းကိစ္စနှင့် ပတ်သက်၍ ဥပဒေအရ စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ သေဆုံးသူတို့၏ အလောင်းများမှာ မည်သူမည်ဝါဖြစ်ကြောင်း အာဏာပိုင်များက အသေးစိတ်ဖော်ပြခြင်း မရှိသေးပေ။

ဝဲလ်မတ်စတိုးမှအလုပ်သမားတစ်ဦးထံသို့ ရောက်ရှိလာပြီး ရေတောင်းသောက်ခဲ့သည့် အမျိုးသားတစ်ဦးက အာဏာပိုင်များအား ခေါ်ဆောင်သွားခဲ့ရာမှ လူသေအလောင်းများကိုတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

# ဂျော်ဒန်နိုင်ငံ အမ္မန်မြို့ရှိအစ္စရေးသံရုံး၌ ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံး

**အမ္မန် ဇူလိုင် ၂၄**

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့ရှိ အစ္စရေးသံရုံး၌ မကြာသေးမီက ဖြစ်ပွားခဲ့သော ပစ်ခတ်မှုတွင် ဂျော်ဒန်နိုင်ငံသားတစ်ဦး သေဆုံးခဲ့ပြီး အစ္စရေးဝန်ထမ်းတစ်ဦးနှင့် အခြားလူတစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ ပစ်ခတ်မှုသည် အမ္မန်မြို့အစ္စရေးသံရုံးဝင်းအတွင်းရှိ လူနေအဆောက်အအုံတစ်လုံး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး သံရုံးပတ်ဝန်းကျင်ဧရိယာများပိတ်ခဲ့ကာ လုံခြုံရေးသတိဖြင့် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စောင့်ကြည့်မှုအတွင်း သံရုံးအရှေ့တွင် ရပ်ထားသော ဂျော်ဒန်နိုင်ငံသားတစ်ဦး၏ မော်တော်ယာဉ်ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ပစ်ခတ်မှုမဖြစ်ပွားခင် လက်သမားအဖြစ်အလုပ်လုပ်နေဟန်တူသည့် ဂျော်ဒန်နိုင်ငံသားများ သံရုံးအတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း၊ ထို့နောက်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဖော်ပြထားသည်။ လတ်တလောတွင် ပစ်ခတ်မှုဖြစ်ပွားသည့် အကြောင်းရင်းကို ရှာဖွေလျက်ရှိကြောင်း သိရသည်။

အယ်လ်အက်စ်ကွာဘာသာရေးအဆောက်အအုံနှင့်ပတ်သက်ပြီး လုံခြုံရေးတင်းကျပ်မှုအပေါ် မကျေနပ်သဖြင့် ဂျော်ဒန်နိုင်ငံရှိ အစ္စရေးသံရုံးကို ပိတ်ပစ်ကာ အစ္စရေးနိုင်ငံနှင့် ဆက်သွယ်မှုဖြတ်တောက်ရန် မကြာသေးမီရက်များက ဂျော်ဒန်နိုင်ငံတစ်ဝန်း ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

ထိုဆန္ဒပြမှုနောက်ကွယ်တွင် ယခုလိုပစ်ခတ်မှုဖြစ်ပွားခဲ့သလောဆိုသည်ကို မသိရသေးချေ။

**(ဆင်ဟွာ)**

# မော်စကို၌ အင်တာနက်အသုံးပြုမှု ထိန်းချုပ်ရန် ပူတင်၏ကြိုးပမ်းမှုကိုဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်မှုဖြစ်ပွား

**မော်စကို ဇူလိုင် ၂၄**

အင်တာနက်သုံးစွဲမှုကိုပိုမိုထိန်းချုပ်ရန် ကြိုးစားလာသည့် ရုရှားသမ္မတဗလာဒီမာပူတင်၏ ကြိုးပမ်းမှုကို ဆန့်ကျင်သည့် လူထုစုဝေးမှုတစ်ခုမော်စကို၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဆန္ဒဖော်ထုတ်မှုကို မော်စကိုမြို့လယ်ကောင်တွင် တနင်္ဂနွေနေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။ လူထုစုဝေးမှုအတွင်း လူ၈၀၀ ခန့်ပါဝင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။



ဆန္ဒဖော်ထုတ်သူများသည် "အင်တာနက်အသုံးပြုမှုကို ထိန်းချုပ်ခြင်းသည် လွတ်လပ်စွာ ပြောဆိုခွင့်ကို နှိပ်ကွပ်ခြင်းဖြစ်သည်" ဟူသော ကြွေးကြော်သံဆောင်ပုဒ်များပါဝင်သည့် အလံများနှင့်နဖူးစည်းစာတန်းများကို ကိုင်စွဲလျက် လမ်းမတစ်လျှောက် စီတန်းလှည့်လည်ကာဆန္ဒပြခဲ့ကြသည်။ သမ္မတပူတင်၏အုပ်ချုပ်မှုအောက်တွင် အွန်လိုင်းဝန်ဆောင်မှုပေးသူများသည် ရုရှားရှိအင်တာနက်အသုံးပြုသူများ၏ပုဂ္ဂိုလ်ရေးအချက်အလက်များကိုထိန်းသိမ်းထားရန် ဥပဒေအားဖြင့်ညွှန်ကြားခြင်းခံရပြီး ထိုကဲ့သို့သော အချက်အလက်များကို အာဏာပိုင်များ၏ တောင်းဆိုမှုရှိမှသာ အချက်အလက်ဖော်ပြခွင့်ရှိကြောင်း သိရသည်။ လာမည့်နှစ် မတ်လတွင်ကျင်းပရန်စီစဉ်ထားသည့် သမ္မတရွေးကောက်ပွဲနှင့်အတူ အတိုက်အခံခေါင်းဆောင်များသည် လူမှုကွန်ရက်ကိုအသုံးပြုလျက် ၎င်းတို့ကို ထောက်ခံသူပိုမိုများပြားလာအောင်ကြိုးပမ်းလျက်ရှိသည်။

ယင်းအတိုက်အခံအုပ်စုများသည် ပူတင်အစိုးရအဖွဲ့၏အကျင့်ပျက်ခြစားမှုကို ဆန့်ကျင်သည့်ဆန္ဒထုတ်ဖော်မှုပြုလုပ်ရန် စီစဉ်ခဲ့ကြသည်ဟု ဆိုသည်။ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့သည့် စုဝေးချီတက်မှုတွင် ပါဝင်ခဲ့ကြသူများက အစိုးရသည်ရွေးကောက်ပွဲ မကျင်းပမီက အွန်လိုင်းလှုပ်ရှားဆောင်ရွက်မှုများကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်ဟု အခိုင်အမာပြောဆိုခဲ့ကြကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# သိန်းနီမြို့ရှိ စစ်ဘေးရှောင်ဒုက္ခသည်စခန်းအား ကူညီထောက်ပံ့ပစ္စည်းများအား လှူဒါန်း



**သိန်းနီ ဇူလိုင် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် သိန်းနီမြို့ ကျောင်းဆိုင်ကျောင်းတိုက်ရှိ စစ်ဘေးရှောင်ဒုက္ခသည်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့်အဖွဲ့၊ စိမ်းလန်းစိုပြည် မြန်မာ့လူ့ဘဝ လူမှုစောင့်ရှောက်ရေးအသင်း(ရန်ကုန်)၊ NRC (ရှမ်းမြောက်)၊ မြန်မာနိုင်ငံ (RESCUE)လူမှုကယ်ဆယ်ရေးအဖွဲ့၊ (ရှမ်းမြောက်)အဖွဲ့တို့သည် သိန်းနီမြို့ရှိ ကျောင်းဆိုင် ဘုန်းကြီးကျောင်းတိုက်အတွင်းရှိ ယာယီစစ်ဘေးရှောင်စခန်းသို့သွားရောက်၍ ကူညီထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဘေးရှောင် ယာယီစခန်းတွင် နောင်ဟိုင်၊ နောင်ကား၊ ကုန်းမုံ၊ ခမ်းတိမ်း၊ ဟိုနား၊ မန်စောက် စသည့် ကျေးရွာပေါင်းခြောက်ရွာမှ စစ်ဘေးရှောင် ဒုက္ခသည်စုစုပေါင်း ၃၇၀ ကျော် ခန့်ရောက်ရှိ နေထိုင်နေကြောင်း သိရသည်။ အဆိုပါ စစ်ဘေးရှောင်ဒုက္ခသည်များကို အထက်ဖော်ပြပါလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့က ဆန် အိတ် ၂၀အပါအဝင် ဆား၊ ဆီ၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်၊ သွားတိုက်ဆေး၊ ဆပ်ပြာနှင့် ငွေများလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ ဒီစခန်းကို ရောက်ရှိနေတာတော့ သိပ်မကြာသေးပါဘူး။ ဒါပေမယ့် ရောက်တဲ့အချိန်ကတည်းက လူမှုရေးအသင်းအဖွဲ့တွေက မကြာခဏ လာလှူကြပါတယ်။ ကျန်းမာရေးလည်း အဆင်ပြေကြပါတယ်။ အနီးအနားမှာရှိတဲ့ရွာကလည်း အတတ်နိုင်ဆုံး အကူအညီပေးကြပါတယ်။ ဒါပေမယ့် ကိုယ့်ရွာကိုပဲ ပြန်နေချင်တယ်။ တိုက်ပွဲတွေလည်း မဖြစ်စေချင်တော့ဘူး။ အခုချိန်က မိုးတွင်းဆိုတော့ စခန်းမှာ စားသောက်ရေး အဆင်ပြေပေမယ့် နေရေး ထိုင်ရေးနဲ့ ပညာရေးတွေတော့ အနည်းငယ် ဒုက္ခရောက်တာပေါ့။ ဘုန်းကြီးတွေကလည်း အားလုံးကူညီကြပါတယ်။ ဒီစခန်းမှာက ကျွန်မတို့ မိန်းမသားတွေနဲ့ ကလေးငယ်တွေများတော့ ကျောင်းပေါ်တက်အိပ်လည်း အဆင်မပြေဘူးလေ။ ဒါကြောင့် ဘုရားပရိဝုဏ်အတွင်းမှာပဲ ကြုံသလိုအိပ်ကြပါတယ်။ အခု လာလှူတဲ့ထဲမှာ စောင်တွေ၊ ခြင်ထောင်တွေနဲ့ အခင်းတွေပါလာတော့ တော်တော်လေး အဆင်ပြေပါတယ်။ ဒါကြောင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးတဲ့ အလှူရှင်များနဲ့ လူမှုရေးအသင်းအဖွဲ့များကို ဒီစခန်းမှာရှိတဲ့ စစ်ဘေးရှောင် ဒုက္ခသည်တွေ ကိုယ်စား အားလုံးကို ကျေးဇူးတင်ပါတယ်။ ပြီးတော့ တိုက်ပွဲတွေလည်း အမြန်ဆုံးရပ်တန့်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်"ဟု စစ်ဘေးရှောင် အမျိုးသမီးတစ်ဦးက ပြောသည်။

**သတင်း-သန့်ဇင်(မူဆယ်)**
**ဓာတ်ပုံ -ရာဝတီ**

## မြစ်ရေတင်စီမံကိန်းမှ ရေတင်ကန်ပေါင်ပေါ်များ၌ ပြောင်းရွှေ့နေထိုင်ပြည်သူများ အန္တရာယ်မဖြစ်ရေးဆောင်ရွက်

**ပခုက္ကူ ဇူလိုင် ၂၄**

ပခုက္ကူခရိုင်အတွင်း၌ မြစ်ရေတင်ကြီး ၁၄ ခုရှိပြီး မြစ်ရေကြီးချိန်တွင် မြစ်ကမ်းနံဘေးရှိ ကျေးရွာအချို့မှ ပြည်သူများမှာ ရေလွတ်ရာရေတင်ကန်ပေါင်များတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ပြည်သူများ မလိုလားအပ်သော အန္တရာယ်မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"ဇူလိုင် ၁၁ ရက်မှစတင်ပြီး ရေပေးမြောင်းပေါင်အနီးရှိ ကျေးရွာတချို့က ရေဘေးရှောင်ပြည်သူတွေနဲ့ တိရစ္ဆာန်တွေကို ရေလွတ်တဲ့ မြောင်းပေါင်ပေါ်မှာ စနစ်တကျနေရာချထားပေးထားပါတယ်။ မြစ်ရေဝင်အရပ်တွေမှာရှိတဲ့ ရေပေးမြောင်းတွေမှာ မြစ်ရေဝင်၊ ထွက်ရာ ရေလမ်းကြောင်းတွေကို ရေစီးရေလာကောင်းမွန်စေဖို့ ရှင်းလင်းတာတွေ၊ မြစ်ရေကြီးချိန်မှာ ရေဝင်အရပ်ဒေသမှာရှိတဲ့ လျှပ်စစ်ဓာတ်အားလိုင်းတွေကနေ ရေဘေးရှောင်ပြည်သူတွေ မလိုလားအပ်တဲ့ လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရေး စတာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အလားတူ ခရိုင်တွင်းမှာရှိတဲ့ ရေဘေးရှောင်ပြည်သူတွေကိုလည်း သက်ဆိုင်ရာဌာနတွေက ကူညီရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဇူလိုင် ၂၂ ရက်မှာ မြစ်ရေပြန်ကျဆင်းသွားပြီး မြစ်ကမ်းနံဘေးရှိ ကျေးရွာနေ ရေဘေးရှောင်ပြည်သူတွေကို တာဝန်ရှိသူတွေက စားစရာ၊ နေစရာကအစ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်က ပြောသည်။

ပခုက္ကူခရိုင်အတွင်း၌ ရေဘေးရှောင်ကျေးရွာရှစ်ရွာခန့်ရှိကြောင်း၊ ယခုလအတွင်း ဧရာဝတီမြစ်ရေကြီးခဲ့ခြင်းကြောင့် ခရိုင်အတွင်းရှိ မြစ်ကမ်းနံဘေး၌ နေထိုင်ကြသည့် ပြည်သူအချို့မှာ မြစ်ရေကျဆင်းသွားသော်လည်း ၎င်းတို့သားသမီးများမှာ ယနေ့အချိန်အထိ စာသင်ကျောင်းအချို့မြစ်ရေဝင်ရောက်မှုကြောင့် ကျောင်းတက်ရန်အဆင်မပြေသည့်အတွက် ပိတ်ထားလျက်ရှိကြောင်း၊ ထို့အပြင် ရေဘေးရှောင်ပြည်သူများအတွက်လည်း အကူအညီများလိုအပ်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ဘူးသီးတောင်မြို့နယ်၌ ဆယ်အိမ်မှူးတစ်ဦး အသတ်ခံရ

**နေပြည်တော် ဇူလိုင် ၂၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဘုရားပြင်သိန်းတန်ရွာ၌ ယနေ့ နံနက်ပိုင်းက ဆယ်အိမ်မှူးတစ်ဦး အသတ်ခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘူးသီးတောင်မြို့နယ်နယ်မြေ (၁၁) ဘုရားပြင်သိန်းတန်ရွာမှ ဆယ်အိမ်မှူး ဟူဆောင်းနာမောက်သည် နေအိမ်၌ အိပ်နေစဉ် ယနေ့ နံနက် ၁ နာရီခန့်တွင် လူတစ်ဦးက အိပ်ခန်းထဲသို့ဝင်ရောက်ပြီး ဓားရှည်ဖြင့်ထိုးခုတ်မှုကြောင့် ပြတ်ရှ၊ ထိုးသွင်းဒဏ်ရာများရရှိကာ သေဆုံးခဲ့သဖြင့် သေဆုံးသူအား ဘူးသီးတောင်ဆေးရုံသို့ ပို့ဆောင်ပြီး နယ်မြေရဲစခန်းတွင်အမှုဖွင့်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မန္တလေးတိုင်းဒေသကြီးရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းရှင် ၁၀ ဦးကို ဆုနှင့်ထောက်ပံ့ကြေးငွေများ ပေးအပ်ချီးမြှင့်

**မန္တလေး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) က ကျင်းပသော "သေချာလုပ အနာဂတ်ဘဝ" "To Ensure Better Future" ဟောပြောပွဲနှင့် KBZ SME Award (MRCCI) ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက်က မန္တလေးမြို့ အမျိုးသားဇာတ်ရုံကြီး၌ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင် ၁၀ ဦးကို ကမ္ဘောဇဘဏ်လီမိတက်မှ KBZ SME Awards (MRCCI) ဆုနှင့် ထောက်ပံ့ကြေးငွေများကို ပေးအပ်ချီးမြှင့်ခဲ့သည်။



အခမ်းအနားတွင် ကမ္ဘောဇဘဏ်လီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းအောင်က အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး KBZ SME Award (MRCCI) ဆုရရှိသူ ၁၀ ဦးကို ကမ္ဘောဇဘဏ်လီမိတက်မှ တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ နှင့် ဆုများပေးအပ်ချီးမြှင့်သည်။

"ကမ္ဘောဇဘဏ်အနေနဲ့ ဆုရရှိသူတွေကို ဆုတံဆိပ်နဲ့ ငွေကျပ်သိန်း ၁၀၀ ကိုသာ ချီးမြှင့်တာမဟုတ်ဘဲ ဆုရရှိသူများရဲ့ စီးပွားရေးလုပ်ငန်းတွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးလာဖို့ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များအပြင် အခြားလိုအပ်သော အတွေ့အကြုံများကိုလည်း ကူညီပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်"ဟု ဦးဇော်လင်းအောင်က ပြောကြားသည်။

KBZ SME Award (MRCCI) ဆုသည် မန္တလေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) က စနစ်တကျ စစ်ဆေးစိစစ်ရွေးချယ်သောဆုဖြစ်သည်။

ဆုရွေးချယ်ရာတွင် မြန်မာနိုင်ငံသားပိုင်ဆိုင်သောလုပ်ငန်းဖြစ်ခြင်း၊ ပြည်တွင်း၌လုပ်ကိုင်နေသော လုပ်ငန်းများဖြစ်ခြင်း၊ လူမှုအသိုင်းအဝိုင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိဘဲ သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းတည်မြဲမှု၊ ဖွံ့ဖြိုးမှုများကို ထောက်ပံ့ပေးနိုင်သော လုပ်ငန်းများဖြစ်ခြင်း စသည့် အချက်အလက်များကို အခြေခံကာ ဆုရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

## ဘူးသီးတောင်မြို့နယ်၌ စက်လှေတိမ်းမှောက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦး ပျောက်ဆုံးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ဇူလိုင် ၂၃ ရက် ညပိုင်းက လုံခြုံရေး လှည့်ကင်းစက်လှေ တိမ်းမှောက်ပြီး တပ်ဖွဲ့ဝင်လေးဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့နယ် နယ်မြေ (၁၀) တင်းမေကျေးရွာအနီးတစ်ဝိုက်တွင် လှည့်ကင်းဆောင်ရွက်ခဲ့ပြီး ည ၉ နာရီခွဲတွင် ပန်ဇင်းချောင်းအတိုင်း စက်လှေဖြင့် ပြန်လာစဉ် ည ၁၀ နာရီခွဲတွင် စက်လှေမှာရေစီးအားကြောင့် တိမ်းမှောက်ခဲ့ရာ စက်လှေပေါ်ပါ လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦးအနက် သုံးဦးမှာ ည ၁၁ နာရီခန့်တွင် ကျောင်းတောင်ရဲကင်းစခန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ စက်လှေမောင်းသူမှာ ပန်ဇင်းချောင်း၏ အနောက်ဘက်ကမ်းစပ်၌ ပြန်လည်တွေ့ရှိခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထီးချိုင့်မြို့နယ် ဧရာဝတီမြစ်အတွင်းမှ သုံးရက်ဆက်တိုက် တရားမဝင်သစ်ဖောင်များ ဖမ်းဆီးရမိ

**ထီးချိုင့် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ သရက်မှော်ရပ်အနီး ဧရာဝတီမြစ်အတွင်းမှ တရားမဝင်ကျွန်းသစ်ဖောင်တစ်ခု ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၂ ရက် ည ၁၂ နာရီခန့်က ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်၏ ညွှန်ကြားမှုဖြင့် ထီးချိုင့်မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းအောင်နှင့် သစ်တောဝန်ထမ်းများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် ထီးချိုင့်မြို့ သရက်မှော်ရပ်အနီး ဧရာဝတီမြစ်အတွင်း တရားမဝင်သစ်ဖောင်တစ်စင်း ဆိုက်ကပ်ထားကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးရာ အဆိုပါသစ်ဖောင်အတွင်းမှ တရားမဝင်ကျွန်းသစ်လုံး ၁၀၃ လုံး၊ သုံးပေအောက် ကျွန်းသစ်လုံး ၃၇ လုံး၊ ကျွန်းပကာ ၁၂၇ ချောင်းနှင့် အခြားသစ်လုံး ၅၄ လုံးတို့အား ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ထီးချိုင့်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်က ကသာခရိုင် သစ်တောဦးစီးဌာနမှ တောအုပ် ပြန်လျန်ထာရ်နှင့်အဖွဲ့သည် ကျွန်းကလုံးကျေးရွာအနီး ကြိုးပြင်ကာကွယ်တောအတွင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားမဝင်ကျွန်းခွဲသား ဆိုက်စုံ ၁၄၇ ချောင်း၊ သစ်ခွဲစက် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။



အလားတူ ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က ကသာမြို့နယ် သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်းနှင့် သစ်တောဝန်ထမ်းများသည် ကသာမြို့နယ် ပိန်းတောကျေးရွာအနီး ရွှေလီမြစ်ကြောင်းအတွင်း တရားမဝင်သစ်များ လိုက်လံဖမ်းဆီးရာ တရားမဝင်ကျွန်းသစ် ၁၃ လုံး ဖမ်းဆီးရမိသဖြင့် သစ်ပိုင်ရှင်များ ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ဆက်သွယ် ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## တီးတိန်-သိုင်းငင်း-ကလေးလမ်းကြား မြေပြိုမှုဖြစ်၊ ဖို့ဒ်အမျိုးအစားယာဉ်တစ်စီး မြေပြိုမှုနှင့်အတူပါသွား

**တီးတိန် ဇူလိုင် ၂၄**

တီးတိန်-သိုင်းငင်း-ကလေးလမ်းကြား မိုင်တိုင်အမှတ် (၂၇/၆ နှင့် ၂၇/၇)ကြား၌ ဇူလိုင်၂၄ ရက်က မြေပြို၍ လမ်းပိတ်ဆို့မှုဖြစ်ပွားရာ အဆိုပါ တောင်ပြိုမြေစာများအား လမ်းအထူးအဖွဲ့(၁၀)မှဖယ်ရှားနေစဉ် ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်မှုအား လာရောက်စစ်ဆေးသည့် Ooredoo Power Supply ကုမ္ပဏီမှ ရပ်နားစောင့်ဆိုင်းလျက်ရှိသော ဖို့ဒ်အမျိုးအစားယာဉ်တစ်စီးသည် မြေစာထပ်မံပြိုကျမှုကြောင့် မြေစာများနှင့်အတူ ပါသွားခဲ့သည်။

အဆိုပါမြေစာများနှင့်အတူပါသွားသော ယာဉ်ထဲ၌ ယာဉ်မောင်း ကိုခမ်ငူပေါင်(၂၇ နှစ်)နှင့် ဦးမိုးဇော်တို့သည် ဒဏ်ရာများရရှိခဲ့သော်လည်း မစိုးရိမ်ရကြောင်းနှင့် ကလေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲ

ပြန်ကြားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော မြန်မာ့ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ထို့ကြောင့်ပါဝင်ယှဉ်ပြိုင်လိုသော အငြိမ့်အဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာများကို အောက်ပါလိပ်စာများတွင် ထုတ်ယူ၍ ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

**ရန်ကုန်မြို့**

ဟံသာဝတီအဝိုင်းထိပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းဘေးရှိ 4TV Main Showroom

**မန္တလေးမြို့**

အခန်းနံပါတ်(D-206)၊ ရွှေဖြူပလာဇာ၊ ဒုတိယထပ်၊ ၃၃လမ်းနှင့်ဇောတိကလမ်းထောင့်၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **(မိုး/ဇလ)**

# မောင်တောဒေသတွင် ရေငန်ပုစွန်မွေးမြူရေးနှင့်အတူ ရေချိုငါးမွေးမြူရေးတွဲဖက်လုပ်ကိုင်နိုင်ပါက ဝင်ငွေတိုးနိုင်



မောင်တောဒေသရှိ ရေငန်ပုစွန်မွေးမြူရေးကန်များကို တွေ့ရစဉ်

**မောင်တော ဇူလိုင် ၂၄**

ရခိုင်ပြည်နယ် မောင်တောခရိုင်သည် သဘာဝရေငန်ပုစွန်မွေးမြူရေးဖြင့် စီးပွားရေးအောင်မြင်လျက်ရှိပြီး တစ်ဖက်နိုင်ငံသို့ အများဆုံးတင်ပို့နေသော ပို့ကုန်အမျိုးအစားလည်းဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မောင်တောခရိုင် မှာ ရေချိုပုစွန်မွေးမြူတာ မရှိသေးပါဘူး။ ရေငန်ပုစွန်မွေးမြူရေးသာ လုပ်ကိုင်ကြပါတယ်။ ရေငန်ပုစွန်မွေးမြူရေးဆိုတာက ပင်လယ်ကမ်းစပ်မှာရှိတဲ့ ပုစွန်ကန်တွေမှာ ဒီရေအတက်အကျနဲ့ အတူပါလာတဲ့ ပုစွန်သားပေါက်တွေကို ကန်ပိတ်ပြီးမွေးတာ ဖြစ်ပါတယ်။ အစာလည်းကျွေးစရာမလိုဘူး။ ရေကိုပဲ လဲလှယ်ပေးရပါတယ်။ တစ်ဧကကို ပိဿာ ၃၀ လောက်ထွက်ပါတယ်။ မောင်တောမှာ ဒီလို ပုစွန်ကန်ဧက ၁၅၃၀၀ ကျော်ရှိပါတယ်။ ပုစွန်က ဒီဒေသရဲ့ အဓိကပို့ကုန်လည်း ဖြစ်ပါတယ်"ဟု ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းတင်က ပြောသည်။

လက်ရှိအချိန်တွင် ပင်လယ်ကမ်းနီး ငါးဖမ်းလုပ်ငန်းကို ၂၀၁၆ အောက်တိုဘာ အကြမ်းဖက်တိုက်ခိုက်ခံရမှုအပြီး လုံခြုံရေးအခြေအနေကြောင့် ပိတ်ထားရကြောင်း၊ ပုစွန်မွေးမြူရေးသာ အဓိကလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် မောင်တောဒေသသည် ရေချိုငါးမွေးမြူရေး လုပ်ကိုင်ရန် အကောင်းဆုံးဒေသတစ်ခုဖြစ်ကြောင်း၊ ရာသီဥတုအခြေအနေမှာလည်း မိုးများသည့်ဒေသဖြစ်ခြင်းကြောင့် ငါးပေါက်ပွားကြီးထွားရှင်သန်မှု အားကောင်းကြောင်း၊ တစ်ပိုင်တစ်နိုင် ငါးကန်များတူးဖော်ပြီး မွေးမြူပါက အကျိုးစီးပွားဖြစ်ထွန်းနိုင်ကြောင်း၊ ပို့ကုန်အဖြစ်တင်ပို့နိုင်သော ဈေးကွက်လည်းရှိကြောင်း သိရသည်။

မိုးရာသီမတိုင်မီ ငါးသလောက်နှင့် ငါးမြစ်ချင်းတို့ကို ရန်ကုန်မှ အအေးခန်းကားများဖြင့် စစ်တွေမြို့သို့ တင်ပို့ပြီး ယင်းမှ မောင်တောတောင်ပိုင်း အငူမော်သို့ ဇက်ဖြင့် ကူးကာ မောင်တောနယ်စပ်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရကြောင်း၊ မောင်တောဒေသတွင် ရေချိုငါးမွေးမြူရေးလုပ်ကိုင်နိုင်ပါက များစွာအကျိုးရှိနိုင်ကြောင်း ဦးထွန်းတင်က ဆက်လက်ရှင်းပြသည်။

**သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ - သက္က**

## မူလတန်းလွန်ကျောင်းပြောင်းရွှေ့ပေးရေး ဒေသခံများ ဒုတိယအကြိမ် ဆန္ဒဖော်ထုတ်

**ဆားလင်းကြီး ဇူလိုင် ၂၄**

မူလတန်းလွန်ကျောင်း ပြောင်းရွှေ့ပေးရေး ငွေသာကျေးရွာမှ ဒေသခံများက ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဒုတိယအကြိမ် စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီး မြို့နယ် ငွေသာကျေးရွာသစ်သည် အိမ်ထောင်စု ၁၆၀ ခန့် ရှိပြီး ယခုလက်ရှိတွင် ၁၂၅ စု နေထိုင်ကြပြီး ကျောင်းသား ကျောင်းသူ ၉၀ ခန့်သည် ငွေသာကျေးရွာဟောင်း မူလတန်းကျောင်းသို့ သွားရောက် ပညာသင်ကြားနေကြရကြောင်း ဒေသခံများက ဆိုသည်။ ပထမအကြိမ် ဆန္ဒဖော်ထုတ်မှုအရ ဆားလင်းကြီးမြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက 'ငွေသာကျေးရွာသစ်အတွက် မူလတန်းလွန်ကျောင်းရရှိပြီ'ဟု ပြောဆိုသော်လည်း 'တစ်စုံတစ်ရာထူးခြားမှု မရှိခဲ့ပါဘူး'ဟု ဆန္ဒဖော်ထုတ်သူတစ်ဦးဖြစ်သော ငွေသာကျေးရွာသစ်မှ ကိုဖိုးဝဲက ပြောသည်။ ယခု ဒုတိယအကြိမ် ဆန္ဒဖော်ထုတ်ရာတွင် အခြေအနေတစ်စုံ တစ်ရာထူးခြားမှုမရှိပါက မုံရွာမြို့ တိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ ဆက်လက်ဆန္ဒဖော်ထုတ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒုတိယအကြိမ် ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခြင်းကို ဆားလင်းကြီးမြို့ အမှတ်(၁)ရပ်ကွက် မြေစွန်လမ်းဆုံမှ ဆားလင်းကြီးမြို့နယ် ပညာရေးမှူးရုံးအထိ ဆန္ဒဖော်ထုတ်ခဲ့ကြခြင်းဖြစ်ပြီး ငွေသာကျေးရွာသစ်မှ မူလတန်းကျောင်းသား ကျောင်းသူ ၇၀ ခန့်နှင့် ကျောင်းသားမိဘများ၊ ဒေသခံကျေးရွာသူ ကျေးရွာသား ၂၀၀ ခန့် စုစုပေါင်း ၂၇၀ ခန့်က ဗီနိုင်းပိုစတာများ ကိုင်ဆောင်ကြွေးကြော်၍ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရှိရသည်။ ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ မြို့နယ်မှူး ရဲမှူးဌေးဝင်းနှင့် တပ်ဖွဲ့ဝင်များသည် ဆန္ဒဖော်ထုတ် သူများအား လုံခြုံရေးအတွက် လိုက်ပါဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



**ဦးငယ်(ဆားလင်းကြီး)**

## ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်လေးစီးဖမ်းမိ

**နေပြည်တော် ဇူလိုင် ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်ကစတင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၃ စီး၊ သွင်းကုန် ၅၂၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော တိုယိုတာကားများကို တွေ့ရစဉ်

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၃ ရက်က မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် Toyota Crown သုံးစီးနှင့် Toyota Wish တစ်စီးတို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ်လေးစီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပဲခူးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ခွဲ၏ အဖွဲ့ခေါင်းဆောင် ဦးကြည်ဇင်(တိုင်းဒေသကြီး လွှတ်တော် ဒုဥက္ကဋ္ဌ)နှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမြင့်စန်းတို့သည် ဇူလိုင် ၂၄ ရက်က ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးနှင့် တရားရုံးအတွင်းရှိ အချုပ်ခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်
သန့်စင်(ပဲခူး)

# ရွှေတောင်မြို့နယ်အတွင်း တရားမဝင်ခိုးဝင်လာသူခြောက်ဦး ဖမ်းဆီးရမိ

**ရွှေတောင် ဇူလိုင် ၂၄**

ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယံအုပ်စု ပြည်-ရန်ကုန်ကားလမ်း ဆင်မကြပ်ကျေးရွာလမ်းဆုံတွင် တရားမဝင်ခိုးဝင်လာသူခြောက်ဦးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီကျော်ခန့်တွင် ရွှေတောင်မြို့နယ် နွားမယံအုပ်စု ဆင်မကြပ်ကျေးရွာလမ်းဆုံတွင် တရားမဝင် ခိုးဝင်လာသူများ ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် ရွှေတောင်မြို့မရဲစခန်းမှူး ဒုရဲမှူးတင်မျိုးဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးဝင်းနိုင်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လဝက လက်ထောက်ဦးစီးမှူး ဦးတင်ဒွေးနှင့် နွားမယံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့သည် ပြည်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော အငှားယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း လှကျော်(၃၇ နှစ်) နွယ်အေးရပ်ကွက် ဒေါပုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူနှင့် ထွန်းထွန်း(ခ)အစ္စမိုင်း(၃၃နှစ်) ကျန်စစ်သားလမ်းသွယ်(၈၅)ရပ်ကွက် တောင်ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး နေသူတို့မှ ကျော်သိန်းလှိုင်၊ ဇော်နိုင်(ခ)မူဆဲယံမန်း၊ ထွန်းနိုင်(ခ) ဆာဒရှဲယ်နှင့် နူဆောင်းတို့ လေးဦးအား ပြည်မြို့နဝဒေးကားကြီးဝင်းအနီးမှ ခေါ်ယူတင်ဆောင်လာခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း လှကျော်ပါ ခြောက်ဦးအား ရွှေတောင်မြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တရားမဝင်သစ် တမလန်းဆိုဒ်စုံ နှစ်တန်ကျော် သိမ်းဆည်းရမိ

**ဗန်းမော် ဇူလိုင် ၂၄**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင် ဧရာဝတီမြစ်ကမ်းဘေး၌ တရားမဝင်သစ် တမလန်းဆိုဒ်စုံ ၂၉၂ တုံး၊ (၂ ဒသမ ၀၇၂) တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့နယ် စင်းခန်းနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ကျော်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများနှင့် သစ်တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခန့်တွင် စင်းခန်းကျေးရွာအောက်ဘက် ဧရာဝတီမြစ်ကမ်းဘေးနေရာ၌ နယ်မြေရှင်းလင်းရေးဆောင်ရွက်နေစဉ် တရားမဝင်တမလန်းဆိုဒ်စုံ ၂၉၂ တုံး၊(၂ ဒသမ ၀၇၂) တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပိုင်ရှင်မဲ့သိမ်းဆည်းရမိသော တရားမဝင်သစ်များအား စင်းခန်းဘိနယ်သစ်တောရုံးသို့ သယ်ယူဆောင်ရွက်ခဲ့ပြီး ဥပဒေအရ သိမ်းဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# မုံရွာမြို့မှ ကလေးပြန်ပေးဆွဲလာပြီး ခြိမ်းခြောက်ငွေတောင်းသူများအား ရွှေဘိုမြို့နယ်၌ဖမ်းဆီးရမိ

**ရွှေဘို ဇူလိုင် ၂၄**

ယခင်က သိက္ခာချခဲ့ဖူးသူဖြစ်ပြီး မုံရွာမြို့၌ လာရောက်စဉ် ခေတ္တတည်းခိုသွားသူက အိမ်ပိုင်ရှင်၏ ကလေး၊ မော်တော်ဆိုင်ကယ်၊ တယ်လီဖုန်း၊ Power Bank နှင့် အားသွင်းကြိုးကိုပါ ခိုးယူ၍ ခြိမ်းခြောက်ငွေ တောင်းယူမှု ရွှေဘိုမြို့နယ် နွားလေးကုန်းကျေးရွာ၌ ဖြစ်ပွားခဲ့ကြောင်းနှင့် ကျူးလွန်သူအား ဖမ်းဆီးရမိကြောင်း သိရသည်။

မုံရွာမြို့ နန္ဒဝန်ရပ်ကွက်၊ နယ်မြေ(၈) အမှတ် ၉ လမ်းတွင်နေထိုင်သော ဦးကျော်ဇေယျ၊ ဒေါ်အိအိဖြိုး တို့နေထိုင်ရာအိမ်သို့ ယခင်က သိက္ခာချခဲ့ဖူးသူ မမိုးသီရိနိုင် (ခ) မသီရိမေက လာရောက်တည်းခိုခဲ့ပြီး ဇူလိုင် ၁၅ ရက် ညနေ ၅ နာရီခန့်တွင် မမိုးသီရိ (ခ) မသီရိမေက မိဘများမရှိချိန် အိမ်၌ရှိနေသော ၎င်းတို့၏သားငယ် နှစ်နှစ်ကျော်ရှိ မောင်ပိုင်ဇေဖြိုးနှင့်တကွ ၅၅ယ/---- Canda 125 ဆိုင်ကယ်၊ ဖုန်းတစ်လုံး၊ Power Bank တစ်ခုနှင့် အားသွင်းကြိုးတို့ကိုပါ ခိုးယူပြီးထွက်ပြေးသွားခဲ့သည်။

မိဘများသိရှိချိန်တွင် ၎င်းခိုးယူသွားသည့်ဖုန်းမှ တစ်ဆင့် ဆက်သွယ်စကားပြောရာ ခိုးယူသွားသူ မမိုးသီရိ (ခ) မသီရိမေနှင့်အတူ ၎င်း၏ခင်ပွန်းဖြစ်သူ နေလင်းဦး (ခ) နေထက်ဦးပါ အတူရှိနေပြီး ၎င်းတို့က ကလေးကို ပြန်ရလိုပါက ငွေကျပ်နှစ်သိန်းဖြင့် ရွှေဘိုမြို့နယ် ဇီးတောကျေးရွာအနီးရှိ ဇီးတောတံတားသို့ လာရောက်ရွေးရန်နှင့် ရဲတပ်ဖွဲ့သို့ တိုင်ကြားပါက ကလေးကို သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည်။

ထို့ကြောင့် ကလေး၏မိဘများသည် မုံရွာမြို့ပြည်သူ့ရဲစခန်းသို့ တိုင်ကြားခဲ့ရာ မုံရွာရဲစခန်းက ရွှေဘိုပြည်သူ့ရဲတပ်ဖွဲ့ထံ ချိတ်ဆက်အကြောင်းကြားခဲ့ကြောင်း၊ ကလေးငယ်၏ မိဘနှစ်ပါးလည်း ရွှေဘိုရဲတပ်ဖွဲ့နှင့် လိုက်ပါလာခဲ့ကာ မြို့နယ် နယ်ထိန်းခေါင်းဆောင် ကိုလတ်နှင့်အဖွဲ့က စုံစမ်းရာ ရွှေဘိုမြို့ နွားလေးကုန်း ရပ်ကွက်၌ အိမ်ငှားနေထိုင်သူများဖြစ်ကြောင်းသိရှိရပြီး ယင်းရပ်ကွက်သို့ သွားရောက်ရှာဖွေခဲ့ရာမှ ဇူလိုင် ၂၃ ရက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် ခိုးယူခံခဲ့ရသော မောင်ပိုင်ဇေဖြိုး၊ ဆိုင်ကယ်နှင့် ဖုန်းတို့နှင့်အတူ ပြစ်မှုကျူးလွန်သူ မမိုးသီရိနိုင် (ခ) မသီရိမေနှင့် ၎င်း၏ ခင်ပွန်းဖြစ်သူ နေလင်းဦး (ခ) နေထက်ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ကျော်ဇော (ရွှေဘို)**

# လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် အမှတ်(၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်မြစန်းဌေးတို့ ဦးစီးအဖွဲ့သည် ပူးပေါင်းအဖွဲ့နှင့်အတူ ဇူလိုင် ၂၃ ရက် နံနက် ၁၁ နာရီ၌ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမ ကံ့ကော်ပန်းအဝိုင်းအနီးတွင် လယ်ဝေးဘက်မှ တုံ့ဂဘူရိ မီးပွိုင့်ဘက်သို့ မောင်းနှင်လာသည့် YGN 6G/---- တိုယိုတာယာဉ်အား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်မောင်း/ယာဉ်ပိုင်ရှင်ဖြစ်သူ ပျဉ်းမနားမြို့ အမှတ်(၁၅/ ၄၀၈) ပေါင်းလောင်း ၁၇ လမ်း၊ ပေါင်းလောင်းတိုးချဲ့(၂)ရပ်ကွက်နေ အောင်မြင့်ထွန်းဆိုသူမှာ ယာဉ်နှင့်ပတ်သက်၍ သက်သေခံအထောက်အထား ပြသနိုင်မှုမရှိသဖြင့် ယာဉ်အားသိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး ဒက္ခိဏသီရိမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

# ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီး (၁၂)ဘီးယာဉ် ဘရိတ်ပေါက်၍ ဆိုင်ကယ်နှင့် မှန်လုံယာဉ်အားဝင်တိုက်ပြီး ချောက်ထဲထိုးကျ

**မူဆယ် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)ကုန်သွယ်ရေးဇုန် မူဆယ်မောင်းတံအနီး၌ ဇူလိုင် ၂၄ ရက် ညနေ ၄ နာရီခန့်က(၁၂)ဘီးယာဉ်တစ်စီး



ဘရိတ်ပေါက်၍ ဆိုင်ကယ်နှင့် မှန်လုံယာဉ်အားဝင်တိုက်မိပြီး ချောက်ထဲထိုးကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ ကုန်ပစ္စည်းတင်ဆောင်ပြီး မူဆယ်ဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် MDY/2c-----(၁၂)ဘီးယာဉ်သည် (၁၀၅)မိုင် ကုန်ပစ္စည်းစစ်ဆေးရေးကွင်း၌ ဂျူတီဆောင်ပြီး မူဆယ်ဘက်သို့ ဆက်လက်ထွက်ခွာလာစဉ် မူဆယ်မောင်းတံနှင့်အပေါ် တုန်ခန်ကြားအရောက် ဘရိတ်ပေါက်ပြီး ဆိုင်ကယ်နှင့် မှန်လုံ GI Group Express ယာဉ်အမှတ် MDY/7K---- အား ဝင်တိုက်မိပြီး ချောက်ထဲထိုးကျခဲ့ကြောင်း သိရသည်။

အဆိုပါ ၁၂ ဘီးယာဉ်သည် ဆိုင်ကယ်နှင့် မှန်လုံယာဉ်ကိုဝင်တိုက်မိပြီး ချောက်ထဲထိုးကျသွားသောကြောင့် ယာဉ်မောင်းဖြစ်သူမှာ ကား၏ဦးခေါင်းပိုင်းနှင့် ပိတ်မိပြီး ရင်ဘတ်အနည်းငယ် ဒဏ်ရာ(မစိုးရိမ်ရ)နှင့်ဆိုင်ကယ်မောင်းနှင်သူမှာ အနည်းငယ် ဒဏ်ရာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိခြင်းနှင့် တစ်ဖက်မှလာသော မှန်လုံယာဉ်မှာ ခေါင်းပိုင်းပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါအခင်းဖြစ်နေရာသို့ ရဲတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းများ ဒဏ်ရာရသူနှစ်ဦးအား မူဆယ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်အား မူဆယ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-သန့်ဇင်-မူဆယ်**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၄**

ဗန်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက်က ဗန်းမော်မြို့ နည်းပညာတက္ကသိုလ် လုံခြုံရေးရဲကင်းရှေ့တွင် သိန်းစိုး မောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၄၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၉) ပွေးတောင်နယ်မြေ(၂)နေ အောင်နိုင်ဦး၏ နေအိမ်အားရှာဖွေရာ အောင်နိုင်ဦး၊ ကိုလွင်နှင့် မစန်းစန်းသူတို့ကိုတွေ့ရှိပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀ ကို လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် အောင်ဆန်းနိုင် မောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


## အမည်မှန်

ဦးမောင်ဝင်း ၈/စလန(နိုင်)၁၇၃၃၄၉ ၏သား စလင်းမြို့နယ်၊ ဆင်ဖြူကျွန်း၊ အထက တက္ကသိုလ်ဝင်တန်း(မြလေးခန်း)မှ မောင်အောင်ခိုင်ဝင်း၏ အမည်မှန်မှာ မောင်ကျော်ခိုင်ဝင်း ဖြစ်ပါကြောင်း။

**မောင်ကျော်ခိုင်ဝင်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့၊ THE BEST ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မပြည့်ပြည့်ဖြိုး၊ မြို့မ(အထက) ဆဋ္ဌမတန်း(B)မှ မောင်အောင်သက်ပိုင်နှင့်(အမက)ဂုံးလမ်း ပထမတန်းမှ မောင်ဟန်ကုဋ္ဌေပိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ဦး ၇/ဇကန(နိုင်)၀၃၄၂၄၉ ဖြစ်ပါသည်။

## အမည်မှန်

စလင်းမြို့နယ်၊ မြောက်ရှားတောကျေးရွာနေ ဦးမောင်ဝင်း ၈/စလန(နိုင်)၁၇၃၃၄၉၏သား မောင်ကျော်ခိုင်ဝင်း၏ အမည်မှန်မှာ မောင်ပြည့်ဖြိုးအောင် ဖြစ်ပါကြောင်း။

**မောင်ပြည့်ဖြိုးအောင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/8036 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1K/7720 Nissan , Juke YF/16, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၂/လကန(နိုင်)၀၀၁၀၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးမြို့နယ်၊ ဒဟတ်ကန်ကျေးရွာအုပ်စု၊ ကွင်း/အမှတ်နှင့်အမည် (၁၆၄၄/၂၉၂၅-ဒဟတ်ကန်အနောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၀+၂၄)၊ ဧရိယာ ၀ဒသမ ၀၉၀ဧကရှိ ဒေါ်သန်းသန်းဌေး+ဒေါ်သန်းသန်းတို့အမည်ဖြင့် နှစ် ၃၀ ဂရန် အမည်ပေါက်မြေကွက်အား ဒေါ်သန်းသန်းဌေးမှ ၎င်းတစ်ဦးတည်းအမည်ဖြင့် မြေဂရန်အမည်ပြောင်း လျှောက်ထားရန် ဂရန်စာချုပ်မူရင်း၊ ဒေါ်သန်းသန်းမှ ဒေါ်သန်းသန်းဌေးအား လွှဲပြောင်းပေးထားသည့် (SP)မူရင်း၊ (GP)မူရင်း၊ ဒေါ်သန်းသန်းမှ ဒေါ်သန်းသန်းဌေးအား စွန့်လွှတ်ပေးထားသည့် စွန့်လွှတ်စာချုပ် မူရင်းများနှင့်အတူ လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤရုံးသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ (ခရိုင်အုပ်ချုပ်ရေးမှူး)၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးခရိုင်၊ မကွေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးမြို့နယ်၊ ဒဟတ်ကန်ကျေးရွာအုပ်စု၊ ကွင်း/အမှတ်နှင့်အမည် (၁၆၄၄/၂၉၂၅-ဒဟတ်ကန်အနောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၀+၂၄)၊ဧရိယာ ၀ဒသမ ၀၉၀ဧကရှိ ဒေါ်သန်းသန်းဌေး+ဒေါ်သန်းသန်းတို့အမည်ဖြင့် နှစ်(၃၀)ဂရန် အမည်ပေါက်မြေကွက်အား ကျွန်မ ဒေါ်သန်းသန်းဌေးမှ ကျွန်မတစ်ဦးတည်းအမည်ဖြင့် မြေဂရန်အမည်ပြောင်း လျှောက်ထားရန် ဂရန်စာချုပ်မူရင်း၊ ဒေါ်သန်းသန်းမှ ဒေါ်သန်းသန်းဌေးအား လွှဲပြောင်းပေးထားသည့်(SP)မူရင်း၊ (GP)မူရင်း၊ ဒေါ်သန်းသန်းမှ ဒေါ်သန်းသန်းဌေးအား စွန့်လွှတ်ပေးထားသည့် စွန့်လွှတ်စာချုပ်မူရင်းများနှင့်အတူ လျှောက်ထားလျက်ရှိရာ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဌေး ၈/သရန(နိုင်)၀၄၅၈၃၃ အမှတ်(၁၀၅)၊ ၁၅ လမ်း၊ ကန်သာရပ်ကွက်၊ ဒီအုပ်စု၊ မကွေးမြို့**

၄-တန်းမှ ၈-တန်းအထိ အင်္ဂလိပ်စာ (နှစ်ပေါက်သင်တန်း)တွင် *Essay, Letter* ရေးခြင်းကျောင်းစာအပြင် *Speaking* ပါသင်သည်။
ဆရာဒွေး(အင်္ဂလိပ်စာ)၏သမီး
**ဆရာမဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
အင်္ဂလိပ်+မြန်မာ (၂)ကျောင်းတက်ခြင်းနှင့် ညီမျှသည့်သင်ကြားမှု
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 09-5080104, 09-5047516

## CLAIMS DAY NOTICE
## M.V ASIAN LEADER VOY:NO(12)

Consignees of cargo carried by M.V ASIAN LEADER VOY:NO(12) are here by notified that the vessel will arrive on about 26-7-2017 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့သည် အောက်ဖော်ပြပါလုပ်ငန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တင်ဒါတင်သွင်းလိုသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| တင်ဒါအမှတ် | လုပ်ငန်းအကြောင်းအရာ |
| --- | --- |
| EDRB/၀၁/၂၀၁၇-၂၀၁၈ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် သဃ်္ဃန်းကျွန်းမြို့နယ် ဆက်သွယ်သော ငမိုးရိပ်တံတားတည်ဆောက်ခြင်းလုပ်ငန်း |

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာ အဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ(Instructions to Tenderers)နှင့်အညီ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါစာရွက်စာတမ်းများကို ၂၇-၇-၂၀၁၇ ရက်မှစ၍ ၈-၈-၂၀၁၇ ရက်ထိ အမှတ်(၄၂၀/၄၃၀)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ မြို့တော်ခန်းမ(ဒုတိယထပ်)၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဆောင်ရွက်မည့်ဒီဇိုင်းပုံစံအပါအဝင် တင်ဒါစာရွက်အပြည့်အစုံကို ၃၀-၈-၂၀၁၇ ရက်ညနေ ၁၆:၃၀နာရီနောက်ဆုံးထား၍ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)သို့ ပြန်လည်တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ဖုန်း-၀၉-၅၁၀၃၂၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး**

# မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

**နောက်ဆက်တွဲ (က)**

၁။ ဤဥပဒေပါကိစ္စရပ်များအလို့ငှာ နိုင်ငံတော်၏ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့ကို သတ်မှတ်ရာ၌ နိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်းပထဝီအနေအထားများအရ လည်းကောင်း၊ ပင်လယ်ကမ်းခြေဒေသများ၏ စီးပွားရေးလိုအပ်ချက်များအရလည်းကောင်း အောက်ဖော်ပြပါ ပုံသေသတ်မှတ်ထားသည့် တည်နေရာအမှတ်များအား ဆက်စပ်၍ ရေးဆွဲထားသော အခြေခံမျဉ်းဖြောင့်မှ တိုင်းတာသည်-

**ဇယား**

**၂။ ရခိုင်ကမ်းရိုးတန်း**

| | | | |
|---|---|---|---|
| (က) | မေယုကျွန်း၏ တောင်ဘက်စွန်း (Southern Point of Mayu Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၁၁' ၄၉"<br>၉၂° ၃၂' ၁၉" |
| (ခ) | မြင်းကွန်းကျွန်း၏ တောင်ဘက်စွန်း (Boronga Point) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၉° ၄၈' ၃၀"<br>၉၃° ၀၁' ၄၂" |
| (ဂ) | တောင်သန္တာကျောက် (South Terrible Rock) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၉° ၂၂' ၅၆"<br>၉၃° ၁၆' ၂၀" |
| (ဃ) | ဂမ္ဘီမကျောက်တန်း၏ အနောက်ဘက်စွန်း (Western Point Of Henry Rocks) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၈° ၅၁' ၄၈"<br>၉၃° ၂၆' ၁၅" |
| (င) | နတ်ဗုဒ္ဓါကျွန်း (Nerbudda Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၈° ၂၀' ၅၀"<br>၉၃° ၅၆' ၂၅" |
| (စ) | ကျောက်လက်ဝါး ကျောက်စု (Church Rocks) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၇° ၂၇' ၃၉"<br>၉၄° ၁၉' ၄၆" |
| (ဆ) | ငှက်တောင်ကျွန်းများ၏ အနောက်မြောက်ကျွန်းစု (North West Group of Hnget-taung Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၆° ၅၅' ၂၈"<br>၉၄° ၁၂' ၄၅" |
| (ဇ) | ကိုရင်ကြီးကျွန်း (Goyangyi Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၆° ၃၁' ၂၀"<br>၉၄° ၁၄' ၂၁" |
| (ဈ) | ဆင်ပိန်ကျွဲကျောက်များ၏ တောင်ဘက်ကျောက် (South Rock) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၆° ၁၈' ၅၅"<br>၉၄° ၁၁' ၂၀" |
| (ည) | ကျောက်နက် (Black Rock) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၆° ၁၁' ၅၀"<br>၉၄° ၁၀' ၅၀" |
| (ဋ) | ပုသိမ်မီးပြ (Pathein Light House) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၅° ၄၂' ၁၃"<br>၉၄° ၁၂' ၀၆" |

**၃။ မုတ္တမပင်လယ်ကွေ့**

| | | | |
|---|---|---|---|
| (က) | ပုသိမ်မီးပြ (Pathein Light House) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၅° ၄၂' ၁၃"<br>၉၄° ၁၂' ၀၆" |
| (ခ) | ဟိန်းဇဲဘုတ်ကျွန်း၏ အနောက်ဘက်စွန်း (Western Point of Heinze'Bok Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၂၄' ၁၅"<br>၉၇° ၄၆' ၀၂" |

**၄။ တနင်္သာရီကမ်းရိုးတန်း**

| | | | |
|---|---|---|---|
| (က) | ဟိန်းဇဲဘုတ်ကျွန်း၏ အနောက်ဘက်စွန်း (Western Point of Heinze'Bok) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၂၄' ၁၅"<br>၉၇° ၄၆' ၀၂" |
| (ခ) | မောင်းမကန်ကျွန်းစု၏ မြောက်ကျွန်း (North Island of Maungmagan Islands) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၀၉' ၀၀"<br>၉၇° ၄၆' ၅၄" |
| (ဂ) | ထုံးတောင်ကျွန်း (West Canister Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၂° ၄၁' ၃၀"<br>၉၇° ၄၃' ၄၀" |
| (ဃ) | ကုရင်ကျွန်း၏ မြောက်ဘက်စွန်း (Northern Point of Saurim Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၂° ၃၀' ၃၀"<br>၉၇° ၄၇' ၄၂" |
| (င) | နာခံကျွန်း၏ အနောက်ဘက်စွန်း (Western Point of Prinsep Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၂° ၀၃' ၀၃"<br>၉၇° ၃၈' ၀၀" |
| (စ) | အနောက်စူလာကျွန်း၏ အနောက်ဘက်စွန်း (Western Point of West Sular Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၁° ၄၇' ၁၅"<br>၉၇° ၂၆' ၁၅" |
| (ဆ) | မြောက်တော်ဝင်ကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western Point of Myauk Taw Win Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၀° ၃၈' ၁၅"<br>၉၇° ၄၁' ၄၅" |
| (ဇ) | တောင်တော်ဝင်ကျွန်း၏ အနောက်ဘက်စွန်း (Western Point of Taung Taw Win Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၀° ၂၈' ၁၂"<br>၉၇° ၄၀' ၄၅" |
| (ဈ) | အောက်ကျွန်းနီကျွန်း (Auk kyun Ni Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၀၉° ၅၁' ၂၄"<br>၉၇° ၅၂' ၁၈" |
| (ည) | တစ်ပင်တိုင်ကျွန်း (Ta Bin Taing Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၀၉° ၄၀' ၄၅"<br>၉၇° ၅၄' ၃၀" |
| (ဋ) | တောင်စွန်းကျွန်း၏ အနောက်ဘက်စွန်း (Western Point of Taung Sune Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၀၉° ၃၅' ၅၄"<br>၉၇° ၅၈' ၁၂" |

**၅။ ပရိပဲရစ်ကျွန်းအုပ်စု (ပါလီပါလဲ့ကျွန်းအုပ်စု)**

| | | | |
|---|---|---|---|
| (က) | နွားသားအမိကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western Point of Cow and Calf Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၅၆' ၀၇"<br>၉၃° ၃၈' ၄၆" |
| (ခ) | အုန်းပင်ကျွန်း၏ အနောက်ဘက်စွန်း (Western Point of Ohn Pin Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၅၂' ၁၅"<br>၉၃° ၃၄' ၀၈" |
| (ဂ) | သဲဖြူကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western Point of Thee Phyu Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၅၁' ၄၀"<br>၉၃° ၃၄' ၁၂" |
| (ဃ) | ဆင်ကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western Point Of Sin Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၅၀' ၅၆"<br>၉၃° ၃၄' ၁၀" |
| (င) | လူခေါင်းကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western Point of Lu Gaung Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၄၇' ၂၄"<br>၉၃° ၃၂' ၅၉" |
| (စ) | လူခေါင်းကျွန်း၏ တောင်ဘက်စွန်း (Southern Point of Lu Gaung Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၄၇' ၀၈"<br>၉၃° ၃၃' ၀၀" |
| (ဆ) | ပါလီပါလဲ့ကျွန်း၏ တောင်ဘက်စွန်း (Southern Point of Preparis Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၅၀' ၁၇"<br>၉၃° ၃၆' ၄၀" |
| (ဇ) | ပါလီပါလဲ့ကျွန်း၏ အရှေ့မြောက်ဘက်စွန်း (North Eastern Point of Preparis Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၅၃' ၅၄"<br>၉၃° ၃၈' ၃၅" |
| (ဈ) | နွားသားအမိကျွန်း၏ အရှေ့ဘက်စွန်း (Eastern Point of Cow & Calf Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၅၅' ၅၂"<br>၉၃° ၃၉' ၀၆" |

**၆။ ကိုကိုးကျွန်းအုပ်စု**

| | | | |
|---|---|---|---|
| (က) | မင်္ဂလာကျွန်း၏ အရှေ့မြောက်ဘက်စွန်း (North Eastern Point of Mingala Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၁၁' ၃၃"<br>၉၃° ၂၂' ၂၀" |
| (ခ) | ညှပ်ဖိနပ်ကျွန်း၏ အနောက်ဘက်စွန်း (Western Point of Slipper Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၁၁' ၂၈"<br>၉၃° ၂၁' ၁၇" |
| (ဂ) | ကိုကိုးလေးကျွန်း၏ အနောက်မြောက်ဘက်စွန်း (North Western Point of Little Co Co Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၀၀' ၅၅"<br>၉၃° ၁၃' ၀၉" |
| (ဃ) | ကိုကိုးလေးကျွန်း၏ တောင်ဘက်စွန်း (Southern Point of Little Co Co Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၃° ၅၈' ၁၈"<br>၉၃° ၁၃' ၂၂" |
| (င) | ချယ်ရီကျွန်း၏ တောင်ဘက်စွန်း (Southern Point of Jerry Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၀၂' ၅၄"<br>၉၃° ၂၁' ၅၂" |
| (စ) | ကိုကိုးကြီးကျွန်း၏ အရှေ့မြောက်ဘက်စွန်း (North Eastern Point of Great Co Co Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၄° ၀၈' ၄၈"<br>၉၃° ၂၂' ၄၁" |

**မှတ်ချက်။** ရခိုင်ကမ်းရိုးတန်း၊ မုတ္တမကွေ့၊ တနင်္သာရီကမ်းရိုးတန်းရှိ အခြေခံအမှတ်များ၏ကိုဩဒိနိတ်များမှာ ၁၉၅၉ ခုနှစ်တွင်ထုတ်ဝေသော ဗြိတိသျှရေပုံအမှတ် (၈၂၄) နှင့် (၂၁၆-က)၊ ၁၉၆၀ ခုနှစ်တွင် ထုတ်ဝေသော ဗြိတိသျှရေပုံအမှတ် (၃၇၇၁)၊ ၁၉၆၄ ခုနှစ်တွင် ထုတ်ဝေသော ဗြိတိသျှရေပုံအမှတ် (၈၂၁)နှင့် (၃၇၇၂)၊ ၁၉၇၅ ခုနှစ်တွင် ထုတ်ဝေထားသော ဗြိတိသျှရေပုံအမှတ်(၂၁၆)တို့မှသတ်မှတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ပါလီပါလဲ့ကျွန်းနှင့် ကိုကိုးကျွန်းအုပ်စုတို့၏ Coordinates များကို WGS-84Datum ဖြင့် တိုင်းတာဖော်ပြထားပါသည်။

**နောက်ဆက်တွဲ (ခ)**

**မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်**


၁။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွားခဲ့သည့် ပင်လယ်ပြင်ဆိုင်ရာ အငြင်းပွားမှုအားပင်လယ်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာခုံရုံးမှ ၂၀၁၂ခုနှစ်၊ မတ်လ ၁၄ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည့် ပင်လယ်နယ်နိမိတ်မျဉ်းမှာ အောက်ဖော်ပြပါအမှတ်များကို ဆက်၍ ရေးဆွဲထားသော မျဉ်းဖြောင့်များ ဖြစ်သည်။ အမှတ် ၈ နှင့် အမှတ် ၉ ဆက်ဆွဲရာတွင်မူ စိန့်မာတင်ကျွန်းမှ ရေမိုင်၁၂မိုင် စက်ဝန်းအတိုင်းဖြစ်သည်-

**ဇယား**

| | | | |
|---|---|---|---|
| (က) | အမှတ် (၁) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၄၂' ၁၅.၈"<br>၉၂° ၂၂' ၀၇.၂" |
| (ခ) | အမှတ် (၂) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၄၀' ၄၅.၀"<br>၉၂° ၂၀' ၂၉.၀" |
| (ဂ) | အမှတ် (၃) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၃၉' ၅၁.၀"<br>၉၂° ၂၁' ၁၁.၅" |
| (ဃ) | အမှတ် (၄) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၃၇' ၁၃.၅"<br>၉၂° ၂၃' ၄၂.၃" |
| (င) | အမှတ် (၅) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၃၅' ၂၆.၇"<br>၉၂° ၂၄' ၅၈.၅" |
| (စ) | အမှတ် (၆) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၃၃' ၁၇.၈"<br>၉၂° ၂၅' ၄၆.၀" |
| (ဆ) | အမှတ် (၇) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၂၆' ၁၁.၃"<br>၉၂° ၂၄' ၅၂.၄" |
| (ဇ) | အမှတ် (၈) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၂၂' ၄၆.၁"<br>၉၂° ၂၄' ၀၉.၁" |
| (ဈ) | အမှတ် (၉) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၂၆' ၃၉.၂"<br>၉၂° ၉' ၅၀.၇" |
| (ည) | အမှတ် (၁၀) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၁၃' ၀၆.၃"<br>၉၂° ၀၀' ၀၇.၆" |
| (ဋ) | အမှတ် (၁၁) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၀၃' ၃၂.၀"<br>၉၁° ၅၀' ၃၁.၈" |

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ့အနုလက်ရာ သစ်သားတံကဲတော်များ



**မောင်သာ(ရှေးဟောင်းသုတေသန)**

ပလ္လင်နောက်မှီဟု မြန်မာအဘိဓာန်က ရိုးရှင်းစွာအဓိပ္ပာယ်ဖွင့်ဆိုသည့် တံကဲသည် သစ်သား(သို့မဟုတ်)အင်္ဂတေကို ချူးပန်းချူးနွယ် ကနုတ်များဖြင့် အလှဆင်ထုလုပ်သည့် မြန်မာ့ရိုးရာ ပန်းပုနှင့် ပန်းတော့ အနုပညာလက်ရာဖြစ်သည်။

မြန်မာ့ဗိသုကာပညာတွင် စုလစ်မွမ်းချွန်ဟုခေါ်သည့် အပြောက်အမွမ်းများကို သစ်သား၊ ကျောက်၊ အင်္ဂတေ၊ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သတ္တု စသည်တို့ဖြင့် ပြုလုပ်လေ့ရှိသည်။ မြန်မာတို့သည် အပြောက်အမွမ်းများကို ရုပ်လုံး၊ ရုပ်ကြွ၊ ရုပ်ခုံးများဖြင့် ပုံသဏ္ဍာန်အမျိုးမျိုး ပုံဖော်ကြသကဲ့သို့ ဘီလူးပန်းဆွဲ၊ ဂဠုန်၊ ကိန္နရာ၊ သိကြားမင်း၊ ဥဒေါင်း၊ ဆင်၊ခြင်္သေ့စသည့် အရုပ်များကိုလည်း ပန်းကနုတ်များဖြင့် လက်ရာမြောက်စွာ အလှဆင်ထုလုပ်ကြသည်။

ယင်းအပြောက်အမွမ်းများအနက် သစ်သားတံကဲ အနုလက်ရာများကို မြန်မာနိုင်ငံ အနှံ့အပြားရှိ စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်း၊ တန်ဆောင်းစသည့် သာသနိကအဆောက်အအုံများတွင် အများဆုံး တွေ့ရှိနိုင်သည်။ တံကဲကို ပလ္လင်နှင့်တွဲ၍ ပလ္လင်တံကဲဟုခေါ်ဆိုပြီး မြန်မာအဘိဓာန်က ပလ္လင်ကို မြင့်မြတ်သောပုဂ္ဂိုလ်တို့ထိုင်ရန် ပြုလုပ်ထားသောခုံမြင့်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထို့ကြောင့် တံကဲသည် ပန်းကနုတ်၊ ချူးပန်းချူးနွယ်များဖြင့် အလှဆင်ထားသည့် ပလ္လင်ခုံအမှီအထောက်ပင် ဖြစ်ပေသည်။ ပလ္လင်တံကဲတွင် ခြင်္သေ့၊ ဆင်ပျံ၊ လောကနတ်၊ ဒေါင်းမြီးယပ်၊ ဆင်နား၊ တံခါးတိုင်၊ သိကြား၊ ကိန္နရာ၊ သမ္မာဒေဝ၊ ချူး၊ ကြာ၊ ဦးဆောက်ပန်းဟူသည့် နေရာ ၁၂ ခု ထည့်သွင်းပြုလုပ်လေ့ရှိရာ ခြင်္သေ့ကို ပလ္လင်အောက်ခုံနေရာတွင် အများဆုံး ထုလုပ်ကြသည်။

မြန်မာ့တံကဲတွင် သစ်သားတံကဲများအပြင် ဘုရားစေတီတော်များ၏ မုခ်ပေါက်များ၌ အုတ်အင်္ဂတေဖြင့် ပြုလုပ်သည့် မုခ်ကပ်တံကဲများကိုလည်း တွေ့ရှိနိုင်သည်။ မုခ်ဟူသည့်ဝေါဟာရသည် ပါဠိဝေါဟာရ မုခမှ ဆင်းသက်လာပြီး အပေါက်ဟု အဓိပ္ပာယ်ရှိသည်။ ဘုရားတန်ဆောင်းများ၏ ဝင်ပေါက်အထက်ပိုင်း မုခ်ခုံးနှင့် ဝင်ပေါက်မုခ်ဝနေရာများတွင် အင်္ဂတေတံကဲများကို တွေ့ရှိနိုင်သည်။ ယင်းတို့ကို ပန်းကနုတ်နှင့် ကြာပွင့်ကြာဖတ်များဖြင့် မွမ်းမံအလှဆင်ကာ မုခ်ဦး၊ ပြတင်းနှင့် တံခါးပေါက်များတွင် မုခ်ကပ်များအဖြစ် တပ်ဆင်ကြသည်။ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများရှိ မုခ်တံကဲများကိုမူ သစ်သားဖြင့် အများဆုံးပြုလုပ်ကြပြီး ပန်းကနုတ်များတွင် သိကြားမင်း၊ နတ်၊ ကျေး၊ ဒေါင်း အစရှိသည့် ရုပ်တုများကိုပါ ထည့်သွင်းထုလုပ်ကြသည်။

ဇာတ်တော်၊ နိပါတ်တော်များထဲမှ ဇာတ်ကွက်များကို ပန်းခက်ပန်းနွယ်များနှင့် ပုံဖော်ထားသည့် ပလ္လင်တံကဲများသည် သစ်သားပြားများကို သုံးထပ်၊ ငါးထပ်၊ ရှစ်ထပ် စသည်ဖြင့် အလွှာများပြုလုပ်၍ အနုစိတ်ပုံဖော်သည့် မြန်မာ့လက်မှုအနုပညာ လက်ရာများဖြစ်ကြသည်။ ယခုအချိန်တွင် ပုဂံ၊ အင်းဝ၊ ညောင်ရမ်းခေတ်လက်ရာ သစ်သားတံကဲများသည် ဆွေးမြည့်ပျက်စီးမှုကြောင့် များစွာမကျန်ရှိတော့ဘဲ ကုန်းဘောင်ခေတ်လက်ရာ သစ်သားတံကဲများကိုသာ အများဆုံး တွေ့ရှိနိုင်ကြပေသည်။

**တံကဲရုပ်လုံးရုပ်ကြွများ**

သစ်သားတံကဲများတွင် ရုပ်လုံး၊ ရုပ်ကြွနှင့် ရုပ်ခုံးများကို ထုလုပ်လေ့ရှိသည်။ ရုပ်လုံးသည် ရှေ့နောက်၊ ဘယ်ညာ၊ အပေါ်အောက် ခြောက်ဘက်လုံးမြင်နိုင်သည်။ ရုပ်ကြွသည် ရုပ်လုံးကဲ့သို့ ခြောက်ဘက်လုံး မမြင်ရသော်လည်း ရုပ်လုံးနီးပါး ပေါ်လွင်ထင်ရှားသည်။ ရုပ်ခုံးသည် ရှေ့တစ်မျက်နှာတည်းသာ ပေါ်လွင်စေရန် ထုလုပ်ထားသည့်ရုပ်တုဖြစ်သည်။ ရုပ်လုံးကို တစ်ကိုယ်လုံး အသေးစိတ်မြင်နိုင်ရန် ထုလုပ်ပြီး ရုပ်ကြွနှင့် ရုပ်ခုံးကို ယင်းတို့ကိုထားရှိမည့် အမှီအတွယ်များပေါ်တွင်ကပ်၍ ထုလုပ်ကြသည်။

သစ်သားပေါ်တွင် ရုပ်ကြွ၊ ရုပ်ခုံး၊ ရုပ်လုံးများကို ပန်းနွယ်ပန်းခက်များနှင့် ပေါင်းစပ်ထုလုပ်ထားသည့် တံကဲများသည် ခေတ်ကာလနှင့် နေရာဌာနကိုလိုက်၍ အဆင်တန်ဆာများ ကွဲပြားသည်။ ကုန်းဘောင်ခေတ်မတိုင်မီကပင် သစ်သားနှင့် အင်္ဂတေတံကဲများကို ထုလုပ်ခဲ့ကြသော်လည်း ကုန်းဘောင်ခေတ်လက်ရာ တံကဲများသည် အနုစိတ်ပုံဖော်မှုများပြားကာ အနုပညာလက်ရာ အပီပြင်ဆုံး ဖြစ်လာခဲ့သည်။

အလွှာအထပ်များပြုလုပ်ကာ အလှဆင်ထားသည့် တံကဲတော်များအနက် ပခုက္ကူမြို့ရှိ ရွှေကူတံကဲတော်သည် အလွန်ထင်ရှားကာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလေ့ရှိသည်။ သီဟိုဠ်ရှင်ဘုရားရှိ အလွန်လက်ရာမြောက်သည့် မူလတံကဲတော်များသည် မီးလောင်ကျွမ်းခံရခြင်းကြောင့် မရှိကြတော့ဘဲ ဓာတ်ပုံကိုသာ မြင်ကြရသည်။

ထင်ရှားသော တံကဲများရှိသည့် ပခုက္ကူမြို့သည် မကွေးတိုင်းဒေသကြီးအတွင်း ဒုတိယအကြီးဆုံးဖြစ်ပြီး မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ပေါက်မြို့နယ်တို့နှင့် ထိစပ်လျက် ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိနေသည်။ မန္တလေးမြို့မှ အနောက်တောင်ဘက်သို့ ၇၅ မိုင်ကွာဝေးသည့် ပခုက္ကူမြို့သည် ပိဋကတ်စာပေ သင်ကြားသင်ယူမှုထွန်းကားသည့် ဒေသတစ်ခုဖြစ်ကာ များစွာသော ပရိယတ္တိစာသင်တိုက်များနှင့် သာသနိကအဆောက်အအုံများ တည်ရှိသည်။ သီဟိုဠ်ရှင်မြတ်စွာဘုရားခေါ် ဘုရားကြီး၊ ရွှေကူဘုရားနှင့် ရွှေမုဋ္ဌောဘုရားတို့သည် ပခုက္ကူမြို့ပေါ်ရှိ ထင်ရှားသောဘုရားများဖြစ်ကြပြီး ပခုက္ကူမြို့နယ်အတွင်းရှိ ရွှေတန့်တစ်ဘုရားသည်လည်း ကျော်ကြားသော ဘုရားတစ်ဆူဖြစ်သည်။

**သီဟိုဠ်ရှင် တံကဲတော်နှစ်ခု**

ပခုက္ကူမြို့ရှိ သီဟိုဠ်ရှင်ဘုရားကြီးသည် ခရစ်နှစ် ၁၁၁၇ ခုနှစ်တွင် အလောင်းစည်သူမင်းလှူဒါန်းခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်ဖြစ်သည်။ အသောကရာမမင်းက သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿအား ပေးအပ်ခဲ့သည့် ဒက္ခိဏသာခါ မဟာဗောဓိသစ်တော်ဖြင့် ရုပ်ပွားတော်ကို ထုလုပ်ထားသဖြင့် သီဟိုဠ်ရှင်ဘုရားဟု ဘွဲ့မည်တွင်ခဲ့သည်။ သီဟိုဠ်ရှင်ဘုရားတွင် ဗုဒ္ဓဆင်းတုတော်သုံးဆူရှိသည့်အနက် တစ်ဆူက အလောင်းစည်သူမင်း၏ ကုသိုလ်တော်ဖြစ်ပြီး ကျန်နှစ်ဆူက ရွာအုပ်၏ ကုသိုလ်တော်ဖြစ်သည်။

သီဟိုဠ်ရှင်ဘုရားတွင် ၁၉၆၄ ခုနှစ်အထိ တံကဲတော်နှစ်ခုရှိခဲ့ပြီး အရှေ့တံကဲတော်သည် မတ်ရပ်ရုပ်ပွားတော် သုံးဆူ၏ မုခ်အဝင်၌လည်းကောင်း၊ အနောက်တံကဲတော်သည် ရုပ်ပွားတော်သုံးဆူ၏ နောက်ကျောတွင်လည်းကောင်း တည်ရှိခဲ့သည်။ ယင်းတံကဲတော်နှစ်ခုသည် ၁၉၆၄ ခုနှစ် ဧပြီလတွင် သီဟိုဠ်ရှင်ဘုရား ဂန္ဓကုဋိတိုက်၊ တန်ဆောင်းတော်များနှင့်အတူ မီးလောင်ကျွမ်းခံခဲ့ရသည်။ သီဟိုဠ်ရှင်ဘုရားတွင် မီးလောင်ကျွမ်းသွားသော တံကဲများအစား တံကဲအသစ်တစ်ခုကို ယနေ့ခေတ်လက်ရာဖြင့် ပြန်လည်ပြုလုပ်ထားရာ ယင်းတံကဲသည်လည်း ခမ်းနားလှပကြောင်း တွေ့ရှိနိုင်ပေသည်။

မူလ အရှေ့တံကဲတော်ကို ပန်းပုလက်ရာ အပြောက်အမွမ်းများဖြင့် မွမ်းမံပြီး လှပဆန်းကြယ်စွာထုလုပ်ခဲ့ရာ တံကဲတော်သည် နတ်လူဗြဟ္မာများက ဘုရားရှင်အား ပူဇော်ရန် ပန်းဆိုင်းကြီးတစ်ခု ချိတ်ဆွဲထားသည့်နှယ် ဖြစ်ပေသည်။ အရှေ့တံကဲတော်ကို ပန်းပုဆရာဦးကံကြီးနှင့် သား ဦးတေတို့က မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ် ဝါဆိုလပြည့်နေ့တွင် စတင်ထုလုပ်ခဲ့သည်။ တံကဲအလှူရှင်မှာ ပခုက္ကူမြို့နယ် မဲဇလီပင်ကုန်းရွာမှ ဦးစံနှင့် ဒေါ်ကြူးဖြစ်ပြီး လက်ခငွေ ၁၀၀၀ ကျပ် ဖြင့် ဦးကံကြီးနှင့် ဦးတေတို့ထံ အပ်နှံခဲ့သည်။

တံကဲလက်ရာရှင်နှစ်ဦးသည် ယမနေသစ်တုံးသုံးတုံးကို ချိတ်ဆက်၍ ပန်းဆိုင်းတစ်ခုအသွင် ထုလုပ်ခဲ့ရာ အချိန်တစ်နှစ် ကြာမြင့်ခဲ့သည်။ တံကဲပေါ်တွင် ဘုရားရှင် ဓမ္မစကြာဟောတော်မူခန်းမှ ပရိနိဗ္ဗာန်ပြုခန်းအထိ ဗုဒ္ဓဝင်ဇာတ်ကွက်များကို မင်း၊ မိဖုရား၊ နတ်၊ သိကြား၊ နတ်သားများ အပါအဝင် ရုပ်လုံး၊ ရုပ်ကြွ၊ ရုပ်ခုံး ၁၀၀၀ နီးပါးဖြင့် ပုံဖော်ထုလုပ်ခဲ့သည်။

သီဟိုဠ်ရှင် အနောက်တံကဲတော်ကိုလည်း ပန်းပုဆရာ ဦးကံကြီးနှင့် သားဦးတေတို့ကပင် ထုလုပ်ခဲ့ပြီး အလှူရှင်မှာ ပခုက္ကူ မြို့ပန်းတောရပ် ပိုးတန်းလမ်းမှ ဒေါ်အိမ်မင်းဖြစ်သည်။ အနောက်တံကဲ ထုလုပ်ခသည် ကျပ် ၃၀၀၀ ဖြစ်ပြီး သုံးနှစ်ကြာ ထုလုပ်ခဲ့ရကာ မြန်မာသက္ကရာဇ် ၁၂၇၁ ခုနှစ် တပေါင်းလပြည့်တွင် ပြီးစီးခဲ့သည်။ တံကဲတော်ကို ယမနေသစ်တုံးတစ်တုံးတွင် ပန်းရှစ်ထပ်ပြုလုပ်၍ ဗုဒ္ဓဝင် တောထွက်ခန်းနှင့် ဝိဓူရဇာတ်တော်မှ ဇာတ်ဝင်ခန်း ၂၅ ခန်းကို လက်ဝဲဘက်တွင် ၁၅ ခန်း၊ လက်ယာဘက်တွင် ၁၀ ခန်း ထုလုပ်ခဲ့သည်။ အနောက်တံကဲတွင်ထုလုပ်ထားသည့် ဗုဒ္ဓဝင်တောထွက်ခန်းကိုကြည့်၍ ဇာတ်ဆရာ အမယ်ကြီးအိုဦးအောင်စိန်က ရွှေမန်းဦးတင်မောင်ကို ကပြစေခဲ့သည်ဟု ဆိုကြသည်။

**ရွှေကူတံကဲ**

ပခုက္ကူသို့ရောက်ရှိလာသည့် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားကြသည့် ကမ္ဘာကျော်တံကဲတော်ကြီးကို ရွှေကူမြတ်စွာဘုရား ဂန္ဓကုဋိတိုက်အတွင်း အရှေ့ဘက်တွင် မှန်သေတ္တာဖြင့် ထိန်းသိမ်းပြသထားသည်။

ဉာဏ်တော် ၅ ပေ ၂ လက်မမြင့်သော ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်၏ နောက်ကျောဘက်ရှိ တံကဲတော်သည် အလျား ၅ ပေ ၁၀ လက်မ၊ အမြင့် ၁၂ ပေ ၁၀ လက်မနှင့် ထု ရှစ်လက်မရှိသော ယမနေသား တံကဲကြီးဖြစ်သည်။ တံကဲတော်ကို အထပ်ရှစ်ထပ်ပြုလုပ်၍ ပန်းပုရုပ် ၁၃၆ ရုပ်နှင့် တိရစ္ဆာန် ၁၈ ရုပ် ထည့်သွင်းထုလုပ်ထားသဖြင့် အလွန်လက်ရာမြောက်လှပေသည်။

ရွှေကူတံကဲ၏ လက်ရာရှင်မှာ ဦးကံကြီးတို့ သားအဖပင်ဖြစ်ပြီး ရွှေကူတံကဲ တော်အနီးတွင် ကမ္ဘာ့အံ့ဖွယ်ရာ ရွှေကူတံကဲတော် အမည်ဖြင့် ရေးသားထားသည့် မှတ်တမ်းစာ၌ သက္ကရာဇ် ၁၂၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်နေ့တွင် လက်ခငွေ ငွေဒင်္ဂါးပြား ၄၀၀၀ ဖြင့် လက်ခံကာ လေးနှစ်ကျော်ထုလုပ်ပြီး တံကဲ၏ ထု ရှစ်လက်မ၊ ပန်းရှစ်ထပ်နှင့် သစ်တုံးငါးတုံးဖြင့် ပန်းရုပ်လုံးများ ထုခဲ့ရကြောင်း ရေးသားထားသည်ကို ဖတ်ရှုရပေသည်။

ရွှေကူတံကဲအလှူရှင်မှာ ပခုက္ကူမြို့ ဈေးဟောင်းကျောင်းတော်ရာလမ်း တိုက်နံပါတ်(၅၇၅)နေ ဦးဟင်းငါးနှင့် ဇနီး ဒေါ်ဇီးဇံ၊ သမီး မယ်သစ်၊ မယ်မြစ်တို့ ဖြစ်ကြသည်။ ရွှေကူတံကဲတော်၏ ဝဲဘက်ပန်းကနုတ်ပေါ်တွင် 'ဆြာဦးကံကြီး၊ သားမောင်တေ'ဟုလည်းကောင်း၊ ညာဘက် ပန်းကနုတ်ပေါ်တွင် 'မဆီးဆံ၊ ကိုဟင်းငါး၊ မမယ်သင်ကောင်းမှု'ဟုလည်းကောင်း မှတ်တမ်းတင် ထွင်းထုထားသည်။

ဦးကံကြီး၏ဖခင် ဦးရှိန်းသည် မင်းတုန်းမင်းလက်ထက်က လက်စွဲတော်ပန်းပုဆရာတစ်ယောက် ဖြစ်ခဲ့ပြီး ဦးကံကြီးနေထိုင်ခဲ့သည့် သစ်ကြီးတောလေးတန်းသည် ပန်းပုအကျော်အမော်များ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့သည့် ကျေးရွာဖြစ်သည်။ ဦးကံကြီးနှင့် သားဦးတေတို့သည် ရွှေကူတံကဲထုလုပ်ရန် စူးဆောက်တန်ဆာကိရိယာ ၅၀ ကျော်ကို မိမိတို့စိတ်တိုင်းကျ ပြုလုပ်ခဲ့ကြသည်။

ပန်းပုပညာရှင်နှစ်ဦးသည် ရွှေကူတံကဲပေါ်တွင် ဒေဝါရောဟဏဇာတ်၊ နေမိဇာတ်၊ သာမိဏဇာတ်နှင့် ဗိမ္ဗိသာရဇာတ်များမှ ဇာတ်ဝင်ခန်း ၁၂ ခန်းကို ထွင်းထုခဲ့သည်။ ရွှေကူတံကဲ၏ အပေါ်ဆုံးအလွှာ၌ ဘုရားရှင်သည် တာဝတိံသာနတ်ပြည်တွင် မယ်တော်မိနတ်သားနှင့် ပရိသတ်အပေါင်းအား အဘိဓမ္မာတရားတော်များ ဟောကြားတော်မူပြီး ရွှေ၊ ငွေ၊ ပတ္တမြား စောင်းတန်းသုံးသွယ်မှ လူ့ပြည်သို့ ဆင်းသက်လာပုံကို ရုပ်တုပေါင်း ၂၁ ခုဖြင့် ပုံဖော်ထားသည်။

သင်္ကဿနဂိုရ်ပြည် တောင်တံခါးသို့ အလယ်ပတ္တမြားစောင်းတန်းမှ ဘုရားရှင်ကြွဆင်းလာပုံကို ထုလုပ်ထားရာတွင် ပန်းပုရုပ် ၃၃ ရုပ်ပါရှိပြီး လိုက်ပါပို့ဆောင်ကြသော မာတလိ၊ ဝိသကြုံနတ်သား၊ ဗြဟ္မာကြီးများနှင့် ခရုသင်းမှုတ်သူ၊ ထီးတော်မိုးသူ၊ သားမြီးယပ်ခတ်ပေးသူ၊ တူရိယာများ တီးခတ်လိုက်ပါလာကြသူများသည် အသက်ဝင်လှသဖြင့် ရွှေကူတံကဲတော်သည် ကမ္ဘာကျော် တံကဲတစ်ချပ်ဖြစ်လာ ခဲ့ပေသည်။

တံကဲတော်၏လက်ယာဘက် အထက်ပိုင်းတွင် နေမိဇာတ်တော်နှင့် လက်ဝဲဘက်အထက်ပိုင်းတွင် သာမိနဇာတ်တော်မှ ဇာတ်ကွက်များကို မြင်တွေ့ရသည်။ နေမိမင်းနှင့် သာမိနမင်းတို့ကို မြင်းသုံးကောင်ကသော ရထားဖြင့် နတ်ပြည်သို့ ခေါ်ဆောင်သွားပုံသည် ပန်းရှစ်ထပ်အတွင်းမှ ရထားထွက်လာတော့မည့်အလား ထင်မှတ်ရပေသည်။ တံကဲပေါ်မှ ငှက်ငယ်များ အစာခွံ့နေပုံ၊ မြူးတူးပျော်ပါးနေပုံ ရုပ်ထုများကို မြင်ရသည်မှာ တောတောင်အတွင်းသို့ ကိုယ်တိုင်ရောက်နေသည်ဟုပင် ခံစားကြရပေသည်။

ဗိမ္ဗိသာရဇာတ်ကွက်တွင် ထုလုပ်ထားသည့် ဇာတ်ရုပ်များသည် လက်ရာမြောက်လွန်းသဖြင့် အမယ်ကြီးအိုဦးအောင်စိန်က ရွှေမန်းဦးတင်မောင်အား ဗိမ္ဗိသာရဇာတ်တော်ကို တံကဲတော်တွင် ထုလုပ်ထားသည့်အတိုင်း ကပြရန် အကြံပေးခဲ့ပြီး ရွှေမန်းဦးတင်မောင် ဇာတ်ပွဲများတွင် ထိုဇာတ်ဝင်ခန်းအတိုင်း ကပြခဲ့သည်ဟု ဆိုကြသည်။ ဒေဝဒတ်က အဇာတသတ်မင်းသားအား ဖခင်ကိုသတ်ပြီး မင်းပြုရန် အကြံပေးနေပုံ၊ ဖခင်အားနန်းချ၍ အကျဉ်းချထားပုံ၊ ဝေဒေဟီမိဘုရားကြီးက ဗိမ္ဗိသာရမင်းကြီးကို စတုမဓုသုတ်လိမ်းထားသောမြတဘက် ဆက်သနေပုံ၊ ပါးကွက်သားများက မင်းကြီး၏ ခြေဖဝါးကို ဓားဖြင့်ခွဲနေပုံတို့သည် အသက်ဝင်လှသည်။

ပန်းပုဆရာဦးကံကြီးသည် ရွှေကူတံကဲတော်ကြီးကို မထုလုပ်မီ ပုံစံငယ်ပြုလုပ်ပြီး ဆရာတော်များနှင့် အလှူရှင်များကိုပြသပြီး တိုင်ပင်ဆွေးနွေးခဲ့သည်။ ဦးကံကြီးသည် မိမိ၏ ပညာ၊ စေတနာ၊ သဒ္ဓါ အားလုံးတို့ကို ရွှေကူတံကဲတော်ကြီးတွင် မြှုပ်နှံကာ ပညာကုန်ထုလုပ်ခဲ့ပြီးနောက် အသုံးပြုခဲ့သည့် စူး၊ ဆောက်၊ တန်ဆာပလာကိရိယာအားလုံးကို ဧရာဝတီမြစ်ထဲသို့ စွန့်ပစ်ခဲ့သည်ဟု ဆိုကြသည်။

**ရွှေတန့်တစ် တံကဲတော်**

ရွှေတန့်တစ်ဘုရားသည် ပခုက္ကူမြို့မှ အရှေ့ဘက် သုံးမိုင်အကွာတွင်တည်ရှိပြီး ဘုရား၏ ဂန္ဓကုဋိတိုက်တွင် သရက္ခန်ရုပ်ပွားတော်တစ်ဆူကို ဆင် ၁၄ ကောင်ခံထားသည့် ပလ္လင်ပေါ်၌ ပူဇော်ထားရှိသည်။ ဆင်ခံ သရက္ခန်ရုပ်ပွားတော် ခြောက်ဆူအနက် ရွှေတန့်တစ်သရက္ခန်သည် တစ်ဆူအပါအဝင်ဖြစ်ပြီး ရုပ်ပွားတော် အမှီပြုသီတင်းသုံးနေသည့် တံကဲတော်သည် အမြင့် ၁၃ ပေ ၃ လက်မ၊ အနံ ၁၀ ပေ ရှိသည်။

ရွှေတန့်တစ် တံကဲတော်တွင် ကနုတ်ပန်းနွယ်၊ ကြာနွယ်ကြာရိုးများကို အခွေအလိပ် အတွန့်အချွန်များဖြင့် အလှဆင်ထားသည်။ တံကဲအလှူရှင်များမှာ ရွှေတန့်တစ်ကျေးရွာမှ ဦးတိုး၊ ဒေါ်အို၊ သားဦးဖေ၊ ဒေါ်ဘွင့်၊ မြေး ကိုငွေဖုံနှင့် မမြတို့ဖြစ်ကြသည်။ တံကဲတော်ကို ရွှေတန့်တစ်ရွာမှ ဦးချမ်းသာနှင့် ပခုက္ကူမြို့မှ ဆရာအေးတို့က ခရစ်နှစ် ၁၉၇၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ၃ နှစ် ၂လ နှင့် ၁၀ ရက်ကြာ ထုလုပ်ခဲ့ကြသည်။ ထုလုပ်ခမှာ ငွေဒင်္ဂါး ၁၅၀၀ ကျပ်ဖြစ်သည်။

တံကဲတော်ကို ကျွန်းသစ်နှင့် ယမနေသစ်တုံး ၁၃ လုံးကို ပေါင်းစပ်၍ ဝိဓူရ ဇာတ်တော်လာ ဇာတ်ဝင်ခန်း ၁၃ ခန်းကို ထုလုပ်ထားရာ အချို့နေရာတွင် ပန်းရှစ်ထပ်၊ အချို့နေရာတွင် ပန်းသုံးထပ်ရှိသည်။ ဝိဓူရ ပညာရှိအမတ်ကြီးနှင့် သိကြားမင်း၊ ဂဠုန်မင်း၊ နဂါးမင်း၊ ကောရဗျမင်းတို့ ဆွေးနွေးခန်းမှစ၍ ပုဏ္ဏကဘီလူးက ဝိဓူရ အမတ်ကြီးကို ဘောဂဝတီ နဂါးပြည်မှ ကာဠာဂိရိပဗ္ဗတနဂိုရ်ပြည်သို့ ပြန်လည်ပို့ဆောင်ခန်းအထိ မင်း၊မိဖုရား၊ နဂါး၊ဂဠုန်၊ မင်းမှူးမတ်တို့ကို ကြွနေအောင် ထုလုပ်ထားသည်။

ပခုက္ကူမြို့ရှိ တံကဲများအပါအဝင် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ် သစ်သားပလ္လင်တံကဲတော်များသည် ပန်းပုလက်ရာ အနုပညာကို ဆန်းကြယ်လှပစွာ ပုံဖော်ထားသည့် အနုစိတ် အပြောက်အမွမ်းများ ဖြစ်ကြပေသည်။ တံကဲတော်များတွင် ထုလုပ်ထားသည့် ကနုတ်များတွင် ချူးပန်းချူးနွယ်၊ ပန်းခက်ပန်းတက်၊ ပန်းညွှန့်ပန်းတွန့်များကို ထည့်သွင်းခဲ့ကြသည်။ သစ်သားတံကဲများကို ပလ္လင်နောက်မှီများအဖြစ်သာမက အင်းဝဗားဂရာကျောင်း၊ ပခန်းကြီးကျောင်း စသည့် ရှေးဟောင်းသစ်သားကျောင်းကြီးများ၏ ဝင်ပေါက်များတွင် မုခ်ကပ်တံကဲများအဖြစ်လည်း မြင်တွေ့နိုင်ကြသည်။

သစ်သားတံကဲများသည် သစ်ကိုအသုံးပြု၍ ထုလုပ်ရသဖြင့် နှစ်ကာလရှည်ကြာစွာ တည်တံ့စေရန် အမိုးအကာအောက်တွင် ထားရှိကြသည်။ သို့သော်လည်း သစ်သားတွင် ရာသီဥတုဒဏ်နှင့် အင်းဆက်ပိုးများ၏ အန္တရာယ်အပြင် မီးလောင်ခြင်းစသည့် လူသားများ၏ပယောဂ အန္တရာယ်များလည်း ကျရောက်နိုင်သဖြင့် တံကဲတော်များကို အန္တရာယ်မျိုးစုံမှကာကွယ်ကာ ထိန်းသိမ်းစောင့်ရှောက်မှုပြုကြခြင်းဖြင့် မြန်မာ့အနုလက်ရာ သစ်သားတံကဲတော် အမွေအနှစ်များကို နောင်မျိုးဆက်ပေါင်းများစွာသို့ လက်ဆင့်ကမ်းနိုင်ကြမည်ဖြစ်ပေသည်။ ။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်းများ**

**ရွှေကူမြတ်စွာဘုရားကြီးသမိုင်း(အရှင်ကေလာသ)**

**ပလ္လင်တံကဲ (လှိုင်ဝင်းဆွေ)**

## မှုခင်းသတင်းတိုများ

### ဒုတိယတန်းကျောင်းသူတစ်ဦးအား သတ်ပြီး ရွှေနားကွင်းဖြုတ်ယူခံရ

မအူပင်မြို့နယ် ဘီးလင်းကျေးရွာ၌ ဒုတိယတန်းကျောင်းသူလေးတစ်ဦးအားသတ်၍ ရွှေနားကွင်းဖြုတ်ယူသွားမှု ဇူလိုင် ၂၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ ကျောင်းသူလေးသည် ကျောင်းသို့သွားပြီးနောက် မုန့်စားရန်အတွက် အနီးရှိ ရွာဈေးဆိုင်သို့ သွားရောက်ဈေးဝယ်ပြီးနောက် ကျောင်းတက်ချိန်အထိ ပြန်ရောက်မလာသဖြင့် ဆရာ၊ ဆရာမများက မိဘများထံအကြောင်းကြား၍ လိုက်လံရှာဖွေရာ ကျောင်းနှင့်ဈေးဆိုင်ကြားရှိ လယ်ကွက်ထဲ၌ လည်ပင်းညှိမဲဒဏ်ရာများဖြင့် သေဆုံးလျက်ရှိကာ ဝတ်ဆင်ထားသော ရွှေနားကွင်းမှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လူသတ်ပြီး ရွှေနားကွင်းဖြုတ်ယူသွားသူအား စုံစမ်းအရေးယူပေးရန် ဖခင်ဖြစ်သူ ဦးမျိုးမြင့်က ကျွဲဒုံးနယ်မြေရဲစခန်း၌ တိုင်တန်းခဲ့၍ စခန်းမှူး ရဲအုပ်မြင့်ဇော်က အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးနိုင်ရေး စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**ပုသိမ်လှကြည်**

### (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနီး၌ပိတောက်တုံးများဖမ်းဆီးရမိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနီး၌ တရားမဝင်ပိတောက်သစ်ခွဲသားများ သယ်လာသောယာဉ်တစ်စီးကို ဇူလိုင် ၂၂ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ကုန်သွယ်ရေးဇုန်အနီး၌ တရားမဝင်ယာဉ်များဖြတ်သန်းသွားလာလျက်ရှိကြောင်းသတင်းအရ ခေတ္တဇုန်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းက ရဲတပ်ဖွဲ့ဝင်များအား အသိပေးတိုင်ကြားခဲ့၍ ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးမှုများဆောင်ရွက်စဉ် မန်မော်ကျေးရွာအတွင်း ရှောင်ကွင်းလမ်းထိပ်ရှိ မူဆယ်မောင်းတံဂိတ်အနီး၌ ရပ်တန့်ထားသော ခြောက်ဘီးထော်လာဂျီပေါ်မှ တရားမဝင်တင်ဆောင်လာသော ပိတောက်တုံးများကို တွေ့ရှိသဖြင့် ယာဉ်ကို ကုန်သွယ်ရေးဇုန်အတွင်း ယူဆောင်လာပြီး ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူများက ချတိုင်းစစ်ဆေးရာ ပိတောက်သစ်ခွဲသားဆိုက်စုံ အတုံး ၃၀ ကျော်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။ ဖမ်းမိသော ထော်လာဂျီယာဉ်နှင့် ယာဉ်ပေါ်ပါ ပိတောက်တုံးများနှင့် ပတ်သက်၍ အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်ရန် ကုန်သွယ်ရေးဦးစီးဌာနက အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

### ဖျာပုံမြို့နယ်အတွင်း ကျွဲ ၃၈ ကောင်ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ရွှေထီးကျေးရွာအနီး ဇျိုက်တောကွင်းထဲ၌ ကျွဲ ၃၈ ကောင်ကို ဇူလိုင် ၂၂ ရက်က ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ပိုင်ရှင်မဲ့ကျွဲများတွေ့ရကြောင်း သတင်းအရ ဖျာပုံခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်ဇော်ထိုက်နှင့် တပ်ဖွဲ့ဝင်များ၊ ကျုံကဒွန်းနယ်မြေ ရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဒေါ်ညိမ်းကျေးရွာ ရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ကျွဲထီး ၁၉ ကောင်နှင့် ကျွဲမ ၁၉ ကောင် စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၆၈ သိန်းခန့်ကို ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(ဖျာပုံ)**

### ဗန်းမော်မြို့နယ်၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ခိုကျင်ကျေးရွာရှိ နေအိမ်တစ်အိမ်မှ တရားမဝင်သစ်များ ဇူလိုင် ၁၉ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ တရားမဝင်သစ်သတင်းအရ အဆိုပါကျေးရွာနေ ဦးစံပြေ၏ နေအိမ်ခြံဝင်းအတွင်း ဗန်းမော်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့်အဖွဲ့က သက်သေများနှင့်တူ ဝင်ရောက်ရှာဖွေရာ တရားမဝင် ပိတောက်ခွဲသားဆိုက်စုံ ၂၈၉ ချောင်း(အလေးချိန် ၇ ဒသမ ၃၄၃၈ တန်)ကို ဦးစံပြေ၊ ဦးခေါင်ဒေါင်၊ ဦးအောင်လတိုနှင့်အတူ ဖမ်းမိခဲ့ပြီး ၎င်းတို့အားစစ်ဆေးချက်အရ မိုးမောက်မြို့နေ ဦးနောနောင်၏သစ်များဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဗန်းမော်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

### ခြောက်ဘီးကားနှင့် ဆိုင်ကယ်တိုက်၍လူတစ်ဦးသေဆုံး

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကျီးတောကျေးရွာအနီး ပုသိမ်-မုံရွာ အဝေးပြေးလမ်းမကြီးပေါ်၌ ခြောက်ဘီးကားနှင့်ဆိုင်ကယ်တိုက်မိမှု ဇူလိုင် ၂၂ ရက်က ဖြစ်ပွား၍ လူတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။ ယာဉ်မောင်း ကျော်ကျော်သက်အောင် မောင်းနှင်လာသော ခြောက်ဘီးယာဉ်ကို ညီညီနိုင်(၃၇ နှစ်)မောင်းနှင်ပြီး နောက်မှ ထက်အာကာ လိုက်ပါစီးနင်းလာသော ဆိုင်ကယ်က ကျော်တက်စဉ် ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ညီညီနိုင်မှာ နေရာတွင် သေဆုံးပြီး ထက်အာကာမှာ (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ထုံးဘိုနယ်မြေရဲစခန်းက အမှုဖွင့်ထားပြီး ရဲအုပ်ဝင်းထွန်းနိုင်က ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

### ကားလမ်းဘေးမြောင်းအတွင်း၌ အလောင်းတစ်လောင်းတွေ့ရှိ

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းကျေးရွာအနီး ညောင်လေးပင်-မဒေါက် ကားလမ်းဘေး မြောင်းထဲ၌ ဇူလိုင် ၂၂ ရက် နေ့လယ်ပိုင်းက အလောင်းတစ်လောင်းတွေ့ရှိကြောင်း သိရသည်။ အဆိုပါလမ်းဘေးရှိ ဘက်ဟိုးဖြင့်တူးထားသော အနက် ၁၈ ပေ၊ အကျယ် ၃၅ ပေရှိ မြောင်းထဲ၌ လူတစ်ဦးသေဆုံးနေသည်ကို တွေ့ရ၍ ညောင်လေးပင်မြို့မရဲစခန်းက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ပုဇွန်မြောင်းကျေးရွာနေ ဇော်လင်းထိုက်ဖြစ်ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ် မဟုတ်ကို ညောင်လေးပင်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ခြောက်လအတွင်း စည်းကမ်းပျက်ယာဉ်များကို အရေးယူမှု ၄၃၁ မှုရှိ



**ဒလ ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဒလမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် စည်းကမ်းပျက် မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များကို ၂၀၁၅ ခုနှစ်မော်တော်ယာဉ် ဥပဒေအတိုင်း အရှိန်အဟုန်မြှင့် အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ စည်းကမ်းပျက်သည့် ကား ၁၁၈ မှုနှင့် ဆိုင်ကယ် ၃၁၃ မှုကို ချလန်ဖြတ်အရေးယူခဲ့ပြီး ယာဉ်တိုက်မှုမှာ ၂၆ မှုရှိခဲ့ကြောင်း ဒလမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်းက စည်းကမ်းပျက်ယာဉ်များကို ချလန်ဖြတ် အရေးယူမှုမှာ မော်တော်ယာဉ် ၂၃၂ မှုနှင့် ဆိုင်ကယ် ၆၂၉ မှု ရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေအတိုင်း ထိရောက်စွာ အရေးယူခဲ့၍ ယခုနှစ်တွင် အရေးယူမှုမှာ ပြီးခဲ့သည့်နှစ်ကထက် သိသိသာသာလျော့နည်းသွားခဲ့ကြောင်း သိရသည်။


ဒလမြို့နယ်သည် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း၌ ပါဝင်ပြီး ယခုအခါ နေအိမ်တိုင်းမှာ အနည်းဆုံး ဆိုင်ကယ်တစ်စီး ပိုင်ဆိုင်အသုံးပြုလျက်ရှိသည်။ ကျေးရွာများတွင်လည်း သွားလာရေး အဆင်ပြေလွယ်ကူရန် ဆိုင်ကယ်နှင့် မော်တော်ယာဉ်များကို ပိုမိုအသုံးပြုလျက်ရှိပြီး မော်တော်ယာဉ်နှင့် ဆိုင်ကယ်အသုံးပြုသူ များပြားလာသည်နှင့်အမျှ ယာဉ်စည်းကမ်းပျက်မှုများမှာလည်း ပိုမိုများပြားလာလျက်ရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာနိုင်သော ပြည်သူများမှာ အနည်းငယ်သာရှိသည်။

ထို့ကြောင့် ဒလမြို့နယ်တွင် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာကြရေးအတွက် သတိပေးလမ်းပြဆိုင်းဘုတ်များ စီစဉ်ဆောင်ရွက်ပေးရန်လည်း လိုအပ်လျက်ရှိကြောင်း၊ သတိပေး လမ်းပြဆိုင်းဘုတ် အနည်းဆုံး ၃၀ ခန့်ကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ အမြန်ဆုံး အကောင်အထည်ဖော် တပ်ဆင်ပေးရန် စီစဉ်ထားကြောင်း၊ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ရာတွင် ယာဉ်တိုက်မှုအဖြစ်များဆုံးနေရာများ၊ လူသွားလူလာများသော နေရာများ၊ စာသင်ကျောင်းများနှင့် မော်တော်ကားဂိတ်၊ ဆိုင်ကယ်ဂိတ်၊ ဆိုက်ကားဂိတ် စသည့်နေရာများတွင် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း အမှတ်(၅၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ရဲအုပ်မျိုးအောင်က ပြောကြားသည်။

ဒလမြို့နယ်အတွင်း၌ လမ်းပြောင်းပြန်မောင်းနှင်မှုများ မရှိစေရန်နှင့် ယာဉ်ကျော်တက်ရာတွင် စည်းကမ်းရှိစေရန်အတွက် လမ်းများပေါ်၌ လမ်းလယ်မျဉ်းများလည်း ရေးဆွဲပြီးဖြစ်ကြောင်း၊ စည်းကမ်းမဲ့မောင်းနှင်မှုများကိုလည်း သတိပေးမှု၊ ပညာပေးမှုနှင့် အရေးယူမှုများ လုပ်ဆောင်နေပြီး လမ်းညွှန်ဆိုင်းဘုတ်များ ပြုလုပ်ပေးပါက ယာဉ်တိုက်မှုများ ပိုမိုလျော့နည်းသွားနိုင်ကြောင်း၊ စည်းကမ်းလိုက်နာမှုနှင့်အတူ ပြည်သူများလည်း အသိနှင့်သတိ ပိုရှိလာမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ကျေးရွာချင်းဆက်ကားလမ်းကို ပြန်လည်ပြုပြင်



**ဗန်းမောက် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ပန်းတောကျေးရွာနှင့် ညောင်ခြေထောက်ကျေးရွာကြားရှိ သဲကျောက်ခင်း ကျေးရွာချင်းဆက်ကားလမ်း၏ ချိုယွင်းပျက်စီးနေသော လမ်းပိုင်းများကို ဒေသခံပြည်သူများ စုပေါင်း၍ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ ပြုပြင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာနေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားတွေဟာ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းတွေအတွက် သွားလာတဲ့အခါမှာ လမ်းပန်းဆက်သွယ်သွားလာရေးတွေက နေ့စဉ်အခက်အခဲတွေ ရှိနေပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က ဦးဆောင်ပြီး လမ်းပြုပြင်တာဖြစ်ပါတယ်"ဟု ပန်းတောကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးမုန်းရွှေက လမ်းပြုပြင်မှု ပြုလုပ်သည့်ရည်ရွယ်ချက်ကို ပြောသည်။

ပန်းတောနှင့် ညောင်ခြေထောက်ကျေးရွာချင်းဆက်လမ်းသည် ၁၂ မိုင်ရှည်လျားပြီး မံထုံဒေသစိတ်အတွက် အဓိကကျသော လမ်းမကြီးဖြစ်ရာ ယခုပြန်လည်ပြုပြင်ပြီး၍ ကားလမ်းကောင်းမွန်သွားပါက ဒေသစိတ်အတွင်းရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကို လွယ်ကူစေမည့်အပြင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင်လည်း ပိုမိုကောင်းမွန်လာစေမည်ဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး**

# ယာယီရေဘေးကယ်ဆယ်ရေးစခန်းမှ ပြည်သူများအတွက် အစားအသောက်များထောက်ပံ့

**ဘားအံ ဇူလိုင် ၂၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းအထက်ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသော ယာယီရေဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူများအား ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများအဖွဲ့ ဇူလိုင် ၂၀ ရက်က လာရောက်ကြည့်ရှုအားပေးကာ စားသောက်ရေးအဆင်ပြေစေရေးအတွက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများ စားသောက်ရေး အဆင်ပြေစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့သော ခုနစ်ရက်စာ ဆန်အိတ်များ၊ သုံးရက်စာ သောက်ရေသန့်များ၊ ငါးသေတ္တာဘူးများကို ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်နယ်ဦးစီးမှူး ဦးလင်းထွန်းနှင့်တာဝန်ရှိသူများက လှူဒါန်းခဲ့ခြင်းဖြစ်သည်။

လှိုင်းဘွဲ့အခြေပြု စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်မြင့်ဦးနှင့် နယ်မြေခံတပ်မှ ဗိုလ်မှူးနိုင်လင်းစိုးတို့ ဦးဆောင်သော တပ်မတော်သားများကလည်း ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်နှင့် ကြက်ဥ၊ ခေါက်ဆွဲခြောက်ထုပ်များကို ဇူလိုင် ၁၉ ရက်က ထောက်ပံ့ပေးထားကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းကာ တောင်ကျချောင်းရေကြောင့် သံလွင်မြစ်ရေမြင့်တက်၍ ရွှေဂွန်းကျေးရွာ အနိမ့်ပိုင်းနေရာဖြစ်သော ရွှေပြည်တော် ရပ်ကွက်နှင့်ရွာသစ်(၂)ရပ်ကွက်တို့တွင် ရေဝင်ရောက်နေသဖြင့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းကို ဇူလိုင် ၁၉ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၂၀ ရက် ညနေပိုင်းအထိ အိမ်ထောင်စု ၄၉ စုမှ လူဦးရေ ၂၄၀ ရောက်ရှိခိုလှုံလျက်ရှိသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ပညာပေးယာဉ်ဖြင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြော

**မင်းလှ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးမော်တော်ယာဉ်ဖြင့် မှုခင်းကျဆင်းရေးဆိုင်ရာ အကြောင်းအရာများကို ဇူလိုင်လ တတိယပတ်အတွင်းက အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မင်းလှမြို့နယ် ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးထင်အောင်လင်းနှင့် ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသိန်းဆန်းဦးတို့က မင်းလှမြို့အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုအကြောင်း၊ မူးယစ်ကင်းစင်ရေးနှင့် မူးယစ်ဆေးအန္တရာယ်၊ သက်ငယ်မုဒိမ်းမှုကာကွယ်ရေး စသည့် အကြောင်းအရာများကို ပညာပေးဟောပြောခဲ့သည်။

**စစ်ကြည်(စလင်း)**

# မတ်ပဲနှင့် ပဲစင်းငုံနီဈေးနှုန်း သုံးနှစ်အတွင်း အနိမ့်ဆုံးသို့ရောက်

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်ပဲဈေးကွက်တွင် ဇူလိုင် ၂၂ ရက်က မတ်ပဲ(RC) တစ်တန်လျှင် ကျပ် ၇၇၀၀၀၀ နှုန်းနှင့် ပဲစင်းငုံနီ (RC) တစ်တန်လျှင် ကျပ် ၅၉၅၀၀၀ နှုန်း ရှိခဲ့ပြီး ယင်းဈေးနှုန်းများသည် ၂၀၁၅ ခုနှစ်မှစ၍ ယနေ့အထိ သုံးနှစ်ခန့်ကာလအတွင်း အနိမ့်ဆုံးဈေးနှုန်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ပဲရောင်းဝယ်နေသူများ၏ ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံ၏ အဓိက ပဲဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် ၂၀၁၆ မှ ယခုနှစ်အထိ မိုးလေဝသကောင်းမွန်ပြီး ပဲအပါအဝင် သီးနှံအများစု စိုက်ပျိုးအောင်မြင်ခြင်းကြောင့် ပဲလိုအပ်ချက် လျော့ကျလာသည့်အတွက် မြန်မာနိုင်ငံ ပဲဈေးကွက်တွင် ဈေးနှုန်းများကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံဈေးများမှာ အကျဘက်သို့သာ ဈေးကစားမှုရှိခဲ့သည်။ ဇူလိုင် ၁၇ ရက်တွင် မတ်ပဲ (RC) တစ်တန် ကျပ်ရှစ်သိန်းအောက်သို့ စတင်ကျဆင်းလာပြီး ၇၉၅၀၀၀ ကျပ်နှုန်း ရှိခဲ့ရာမှ ဇူလိုင် ၂၂ ရက်အထိ ကျပ်ရှစ်သိန်းအောက်တွင်သာ ရှိနေဆဲဖြစ်သည်။ ပဲစင်းငုံနီ (RC) မှာလည်း ဇွန်လ ၂၀ ရက်မှ ၂၃ ရက်အထိ တစ်တန်လျှင် ကျပ်ခြောက်သိန်းအောက်သို့ ကျဆင်းခဲ့ပြီးနောက် ဈေးပြန်တက်ခဲ့သော်လည်း ဇူလိုင် ၁၇ ရက်မှစ၍ ယခုအချိန်အထိ ကျပ်ခြောက်သိန်းအောက်သို့ ပြန်ရောက်နေခဲ့သည်။

ပြည်တွင်းပဲဈေးကွက်တွင် ပဲဈေးနှုန်းများ ကျဆင်းနေသော်လည်း ကုန်စည်ဒိုင်အချို့တွင် ပဲအရောင်းအဝယ် စာချုပ်ချုပ်ဆိုရာ၌ ၁၀ ရာခိုင်နှုန်းကို အာမခံအဖြစ် စပေါ်ငွေတင်ရသည့်အတွက် ငွေကြေးအရှုပ်အရှင်းဖြစ်ပွားမှု နည်းသည်။ သို့သော် ပဲဈေးနှုန်းကျဆင်းခြင်းသည် စပေါ်တင်ငွေ ၁၀ ရာခိုင်နှုန်းထက် ပိုများသည့် အခြေအနေမျိုးလည်း ရှိတတ်ရာ ယခုလို ဈေးနှုန်းအတက်အကျများနေသည့် ကာလများတွင် ကုန်ဖိုးငွေအကျေချေ ပစ္စည်းလက်ရောက်ရယူသည့်စနစ်မျိုးသည်သာ အကောင်းဆုံးဖြစ်ကြောင်း ပဲအပါအဝင် ပွဲရုံအရောင်းအဝယ်လောကတွင် နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့သူ ဦးကျားကြီးက လက်ရှိဈေးကွက်အခြေအနေကို သုံးသပ်ပြောကြားသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက မတ်ပဲ (RC) တစ်တန်လျှင် ၂၄၅၆၀၀၀ ကျပ်နှုန်းဖြင့် အမြင့်ဆုံးသို့ရောက်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံးဈေးအနေဖြင့် ဇွန်လအတွင်း ကျပ် ၁၈၄၆၀၀၀ အထိ ရောက်ရှိခဲ့သည်။

ပြည်တွင်းပဲဈေး ကျသကဲ့သို့ ပြည်ပပို့(FOB) ပဲဈေးမှာလည်း ကျဆင်းခဲ့ပြီး ဇူလိုင်လ လယ်တွင် မတ်ပဲ(RC)(FAQ) တစ်တန်လျှင် ၅၆၅-၅၈၅ ဒေါ်လာနှုန်းသာ ရှိသည်။ ၂၀၁၅ အောက်တိုဘာလအတွင်းက ပြည်ပပို့(FOB) ပဲဈေးမှာ ၁၈၂၀-၁၈၅၀ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ပြည်ပပို့ ပဲစင်းငုံနီ(RC)မှာလည်း ၂၀၁၅ အောက်တိုဘာလအတွင်းက တစ်တန်လျှင် ၁၅၇၀-၁၆၀၀ ဒေါ်လာနှုန်းအထိ မြင့်တက်ခဲ့သော်လည်း ယခုနှစ် ဇူလိုင်လလယ်တွင် တစ်တန်လျှင် ၄၄၀-၄၆၀ ဒေါ်လာနှုန်းအထိ ကျဆင်းလျက်ရှိသည်။

**ခင်ဆိုင်**

# နှမ်းပင်များအောင်မြင်သော်လည်း နှမ်းအထွက်နည်း၍ တောင်သူများ အဆင်မပြေ

**ညောင်ဦး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ယခုနှစ် မိုးဦးစောသည့်အတွက် နှမ်းလျင်စိုက်တောင်သူ များပြားခဲ့ပြီး နှမ်းပင်များလည်း အောင်မြင်ဖြစ်ထွန်းခဲ့သော်လည်း ယခု နှမ်းများရိတ်သိမ်းနေချိန်တွင် နှမ်းအထွက်နည်း၍ တောင်သူများအဆင်မပြေကြကြောင်း သိရသည်။



နှမ်းများ ရိတ်သိမ်းခြွေလှေ့နေသော တောင်သူများ

တောင်သူများအနေဖြင့် ယခုနှစ်တွင် နှမ်းကို အများဆုံးစိုက်ပျိုးခဲ့ကြပြီး အပင်ကောင်းသော်လည်း အသီးမပါခြင်း၊ နှမ်းဖိုပင်များပြားခြင်းနှင့် ရိတ်သိမ်းချိန်တွင် မိုးရွာခဲ့ခြင်းတို့ကြောင့် တောင်သူများ၏ မှန်းချက်နှင့်နှမ်းထွက်မကိုက်ဘဲ ကွာခြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ “ဒီနှစ်တော့ နှမ်းက ကောင်းမလိုလိုနဲ့ မကောင်းဘဲ ဖြစ်သွားတယ်။ အပင်တွေကြည့်တော့ တော်တော်ကောင်းတယ်။ အပွင့်လည်း ပွင့်တယ်။ အသီးသိပ်မပါချင်ဘူး။ အသီးနည်းတော့ နှမ်းလည်းအရနည်းသွားတယ်။ ဒီနှစ်ကတော့ နှမ်းနာမည်ကြီးသလောက် မရကြဘူး။ ပိုးဝင်တယ်။ ရိတ်သိမ်းချိန်မှာ မိုးနဲ့လည်းတိုးတယ်။ မိုးနဲ့တိုးတော့ အလေအလွင့်များတယ်။ အဲဒီတော့မှန်းချက်နဲ့ နှမ်းထွက်မကိုက် ဖြစ်တော့တာဘဲ”ဟု ပျော့ကန်ကျေးရွာမှ နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

“ကျွန်တော့်နှမ်းမျိုးက စိုက်ပျိုးရေးရုံးက ဝယ်စိုက်တာပါ။ နှမ်းအနက်မျိုးပါ။ စိုက်ပျိုးရေးရုံးကပြောလိုက်တာကတော့ ရက် ၇၀ နှမ်းလို့ ပြောလိုက်တယ်။ မကပါဘူး။ သက်တမ်း ရက် ၉၀ ဖြစ်နေတယ်။ နှမ်းပင်ပေါက် ၁၅ ရက်သားမှာ ပိုးကျသွားတယ် ပြောတယ်။ အဲဒီအချိန်က စုတ်စားပိုးဝင်တာကို မသိလိုက်တော့ ဆေးမပက်လိုက်ကြဘူး။ ဆေးမပက်ခဲ့တဲ့အတွက် အခုလို အထုပ်ရှုက်(အထွက်နှုန်းကျဆင်း)သွားတာလို့ ဆေးကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောသွားတယ်”ဟု ယခုနှစ်တွင် နှမ်းခင်းများ ပိုးကျခဲ့ပုံကို နှမ်းစိုက်တောင်သူတစ်ဦးက ပြောပြသည်။


ထိုသို့ အပင်များအောင်မြင်ပြီး နှမ်းအထွက်နှုန်းနည်းခဲ့ရသည့် အဖြစ်မှာ တောင်သူများအနေဖြင့် စိုက်ပျိုးနည်းပညာ ကျွမ်းကျင်မှုများ လိုအပ်နေသေးခြင်းကြောင့်ဖြစ်ကြောင်း၊ တောင်သူများအား စိုက်ပျိုးနည်းဆိုင်ရာ အသိပညာများပေးရန် ပို၍လိုအပ်နေကြောင်းလည်း နှမ်းစိုက်တောင်သူအချို့က ပြောသည်။ **ကျော်ဌေး(ညောင်ဦး)**

# ဘေးမဲ့ပေးထားသော မုံရွာကန်သာယာအတွင်း နေ့ညမပြတ် ငါးဖမ်းမှုရှိနေ

**မုံရွာ ဇူလိုင် ၂၄**

ဘေးမဲ့ကန်အဖြစ် သတ်မှတ်ထားသော မုံရွာမြို့ကန်သာယာကန်အတွင်းရှိ ငါးများကို နေ့ညမပြတ် ပိုက်စိပ်တိုက်၍ ဖမ်းဆီးမှုများရှိနေကြောင်းနှင့် သက်ဆိုင်ရာက ငါးဖမ်းသူများအား မည်သည့်အရေးယူမှု တစ်စုံတစ်ရာမျှ ပြုလုပ်ခြင်းမရှိကြောင်း မုံရွာမြို့ ရွှေတိဂုံပုံတူစေတီ ဂေါပကဥက္ကဋ္ဌ ဦးကောင်းညွန့်က ပြောကြားသည်။

ငါးဖမ်းသူများမှာ ကန်သာယာကန်အတွင်း ရွှေတိဂုံပုံတူစေတီ တည်နေသောဘုရားကျွန်းအထိနေရာတွင် ၂၀၁၆ ခုနှစ် ဧပြီလအတွင်းမှစတင်ကာ ယနေ့အထိ ဆက်တိုက် ငါးဖမ်းဆီးနေကြခြင်းဖြစ်ပြီး ထိုသို့ဖမ်းနေခြင်းကြောင့် ငါးအသက်ပေါင်းများစွာ ဆုံးရှုံးလျက်ရှိသည်ကိုသိသော်လည်း သက်ဆိုင်ရာက ငါးဖမ်းသူများအား အရေးယူခြင်းမရှိသေးကြောင်း ၎င်းကပြောသည်။



“လက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေနဲ့ ကန်သာယာဘေးမဲ့ကန်ထဲက ငါးဖမ်းတဲ့ကိစ္စကို အရေးယူဖို့ ညွှန်ကြားထားပေမယ့် ငါးဖမ်းသူနဲ့ ငါးမျှားသူတွေကို မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီအနေနဲ့ ထိထိ ရောက်ရောက် ကြီးကြပ်ဆောင်ရွက်တာမရှိပါဘူး။ ဘေးမဲ့ကန်ထဲကငါးတွေကို နေ့ညမပြတ် ပိုက်စိပ်တိုက်ပြီး ဘုရားကုန်းတော်အထိ ငါးဖမ်းတာတွေလုပ်နေတဲ့အတွက် ၂၀၁၆ ဧပြီလကစပြီး ဒီကနေ့အထိ မရေတွက်နိုင်တဲ့ ငါးအသက်ပေါင်းများစွာ ဆုံးရှုံးနေရပါတယ်။ ဂေါပကအဖွဲ့အနေနဲ့ ငါးမျှားတံအချောင်း ပေါင်း ၃၀၀ ကျော်ကို ဖျက်ဆီးပြီး ငါးဖမ်းပိုက် ပေပေါင်းတစ်သိန်းကျော်ကို ဘုရားကုန်းမြေပေါ်မှာ သိမ်းထားပါတယ်”ဟု ဂေါပကဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

အကျယ် ၁၉၂ ဧကရှိ ကန်သာယာကန်ကို ပြီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရလက်ထက် ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်မှစ၍ ဘေးမဲ့ကန်အဖြစ် သတ်မှတ်ခဲ့ပြီးနောက် သုံးနှစ်အကြာ ၂၀၁၆ ဧပြီလမှစတင်ကာ ဘေးမဲ့ကန်အတွင်း ငါးဖမ်းခြင်းနှင့် ငါးမျှားခြင်းများကို နေ့ညမပြတ် ပြုလုပ်ကျူးလွန်သူများ ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ရေဘေးရှောင်စခန်းတွင် ကူးစက်ရောဂါ ကြိုတင်ကာကွယ်

**ရေစကြို ဇူလိုင် ၂၄**

ပခုက္ကူခရိုင် ရေစကြိုမြို့ပေါ်ရပ်ကွက်များနှင့် ဘုန်းတော်ကြီးကျောင်းများအတွင်းရှိ ရေဘေးရှောင်စခန်းများတွင် ကျန်းမာရေးနှင့်ပတ်သက်သော ဝမ်းရောဂါနှင့် အခြားကူးစက်ရောဂါများ မဖြစ်ပွားစေရန်အတွက် အိမ်သာများနှင့် အခြားအညစ်အကြေးစွန့်ပစ်သည့် နေရာများကို ဆေးဖျန်းခြင်း၊ ထုံးဖြူးခြင်းများနှင့် သောက်သုံးရေကန်များတွင် ကလိုရင်းဆေးခတ်ခြင်းများကို ဇူလိုင် ၂၂ရက်က ရေစကြိုမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ကျော်ခိုင် ဦးဆောင်သည့်အဖွဲ့က ဆောင်ရွက်ခဲ့သည် ဟုသိရသည်။

ရေဘေးရှောင်စခန်းများတွင် ဝမ်းရောဂါနှင့် အခြားကူးစက်ရောဂါများမဖြစ်ပွားစေရန် ဆေးဖျန်းခြင်း၊ ထုံးဖြူးခြင်း ကလိုရင်းဆေးခတ်ခြင်းများကို တစ်ရက်ခြားတစ်ကြိမ် ဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၂၂ ရက်က ဆောင်ရွက်ခြင်းမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း၊ နောက်ရက်များတွင်လည်း တစ်ရက်ခြားတစ်ကြိမ်နှုန်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## သတင်းတိုများ

### ဒါးကမြစ်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၇၆၀၀၀ မျိုးစိုက်ထည့်

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် (အလယ်ဒါးကအင်း)ဒါးကမြစ်အတွင်းသို့ မုတ်သုန်ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့မှ ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့ပြီး ငါးမြစ်ချင်းကောင်ရေ ခုနစ်သောင်းကျော် မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ ငါးမျိုးစိုက်ထည့်ပွဲတွင် မုတ်သုန်ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့ အမှုဆောင်ဒါရိုက်တာ ဒေါက်တာသောင်းထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စခင်ဇော်လင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မုတ်သုန်ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့ဝင်များက စုပေါင်းငါးမျိုးစိုက်ထည့်ခဲ့သည်။

မုတ်သုန်ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့ အမှုဆောင်ဒါရိုက်တာက ဒါးကမြစ်ကြောင်း ထိန်းသိမ်းရေးနှင့် ရေချိုငါးဖမ်းလုပ်ငန်း ဖွံ့ဖြိုးရေးကိစ္စများကို အလယ်ဒါးကအင်းတွင် ၂၀၁၄ ခုနှစ်မှစ၍ လုပ်ကိုင်လာခဲ့ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ ဒါးကမြစ်အတွင်း ဥပဒေနှင့်မညီဘဲ ရေစီးရေလာကို ထိခိုက်စေသည့် ချုံချငါးဖမ်းမှုများကို ကာကွယ်ရန်ဖြစ်ကြောင်း ပြောကြားသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တောပုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ချုပ် ဒေါ်စန်းစန်းရီတို့က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ချုပ်က အလယ်တန်းကျောင်းသို့ စာရေးကိရိယာများနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ပြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့သော ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

### မြိတ်တက္ကသိုလ်၌ စစ်တုရင်အားကစားပြိုင်ပွဲကျင်းပ

တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်တိုးတက်စေရေးနှင့် အားကစားစွမ်းရည်မြင့်မားစေရေးအတွက် မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားအမျိုးသမီး စစ်တုရင်အားကစားပြိုင်ပွဲကို မြိတ်တက္ကသိုလ် မိုးလုံလေလုံ အားကစားခန်းမ၌ ဇူလိုင် ၂၀ ရက်မှ စတင်ကျင်းပခဲ့ပြီး ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၂၁ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ အထူးပြုဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ၃၅ ဦးနှင့် ကျောင်းသူ ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူး၊ ဒုတိယပါမောက္ခချုပ်နှင့် ဘာသာရပ်ပေါင်းစုံမှ ပါမောက္ခဌာနမှူးများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးကြကာ ဆုရရှိသောကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ်နှင့် ပါမောက္ခ ဌာနမှူးများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**

# အသင်းကြီးတွေ ထိပ်တိုက်တွေ့ဆုံဆင်နွှဲနေတဲ့ နိုင်ငံတကာ ချန်ပီယံဖလားပြိုင်ပွဲ

— မိုးမြင့်လင်းလက် —

ကမ္ဘာ့ဘောလုံး ဇာတ်ခုံပေါ်မှာ အခုကာလမှာတော့ ဘောလုံးသမားအပြောင်းအရွှေ့တွေနဲ့အတူ ပရိသတ် စိတ်ဝင်စားနေတဲ့ပွဲကတော့ International Champiens Cup ပြိုင်ပွဲပဲဖြစ်ပါတယ်။ ဥရောပ ထိပ်သီးကလပ်တွေ ပါဝင်ယှဉ်ပြိုင်နေတဲ့ ဒီပြိုင်ပွဲဟာ ပရိသတ်အကြိုက် ကစားသမားတွေ အများအပြားပါဝင်ပြီး ကမ္ဘာ့အကောင်းဆုံး အသင်းတွေရဲ့ အားပြိုင်မှုဖြစ်တာမို့ မဖြစ်မနေအားပေးကြည့်ရှုရမယ့်ပွဲဖြစ်နေပါတယ်။ ICC ပြိုင်ပွဲလို့ အတိုကောက်ခေါ်ဝေါ်နေကြတဲ့ ဒီပြိုင်ပွဲမှာတော့ ဘယ်အသင်း ဗိုလ်စွဲသွားမလဲဆိုတာ ရာသီအကြို ခံစားမှုအဖြစ် ထူးခြားတဲ့ ရသကို ပေးစွမ်းဦးမှာ အမှန်ပါပဲ။ ဇူလိုင် ၂၅ ရက် ညပိုင်းနဲ့ ဇူလိုင် ၂၆ ရက်၊ ၂၇ ရက်တွေမှာ ကစားကြမယ့်အသင်းတွေရဲ့ အနေအထားကို သုံးသပ်ရရင်တော့-

**ချယ်လ်ဆီးနှင့် ဘိုင်ယန်မြူးနစ်**

အခု နွေရာသီမှာ ကစားသမားအသစ်တွေအဖြစ် မန်စီးတီးမှ ကာဘယ်လာရို၊ ရိုးမားမှ ရူဒီဒါနဲ့ မိုနာကိုမှ ဘာကာယိုကိုအား ခေါ်ယူထားပြီဖြစ်တဲ့ ချယ်လ်ဆီးဟာ အခုပွဲမှာ အဲဒီကစားသမားတွေသည် သုံးဖို့ပြင်ဆင်နေပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးမှာ ဘာကာယိုကိုနဲ့ ရူဒီဒါတို့က ကြံ့ခိုင်မှုမပြည့်ဝလို့ ပါဝင်ဖို့တော့ မသေချာပါဘူး။ ဘိုင်ယန်မြူးနစ်တို့ကတော့ ဒီနှစ်မှာ ဇူလာ၊ ရူဒီ၊ ဂျိမ်းရိုဒရီးကိုလစ်ဆို၊ ကိုးမန်းနဲ့ ဝါဒါဘရီမင်က နာဘရီတို့ကို ခေါ်ယူအားဖြည့်ထားပါတယ်။ အဓိက ကစားသမားတွေ ပါဝင်လာမှာ စိုးရိမ်နေတဲ့ ချယ်လ်ဆီးဟာ ဘိုင်ယန်မြူးနစ်ကို အနိုင်ကစားဖို့တော့ ခက်ခဲပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးတို့က စိတ်ဓာတ်ကောင်းကောင်းနဲ့ ကစားနိုင်တာမို့ သရေပွဲဖြစ်သွားနိုင်သလို အနိုင်ဆိုရင်တော့ ဘိုင်ယန်မြူးနစ်တို့ ဖြစ်သွားနိုင်တယ်။

**စပါးနှင့် ရိုးမား**

ဒီနှစ် နွေရာသီအပြောင်းအရွှေ့ဈေးကွက်မှာ ငြိမ်ချက်သားကောင်းနေတဲ့ စပါးတို့ဟာ အခုပွဲကို လူစုံထုတ်ကစားနိုင်ရေး ပြင်ဆင်မှာဖြစ်ပါတယ်။ ပီအက်စ်ဂျီနဲ့ ကစားပြီးတဲ့ စပါးဟာ အခုပွဲမှာ ရိုးမားကို အသာစီးရအောင် အားထုတ်ပါလိမ့်မယ်။ ရိုးမားတို့ကတော့ တိုက်စစ်မှာ အန်တိုနူချီ၊ ချက်ကို၊ အယ်လ်ရှာရာဝီ၊ အီတူဘီ၊ ပါရော့တီ၊ တမ်မင်နယ်လို၊ ဆာဒစ်ကိုကို ခေါ်ယူလာခဲ့ပြီး အကောင်းဆုံး ပုံစံနဲ့ ခင်းကျင်းပါလိမ့်မယ်။ ကွင်းလယ်မှာ နိုင်ဂိုလန်၊ ဒီရောဆီ၊ ပယ်လီဂရီနီ၊ ဂါဆန်းနဲ့ စထရုပန်းတို့ရှိနေတာမို့ တောင့်တင်းပါတယ်။ အသင်းလိုက် ကစားအား ကောင်းမွန်မှုအပိုင်းမှာ ရိုးမားတို့ပိုပြီး အသာစီးရယူနိုင်သလို တစ်ဦးချင်းမှာလည်း အားသာချက်ရှိနေပါတယ်။ ဒီပွဲမှာ ရိုးမားတို့ နိုင်ပွဲရသွားနိုင်ပါတယ်။




**ဘာစီလိုနာနှင့် မန်ယူ**

ရီးရဲမက်ဒရစ်နဲ့ ကစားခဲ့ရလို့ ပွဲပန်းနေတဲ့ မန်ယူဟာ ဘာစီလိုနာကို ဆက်တိုက်ရင်ဆိုင်ရတာမို့ ပွဲကျပ်တော့ဖြစ်နေပါတယ်။ မန်ယူအတွက် ဒီနှစ်အပြောင်းအရွှေ့ကာလမှာ ခေါ်ယူထားတဲ့ လူကာကူနဲ့ လင်ဒီလော့ဖ်တို့က ရာနှုန်းပြည့်တော့ အားကိုးလို့ မရသေးပါဘူး။ အသင်းကြီးတွေနဲ့ ရင်ဆိုင်ရတိုင်း တည်ငြိမ်မှုမရှိတတ်တဲ့ မန်ယူဟာ အခုပွဲမှာ ဘာစီလိုနာကို အကြိတ်အနယ်နွှဲရပါလိမ့်မယ်။ ဘာစီလိုနာတို့ကတော့ အသစ်ခေါ်ယူထားတဲ့ မာလွန်ဆန်းတို့၊ ဒယ်လိုဖူနဲ့ ဘင်ဖီကာအသင်းက ဆယ်မီဒိုတို့ကိုလည်း သုံးမလားကြည့်ရမှာပါ။ ဘာစီလိုနာရဲ့ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်တွဲဖြစ်တဲ့ မက်ဆီ၊ ဆွာရက်ဇ်၊ နေမာ၊ အယ်ကာဆာ၊ မူနီယာတို့က ဒီပွဲမှာ လူစုံပါဝင်ဖို့ ရှိနေတာမို့ မန်ယူဟာ ခံစစ်အခြေပြုပြီး တိုက်စစ်ဖွင့် သူတင်ကိုယ်တင်ဖွင့်ကစားရင်တော့ ပွဲကြည့်ကောင်းမယ့်ပွဲဖြစ်ပြီး တစ်ဖက်စောင်းနင်းဖြစ်လာစရာမရှိပါဘူး။ မန်ယူရဲ့ လက်ရှိခြေစွမ်းက ကောင်းမွန်နေတာမို့ ဘာစီလိုနာတို့ အလေးထားကစားရမယ့် ပွဲဖြစ်ပါတယ်။

**ပီအက်စ်ဂျီနှင့် ဂျူဗင်တပ်စ်**

ဒီပွဲကတော့ အပြန်အလှန် ဖိအားပေးမှုတွေနဲ့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ ပီအက်စ်ဂျီဟာ စပါးနဲ့ ကစားပြီးဖြစ်တာမို့ သူ့ရဲ့ ခြေစွမ်းအားသာချက်၊ အားနည်းချက်တွေကို သတိပြုမိကာ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားပါတယ်။ ဒီပွဲမှာ ပီအက်စ်ဂျီက အသစ်ခေါ်ယူထားတဲ့ ဆိုစီဒက်အသင်းက ဘယ်ချီချယ်၊ ဂျူဗင်တပ်စ်အသင်းက အဲလ်ဗတ်စ်တို့ကို ထည့်သုံးမလားဆိုတာ ကြည့်ရမှာ ဖြစ်ပါတယ်။ ဂျူဗင်တပ်စ်တို့ကလည်း ဒီနှစ်မှာ အသစ်ခေါ်ယူထားတဲ့ ဘန်တန်ကူ၊ ဂလီယို၊ ဘီနာတီယာ၊ ဒေါက်ဂလပ်စ်ကော်စတာနဲ့ ကွာဒရာဒိုတို့ကို အလှည့်ကျထုတ်သုံးဖို့ ရှိနေပါတယ်။ လက်ရှိခြေစွမ်းအရ နှစ်သင်းစလုံး ကွာခြားမှု မရှိတာမို့ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။ ။



## ပတ်ထရစ်ရောဘတ်စ်အား ဆောက်သမ်တန်ခေါ်ယူမည်

မန်စီးတီးအသင်းရဲ့ တောင်ပံကစားသမား ပတ်ထရစ်ရောဘတ်စ်ကို ဆောက်သမ်တန်အသင်းက ခေါ်ယူနိုင်ဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။ ဆောက်သမ်တန်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ခြေစွမ်းပြသနိုင်ခြင်းမရှိတာမို့ ကစားသမားသစ် ခေါ်ယူဖြည့်ဆည်းရေးမှာ အရေးကြီးနေတာကြောင့် အခုလို ပတ်ထရစ်ရောဘတ်စ်ကို ခေါ်ယူဖို့ အားထုတ်နေတာဖြစ်ပါတယ်။

အသက် ၂၀ နှစ်အရွယ်သာရှိသေးတဲ့ ပတ်ထရစ်ရောဘတ်စ်က တောင်ပံကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီက မန်စီးတီးကနေ ဆဲလ်တစ်အသင်းမှာ အငှားသွားကစားနေတဲ့ ကစားသမားတစ်ဦးဖြစ်တယ်။ အဲဒီလိုသွားကစားတဲ့အခါ ပတ်ထရစ်ရောဘတ်စ်ဟာ ဆဲလ်တစ်အတွက် စုစုပေါင်း ပြိုင်ပွဲစုံ ၄၇ ပွဲ ကစားပေးခဲ့ရာမှာ ၁၁ ဂိုးသွင်းယူခဲ့တဲ့ ကစားဖော်တွေ ဂိုးသွင်းနိုင်ဖို့ ကိုးကြိမ် ကူညီခဲ့သူဖြစ်ပါတယ်။ မန်စီးတီးကတော့ ပတ်ထရစ်ရောဘတ်စ်ကို ရောင်းထုတ်ဖို့စီစဉ်နေပြီး အခုလို ဆောက်သမ်တန်က ကမ်းလှမ်းလာခဲ့ရင်တော့ နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီး ရောင်းချနိုင်အောင် ကြိုးစားသွားမယ်လို့ဆိုပါတယ်။ ပတ်ထရစ်ရောဘတ်စ်ရဲ့ ပြောင်းရွှေ့ကြေးကို မန်စီးတီးက တရားဝင်မဖော်ပြသေးပေမယ့် ပေါင် ၁၀ သန်း ဝန်းကျင်သာရှိမယ်လို့ မီဒီယာတွေက ဖော်ပြနေကြပါတယ်။ တောင်ပံကစားသမားလိုအပ်နေတဲ့ ဆောက်သမ်တန်တို့ကတော့ ပက်စရစ် ရောဘတ်စ်ကို ဝယ်ယူနိုင်ခဲ့ရင်တော့ ကံကောင်းခြင်းလက်ဆောင်ဖြစ်မယ်လို့ ပြောဆိုနေကြပါတယ်။

## ကစားသမားသုံးဦးအတွက် ချယ်လ်ဆီး ပေါင်သန်း ၁၄၀ ခန့် သုံးစွဲ

ချယ်လ်ဆီးအသင်းဟာ ဒီနှစ်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလမှာ ဘောလုံးသမား သုံးဦးခေါ်ယူမှုအတွက် ပေါင်သန်း ၁၄၀ ခန့်အထိ အသုံးပြုထားတာမို့ ပရီမီယာလိဂ်မှာတော့ ငွေသုံးကြမ်းနေတဲ့အသင်း ဖြစ်ပါတယ်။

ဒီနှစ် နွေရာသီမှာ ချယ်လ်ဆီးခေါ်ယူခဲ့တဲ့ ကစားသမားတွေဖြစ်တဲ့ ဂျာမန်နောက်ခံကစားသမား ရူဒီဂါ၊ မိုနာကို ကွင်းလယ်ကစားသမား ဘာကာယိုကိုတို့ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၇၀ ခန့် အသုံးပြုထားပြီးဖြစ်ပါတယ်။ အခုဆိုရင် ရီးရဲမက်ဒရစ်မှ တိုက်စစ်မှူး မိုရာတာကို ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် သန်း ၇၀ နှင့် ထပ်မံခေါ်ယူမှာဖြစ်တာကြောင့် ဘောလုံးသမားသုံးဦးအပြောင်းအရွှေ့အတွက် စုစုပေါင်း ပေါင်သန်း ၁၄၀ ခန့်အထိ သုံးစွဲခဲ့ပြီဖြစ်ပါတယ်။

ဒီလိုငွေကြေးအများအပြား သုံးစွဲမှုဟာ ကျွန်တော်တို့အသင်းအတွက် ပရီမီယာလိဂ်ဖလား ကာကွယ်ရမှာဖြစ်သလို ချန်ပီယံလိဂ်ဖလားကိုလည်း ဆွတ်ခူးနိုင်လိုတဲ့ ဆန္ဒတွေ အကောင်အထည်ဖော်နိုင်ဖို့ ဖြစ်ပါတယ်လို့ နည်းပြ ကွန်တီက ထုတ်ဖော်ပြောကြားနေပါတယ်။ ကျွန်တော်တို့ ဘောလုံးသမားခေါ်ယူမှုကတော့ ပြီးပြည့်စုံသွားပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။ မကြာခင်မှာ စတင်တော့မယ့် ဘောလုံးရာသီအတွက် အသင့်အနေအထား ရောက်ရှိနေပြီဖြစ်ပါတယ်လို့လည်း နည်းပြ ကွန်တီက ဆက်လက်ပြောကြားနေပါတယ်။







## လန်ဒန်ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲအပြီး အူစိန်ဘော့ အနားယူမည်

မီတာ ၁၀၀ နှင့် မီတာ ၄၀၀ ပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲပြီးနောက် အောင်ပွဲခံမှုများနှင့်အတူ ကစားသမားဘဝမှ အနားယူမည်ဟု ကမ္ဘာ့တာတိုအပြေးဘုရင် အူစိန်ဘော့က ပြောကြားနေပါတယ်။ အသက် ၃၀ နှစ်ရှိပြီဖြစ်တဲ့ အူစိန်ဘော့ဟာ လာမယ့် ဩဂုတ် ၄ ရက်မှ ၁၃ ရက် အထိ ကျင်းပမယ့် လန်ဒန်ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲမှာ မီတာ ၁၀၀ နဲ့ မီတာ (၄×၁၀၀) ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ပြီး အကောင်းဆုံး စံချိန်တွေနဲ့ အောင်မြင်မှုတွေရယူနိုင်အောင် ကြိုးစားနေပြီဖြစ်ပါတယ်။

ဒါကြောင့် ဇူလိုင် ၂၃ ရက်က ကျင်းပသည့် မိုနာကိုဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်ပြိုင်ပွဲကို လန်ဒန်ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ်နဲ့ ပါဝင်ဆင်နွှဲခဲ့ပါတယ်။ ကမ္ဘာ့အမြန်ဆုံးလူသားအဖြစ် သတ်မှတ်ခံထားရတဲ့ အူစိန်ဘော့ဟာ မိုနာကို ဒိုင်းမွန်းလိဂ်ပြိုင်ပွဲမှာ မီတာ ၁၀၀ ကို ၉ ဒသမ ၉၅ စက္ကန့်နဲ့ ဗိုလ်စွဲခဲ့ပါတယ်။ အူစိန်ဘော့ဟာ ၂၀၀၉ ခုနှစ်က ဘာလင်ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲမှာ မီတာ ၁၀၀ ကို ၉ ဒသမ ၅၈ စက္ကန့်နဲ့ ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သလို အဲဒီပြိုင်ပွဲမှာပဲ မီတာ ၂၀၀ ကို ၁၉ ဒသမ ၁၉ စက္ကန့်နဲ့ ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သူဖြစ်ပါတယ်။ အိုလံပစ် ရွှေတံဆိပ် ရှစ်ကြိမ်ရရှိထားတဲ့ အူစိန်ဘော့ဟာ လာမယ့် ဩဂုတ်မှာ ကျင်းပမယ့် လန်ဒန်ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲပြီးရင်တော့ အနားယူတော့မှာ ဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်**


တော်/ညံ့ မျက်နှာရွေးပြီး လက်ခံတာမဟုတ်ဘဲ အောင်ချက်ကောင်းတဲ့ ကျောင်း
ဦးဝင်းအောင်+ဒေါ်ဝင်း
ဒေါက်တာဇော်သိန်းထိုက်+ဒေါက်တာမင်းမင်းသူ
ဦးစီးတည်ထောင်သည့်...
ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မှတ်ပုံတင်အမှတ်
က က ယ - ၀၅/၀၅/၀၁၁
စွဲသန်
ရေဦးမြို့
ကိုယ်ပိုင်အထက်တန်းကျောင်း
၅၊၆၊၇၊၈တန်း ● ၉၊၁၀တန်း၊သိပ္ပံတွဲ
ဆက်သွယ်ရန် ♦ ရှင်မင်းနလမ်း၊အောင်ချမ်းသာရပ်ကွက်၊ ရေဦးမြို့။
Ph: 075-40266, 09-47070028, 09-400504022
၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရရှိသူများ
(၆)ဘာသာဂုဏ်ထူးရှင် (၃) ဦး
(၅)ဘာသာဂုဏ်ထူးရှင် (၁၁) ဦး
(၄)ဘာသာဂုဏ်ထူးရှင် (၁၄) ဦး
(၃)ဘာသာဂုဏ်ထူးရှင် (၂၈) ဦး
(၂)ဘာသာဂုဏ်ထူးရှင် (၃၇) ဦး
(၁)ဘာသာဂုဏ်ထူးရှင် (၁၀၄) ဦး
ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိသူများ
မြန်မာစာဂုဏ်ထူးရှင် (၉) ဦး
အင်္ဂလိပ်စာဂုဏ်ထူးရှင် (၁၉) ဦး
သင်္ချာဂုဏ်ထူးရှင် (၄၅) ဦး
ဓာတုဗေဒဂုဏ်ထူးရှင် (၇၃) ဦး
ရူပဗေဒဂုဏ်ထူးရှင် (၅၀) ဦး
ဇီဝဗေဒဂုဏ်ထူးရှင် (၁၉၅) ဦး
ဖြေဆိုသူပေါင်း (၂၉၂) ဦး
အောင်မြင်သူပေါင်း (၂၆၆) ဦး
ဂုဏ်ထူးဖြင့်အောင်မြင်သူပေါင်း (၁၉၇) ဦး
ရိုးရိုးအောင်မြင်သူပေါင်း (၆၉) ဦး
ဂုဏ်ထူးထွက်ရှိသောရာခိုင်နှုန်း (၇၄.၀၆)%
အောင်ချက်ရာခိုင်နှုန်း
(၉၁.၀၉)%
အောင်မြင်သူ (၄)ဦးလျှင် (၃)ဦး
ဂုဏ်ထူးထွက်ရှိပါသည်
6D ၆-ဘာသာ ဂုဏ်ထူးရှင်များ
မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ
မမေဇင်ဖြိုး
စေ-၁၄၄၀
မအေးမြိုး
စေ-၁၄၅၅
စစ်ကိုင်းတိုင်းစတုတ္ထ
အမှတ်ပေါင်း(၅၂၉)
မစုမြတ်သန္တာ
စေ-၁၄၉၀
ဂုဏ်ထူးရှင်ပေါင်း (၁၉၇)ဦးဖြင့်
ရေဦးမြို့နယ် ဂုဏ်ထူးရှင်ဦးရေ အများဆုံး ကိုယ်ပိုင်ကျောင်း
၂၀၁၇ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဇီဝဗေဒရမှတ် (၉၉/၉၈)မှတ်ရရှိသော
ကျောင်းသား၊ ကျောင်းသူများအား မှတ်တမ်းတင်ဂုဏ်ပြုလျက်...
ငွေရေးကြေးရေးကြိုဆိုခြင်း
လိမ္မာကြိုးစားပြီး အမှန်တကယ် ထူးချွန်သော ကျောင်းသား၊ ကျောင်းသူများအတွက် သင်တန်းကြေး အခက်အခဲရှိပါက ပညာရည်ချွန်ဆု လက်မှတ်များနှင့်အတူ ကျောင်းသား၊ ကျောင်းသူနှင့် မိဘများ ကိုယ်တိုင် လာရောက် ဆွေးနွေးနိုင်ပါသည်။
နှစ်ဟောင်းဖြေဆိုသူပေါင်း = ၂၃-ဦး (ကျား ၁၀-ဦး၊ မ ၁၃-ဦး)
ဂုဏ်ထူးထွက်ရှိသူပေါင်း = ၁၃-ဦး (ကျား ၈-ဦး၊ မ ၄-ဦး)
ရိုးရိုးအောင်မြင်သူပေါင်း = ၇-ဦး (ကျား ၁-ဦး၊ မ ၆-ဦး)
ဂုဏ်ထူး | အမည် | ဇီဝ
5D | မောင်နေမင်းကိုကို | 99
6D | မအေးမြိုး | 98
5D | မဝင်းမွန်မြတ်အောင် | 98
5D | မအေးအေးလွင် | 98
5D | မောင်စွမ်းဟိန်းဗိုလ် | 98
4D | မနွေးအိလှိုင် | 98
၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲတွင်
ဇီဝဗေဒဂုဏ်ထူးရှင်ပေါင်း
စံချိန်တင် ၁၉၅ ဦး
သိပ္ပံတွဲသီးသန့် | Biology Don't Worry!
ဒေါက်တာများကိုယ်တိုင်သင်၊ ကိုယ်တိုင်ကြီးကြပ်အုပ်ချုပ်၊ ကိုယ်တိုင်ကျန်းမာရေး စောင့်ရှောက်မှုပေး၍
ကျောင်းသား/သူများနှင့် တစ်သားတည်း မိသားစုပမာ ရင်အုပ်မကျ...
ဩဂုတ် (၁)ရက်နေ့မှ စတင်စာရင်းလက်ခံပါသည်
5D ၅-ဘာသာ ဂုဏ်ထူးရှင်များ
မောင်နေမင်းကိုကို
စေ-၁၄၀၁
(အ၊ သ၊ ဓ၊ ရ၊ ဇ)
design: Ko Myo | PROS | 09-970864555

ကြော်ငြာ

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ခုနှစ်(သို့မဟုတ်)၂၀၁၇ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇူန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၂၁–၆–၂၀၁၇ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၄–၈–၂၀၁၇** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်**။ အသေးစိတ်သိရှိလိုပါကစစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ်၀၃၆–၃၀၃၃၁၊ ၀၃၆–၃၀၃၃၈ )သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)**

### အမည်ပြောင်း

ဦးကြည်သော်တိုင်း၏သား နေပြည်တော် အထက(၅) တတိယတန်းမှ မောင်ကြယ်စင်အား မောင်ကြယ်စင်သော်ခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်

ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကင်း၊ စတုတ္ထတန်းမှ ကျောင်းဝင်အမှတ်(၃၆၂၇)မရွှေရီဝင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းလင်း ၅/ဝသန(နိုင်)၀၅၉၃၉၁ ဖြစ်ပါကြောင်း။ **ဦးထွန်းလင်း**

### ဖခင်အမည်မှန်

ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကင်း၊ နဝမတန်းမှ မောင်အောင်စိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးမြသန်း ၅/ဝသန(နိုင်)၀၇၅၈၇၆ ဖြစ်ပါကြောင်း။ **ဦးမြသန်း**

### မိခင်အမည်မှန်

ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကင်း၊ ဒုတိယတန်းမှ မဇူဇူလှိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ဆွေဆွေသိန်း ၅/ဝသန(နိုင်)၀၅၀၉၆၀ ဖြစ်ပါကြောင်း။ **ဒေါ်ဆွေဆွေသိန်း**

### တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ တောင်ညိုအုပ်စု၊ ဝွေးပင်ရိုးကျေးရွာနေ ဦးသော်တာအေး(ခ)ဦးသန်းကျော်ဇော ၉/ပမန(နိုင်)၂၁၁၇၄၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အေးကို ၈/တတက(နိုင်)၂၄၄၁၅၇၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၉၇၃၀၀၃၁၁၅**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းခိုင် ၈/တတက(နိုင်)၂၁၄၄၉၁၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၇၈၈၉၆၇၈၄၅**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ဇော်အောင် ၈/တတက(နိုင်)၁၇၅၃၃၇၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၇၉၇၀၅၆၁၃၂**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/9669 Mazda 6, S/L (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နီလာထွန်း ၁၄/ပသန(နိုင်)၁၀၀၁၉၇က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### အမှတ်ပေးစနစ်ဖြင့်အလုပ်ခန့်ထားသည့် (Recruitment Point System) EPS-TOPIK (စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း)အောင်မြင်ပြီး Skills-Test (ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း)၊ Competency Test (လုပ်ကိုင်နိုင်မှုစွမ်းရည်စစ်ဆေးခြင်း) စာမေးပွဲအောင်မြင်သူများအတွက် အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ကိုရီးယားသမ္မတနိုင်ငံတွင် EPS စနစ်ဖြင့်အလုပ်လုပ်ကိုင်လိုသူများအတွက် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်ဆောင်ရွက်သော အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားသည့် (Recruitment Point System)အရ ကိုရီးယားဘာသာစကားအရည်အချင်းစစ်ဆေးသည့် EPS -TOPIK အောင်မြင်သူများမှ Skills-Test (ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း)၊ Competency Test (လုပ်ကိုင်နိုင်မှုစွမ်းရည်စစ်ဆေးခြင်း)များကို ၂၀၁၇ ခုနှစ် ဇူလိုင် ၅ ရက်မှ ၉ ရက်အထိ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၇ခုနှစ် ဇူလိုင် ၁၈ ရက်တွင်ထုတ်ပြန်ကြေညာခဲ့သည့် (စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း) စာမေးပွဲအောင်မြင်သူများအတွက် အလုပ်လျှောက်လွှာ (Job Application Form) များအား ၂၀၁၇ ခုနှစ် ဩဂုတ် ၁ ရက်မှ ၇ရက်အထိ ယှဉ်တွဲပါရက်များအလိုက် ဖော်ပြထားသော EPS-TOPIK စာမေးပွဲခုံနံပါတ် များအတိုင်း နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအထိ လျှောက်လွှာများစိစစ်ထုတ်ပေးခြင်း/လက်ခံခြင်းများကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံးတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အပြီးသတ်စာမေးပွဲအောင်မြင်သူတို့၏လျှောက်လွှာများအား အောက်ပါနေ့ရက်များအလိုက် ယှဉ်တွဲဖော်ပြပါ ခုံနံပါတ်များအတိုင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| (က) | ၁–၈–၂၀၁၇ ရက် | ခုံအမှတ် | ၅၀၅၀၀၀၀၂ | မှ | ၅၀၅၁၅၂၇၅ | ထိ |
| (ခ) | ၂–၈–၂၀၁၇ ရက် | ။ | ၅၀၅၁၅၂၉၀ | မှ | ၅၀၅၃၂၈၇၉ | ထိ |

၃။ ကျန်းမာရေးဆေးစစ်အောင်မြင်ပြီးသူများ၏ အလုပ်လျှောက်လွှာများ ပြန်လည်တင်သွင်းခြင်းကို အောက်ဖော်ပြပါ နေ့ရက်များ၌ ယှဉ်တွဲဖော်ပြပါ ခုံနံပါတ်များအတိုင်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်–

| | | | | | | |
|---|---|---|---|---|---|---|
| (က) | ၃–၈–၂၀၁၇ ရက် | ခုံအမှတ် | ၅၀၅၀၀၀၀၂ | မှ | ၅၀၅၀၈၀၀၅ | ထိ |
| (ခ) | ၄–၈–၂၀၁၇ ရက် | ။ | ၅၀၅၀၈၁၈၈ | မှ | ၅၀၅၁၇၁၁၀ | ထိ |
| (ဂ) | ၅–၈–၂၀၁၇ ရက် | ။ | ၅၀၅၁၇၁၆၄ | မှ | ၅၀၅၂၈၁၅၅ | ထိ |
| (ဃ) | ၇–၈–၂၀၁၇ ရက် | ။ | ၅၀၅၂၈၁၆၅ | မှ | ၅၀၅၃၂၈၇၉ | ထိ |

၄။ လျှောက်လွှာထုတ်ယူရာတွင် သတိပြုရမည့်အချက်များ–
(က) လျှောက်လွှာအား ကာယကံရှင်ကိုယ်တိုင် နိုင်ငံကူးလက်မှတ်၊ စာမေးပွဲဖြေဆိုခွင့် ဖြတ်ပိုင်းများနှင့်အတူ ပြသထုတ်ယူရမည်။
(ခ) ဓာတ်ပုံရိုက်ခြင်းအား စာမေးပွဲစစ်ဆေးခဲ့စဉ်က တင်ပြသည့်ပုံ၊ နိုင်ငံကူးလက်မှတ်ပါပုံနှင့် ယခုတင်ပြသည့် ဓာတ်ပုံတို့ ကွဲလွဲမှုမရှိစေရန် သတိပြုရပါမည်။
(ဂ) ဆေးစစ်ခြင်းအား သတ်မှတ်ထားသည့် ဆေးခန်းများ၌သာ ပြုလုပ်ရပါမည်။

၅။ အလုပ်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ–
(က) အလုပ်လျှောက်လွှာနှင့် (3.5cmx4.5cm) ပတ်စ်ပို့ဓာတ်ပုံ(၆)ပုံ။
(ခ) ကျန်းမာရေးဆေးစစ်ချက်မှတ်တမ်းမူရင်းနှင့်မိတ္တူ။
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ။
(ဃ) နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူ(နိုင်ငံကူးလက်မှတ်သက်တမ်းအနည်းဆုံးတစ်နှစ်ကျန်ရှိရမည်။)
(င) ကိုယ်ပိုင်ငွေစာရင်း Bank Account ဖော်ပြရမည်ဖြစ်သဖြင့် နိုင်ငံပိုင်/ပုဂ္ဂလိကဘဏ်တစ်ခုခုတွင် နိုင်ငံကူးလက်မှတ်ပါ အမည်အတိုင်း ဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ဘဏ်ငွေစာရင်း စာအုပ်မူရင်း/မိတ္တူပူးတွဲတင်ပြရန်။
(စ) အိမ်ထောင်စုဝင်ဇယားမူရင်းနှင့်မိတ္တူ။
(ဆ) ပညာအရည်အချင်းအထောက်အထားမူရင်းနှင့်မိတ္တူ။
(ဇ) စက်မှု၊ လက်မှုပညာရပ်ဆိုင်ရာကျွမ်းကျင်မှုအထောက်အထားရှိက မူရင်းနှင့်မိတ္တူ။
(ဈ) အခြားအလုပ်ခွင် Training သင်တန်းဆင်းလက်မှတ်များရှိက မူရင်းနှင့်မိတ္တူ။

၆။ အလုပ်လျှောက်လွှာများထုတ်ပေးခြင်းနှင့် လက်ခံခြင်းများအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊ ရန်ကုန်တိုင်းဒေသကြီး၌ ပြုလုပ်ပါမည်။

၇။ အလုပ်လျှောက်လွှာတွင် အချက်အလက်များ တင်ပြသည့်အထောက်အထားများ မှန်ကန်စွာဖြည့်စွက်ဖော်ပြရန်လိုအပ်ပါသည်။ မမှန်မကန် ဖော်ပြဖြည့်စွက်ခဲ့ပါက ကာယကံရှင်၏ တာဝန်သာဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
-အလုပ်လျှောက်လွှာနှင့်ပတ်သက်၍ သိရှိလိုသောအချက်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**ဖုန်း–၀၁–၆၆၇၇၅၄၊ ၀၁–၆၅၆၈၄၃**

### ကုန်သွယ်လုပ်ငန်းခွန်သုံးလတစ်ကြိမ်ကြေညာလွှာ တင်သွင်းရန်အသိပေးနှိုးဆော်ချက်

- နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိသူများအနေဖြင့် သုံးလတစ်ကြိမ် ကြေညာလွှာကို သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး တစ်လအတွင်း တင်သွင်းရန်လိုအပ်ပါသည်။ [ဥပမာ–ဧပြီ၊ မေ၊ ဇွန် (ပထမသုံးလပတ်) အတွက်ဇူလိုင်လ ၃၁ရက်အတွင်း]
- ကုန်သွယ်လုပ်ငန်းခွန် သုံးလတစ်ကြိမ် ကြေညာလွှာတင်သွင်းရမည့်သူများမှာ–
  (က) ပြည်တွင်း၌ကုန်စည်ထုတ်လုပ်ရောင်းချသူ
  (ခ) ကုန်စည်ကို တင်သွင်းရောင်းချသူ
  (ဂ) ကုန်သွယ်မှုဆောင်ရွက်သူ
  (ဃ) ဝန်ဆောင်မှုဆောင်ရွက်သူ
- ကြေညာလွှာပုံစံအား သက်ဆိုင်ရာအခွန်ရုံးများ(သို့မဟုတ်)ဌာန၏ website www.irdmyanmar.gov.mm တွင်ရယူနိုင်ပါသည်။
- သုံးလတစ်ကြိမ်ကြေညာလွှာပေးပို့ရန်ပျက်ကွက်လျှင် ကျသင့်အခွန်၏ ၁၀%အား ဒဏ်ငွေအဖြစ်ပေးဆောင်ရမည်ဖြစ်ပါသည်။
- အသေးစိတ်ထပ်မံသိရှိလိုပါက သက်ဆိုင်ရာ အခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ စမ်းသပ်စက်ရုံစု(မော်ဘီ)မှ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(တင်သွင်းသည့်ဈေးနှုန်းတွင် ရောင်းချသူမှ ရောင်းချရငွေအတွက် ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းရမည့် ကုန်သွယ်လုပ်ငန်းခွန် ၅%အား ထည့်သွင်းတွက်ချက်ပြီးသား အဆိုပြုဈေးနှုန်းဖြစ်ရမည်။)

(က) **စတ္တုကုန်ကြမ်း(ဝကြီး) - ၆၇၂၀၃ဒသမ၇၂ ပိဿာ**

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** | - | ၂၄–၇–၂၀၁၇ရက်မှ ၃၁–၇–၂၀၁၇အထိ (ရုံးချိန်အတွင်း) |
| **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** | - | သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန အမှတ်(၆) ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့် |

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို စက်ရုံမှူး၊စမ်းသပ်စက်ရုံစု(မော်ဘီ) ဖုန်း–၀၁–၉၄၃၇၀၄၂၊ ၀၁–၉၄၃၇၀၄၆သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### အသိပေးကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၁) ရန်ကုန်မှ သာကေတတံတားသစ်ချဉ်းကပ်လမ်းပေါ်ရှိ ရထားလမ်းခုံးကျော်တံတားတွင် Plate Girderများ တပ်ဆင်ခြင်းလုပ်ငန်းများပြုလုပ်မည်ဖြစ်ပါသဖြင့် ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **ခေတ္တလမ်းပိတ်မည့်နေရာ** | - | ဒေါပုံမြို့နယ်မှ မင်္ဂလာဈေးဘက်သို့ လည်းကောင်း၊ စက်ဆန်းမှ မင်္ဂလာဈေးဘက်သို့ လည်းကောင်း မင်္ဂလာဈေးမှ ပုဇွန်တောင်ဘက်သို့ လည်းကောင်း သွားသောစက်ရုံလမ်း |
| **နေ့ရက်** | - | ၂၈–၇–၂၀၁၇ ရက်မှ ၃၁–၇–၂၀၁၇ ရက်အထိ |
| **အချိန်** | - | ည ၁၁း၀၀နာရီမှ နံနက် ၄း၀၀နာရီအထိ |

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/6521 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာခရိုင်၊မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၁၃/က–ကန်နားရပ်၊ ဦးပိုင်အမှတ် ၈၀၊ မြေကွက်အမှတ် ၈၈၊ ဧရိယာ ၀ ဒသမ ၀၄၅ရှိ မြေကွက်မှာ ဦးကျော်နိုင်အမည်ဖြင့် ၁၀–၃–၁၉၉၂ ရက်မှ ၉–၃–၂၀၀၂ အထိ ၁၀ နှစ်မြေငှားဂရန်ရရှိထားပါသည်။ မိဘများဖြစ်သော ဦးကျော်နိုင်–ဒေါ်လှလှတို့မှာ အသီးသီးကွယ်လွန်သွားပြီဖြစ်သည့်အပြင် အဆိုပါမြေငှားဂရန်စာချုပ်မူရင်းမှာလည်း ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူထုတ်ပေးပါရန် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ကြူကြူမှ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဌာနလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

### ပျောက်ဆုံးကြောင်း

ကျွန်မ နေခြည်ရတနာအေး(ဘ)တင်မောင်အေး ၁၂/ကမတ(နိုင်)၀၆၉၇၉၄၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**နေခြည်ရတနာအေး ဖုန်း–၀၉–၄၃၁၄၂၉၇၇**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/၂၅၃၀၇ JIANG DONG FARM TRUCK(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးစံထွန်းအောင် ၅/စကန(နိုင်)၁၉၀၀၅၅က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

HAPPy Data Combo

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

YouTube

pyoneplay

Viber
Connect. Freely.

Data Pack ကိုဝယ်ယူပြီး
Facebook, Viber,
YouTube နဲ့ pyoneplay အတွက်
Bonus များကိုရယူလိုက်ပါ။

၃၉၉ ကျပ်မှစတင်ပြီး ဝယ်ယူရန် *700# ကိုခေါ်ဆိုပါ။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm   www.facebook.com/mptofficialpage   MPTOFFICIAL
CALL CENTER 106 | call free 24 hours everyday



**ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး**
**ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ**



ခရုံးမှုမပျက်စေတော်မီလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်း တပ်ရက်/မင်္ဂလာဆောင်ကွန်း/ စာတာ/ ဂဏန်းဗေဒင်အဟောများ/ နက္ခတ်အဟောများ/ ဒိဘနာမည်တွဲသုံးပုံလမ်းညွှန်/ တစ်သက်တာဟောစာတမ်းများ/ နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန် အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြား အမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည့်နာမည်မျိုးစုံ နယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပြူတာဖြင့်နာမည် မပေးပါ။ ကိုယ်စန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။ အမှတ်(၉၃)ပဆပ်မန္တလေးလမ်း(လယ်)ရေခမြောင်းကြီးအနီးမင်္ဂလာတောင်ညွှန့်၊ရန်ကုန် ☎01-394727,01-399426,09-253997740,09-5152521



**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများ ပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်။
အမှတ်-၁၈၁၊ မြေညီ၊ မုံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊
09254009334,
09254009335,
09254009336



**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉


**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဘိုးညို ၉/ကပတ(နိုင်)၁၉၄၉၉၆၏ နိုင်ငံကူးလက်မှတ် MA-134444 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၅၀၉၀၄၈၁**

**Original Import Declaration Form**

**ပျောက်ဆုံးကြောင်း**

E#301,The Lake View @ Evergreen E,Pun Hlaing အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သောMR. SYED HAMMAD ALI NAQVI, Passport No.(AJ9393013)၏ အရေးကြီးသောစာရွက်စာတမ်းများအပါအဝင် Original Import Declaration Form No.910656(20-1-2016)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဆက်သွယ်ရန် ဇင်မာထွန်း ဖုန်း-၀၉-၄၂၀၁၁၇၇၂၉**


(၂၀၀၂ မှ ၂၀၁၇ထိ) တက္ကသိုလ်ဝင်တန်း
မေးခွန်းဟောင်းနှင့် စံပြအဖြေများ (ဘာသာစုံ)
တစ်ဘာသာ တစ်အုပ်

(၂၀၀၂ မှ ၂၀၁၇ထိ) တက္ကသိုလ်ဝင်တန်း
မေးခွန်းဟောင်းများစုစည်းမှု (ဘာသာစုံ)
တစ်ဘာသာ တစ်အုပ်

(၂၀၁၅ ၂၀၁၆ ၂၀၁၇) အဋ္ဌမတန်း
(၂၀၁၅ ၂၀၁၆ ၂၀၁၇) စတုတ္ထတန်း
မေးခွန်းဟောင်းနှင့် စံပြအဖြေများ (ဘာသာစုံ)
တစ်ဘာသာ တစ်အုပ် (၃နှစ်စာ)

ဝါရင့်ပါမောက္ခဆရာကြီးများ စီစဉ်ကြီးကြပ်သော
MOTHER'S LIGHT
ဗညာရေးစာစဉ်
မိခင်အလင်း

အထက်တန်းအဆင့် စာစီစာကုံးစာအုပ်များ
အလယ်တန်းအဆင့် စာစီစာကုံးစာအုပ်များ
မူလတန်းအဆင့် စာစီစာကုံးစာအုပ်များ
Essay & Letters စာအုပ်များ

၂၀၁၇ အဋ္ဌမတန်း
မေးခွန်းဟောင်းနှင့် စံပြအဖြေများ
(မြန်မာ၊ အင်္ဂလိပ်၊ ပထဝီ) အတွဲ – ၁
(သင်္ချာ၊ သိပ္ပံ၊ သမိုင်း) အတွဲ – ၂

KG တန်း မှ တက္ကသိုလ်ဝင်တန်း အထိ
သင်ရိုးသစ်၊ သင်ရိုးဟောင်း ဘာသာစုံစာအုပ်များ
တစ်မျိုးနှင့်တစ်မျိုးတန်ကို နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်
ခဲ့ကြသော ဘာသာရပ်ဆိုင်ရာ အထူးပြုဆရာ/ဆရာမကြီးများကိုယ်တိုင်
အမှတ်ပေးစည်းမျဉ်းနှင့်အညီ ရေးသားဖြေဆိုထားသည်

ဒုတိယတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
ကျောင်းသား/ကျောင်းသူတို့အတွက်
သင်ထောက်ကူပြု (သင်္ချာ ၊ အင်္ဂလိပ်)
WORK BOOK and STUDY GUIDE လေ့ကျင့်ခန်း စာအုပ်ကောင်းများ

၂၀၁၇ စတုတ္ထတန်း မေးခွန်းဟောင်းနှင့် စံပြအဖြေများ (ဘာသာစုံ) ပေါင်းချုပ်

ဖြန့်ချိရေး
အမှတ် ၂၄၇၊ လမ်း ၃၀ (အထက်) ဗိုလ်ချုပ်ထိပ်၊ ပန်းဘဲတန်းမြို့နယ်။ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၅၀၆၄၄၅၁၊ ၀၉ ၇၃၂၀၅၇၂၆၊ ၀၉ ၇၃၃၃၀၉၄၈

ရွှေလက်ရာကို ဝယ်ယူအားပေးကြသော ဆရာ/ဆရာမများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများ၊ ကျောင်းသားမိဘများနှင့် အရောင်းကိုယ်စားလှယ်တော်ကြီးများအားရွှေလက်ရာဆရာ/ဆရာမများနှင့် မိသားစုများမှ ကျေးဇူးအထူးတင်ရှိပါသည်။

ဆင်တူရိုးမှား အတုအပများထွက်ရှိနေပါသဖြင့် အထူးသတိပြုဝယ်ယူကြပါရန် ရိုသေလေးစားစွာဖြင့် အသိပေးအပ်ပါသည်။


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/မင်းဝိုင်းရပ်(မီးလောင်မြေ)၊ ဦးပိုင်အမှတ် ၁၄၉-က၊ ဧရိယာ ၀.၁၁၀ဧကရှိ အစိုးရ(မြို့မြေ)ကွက်အား ဦးစိန်ထွန်း(ခ)လန်းဆန်း(ဘ)ဦးကင်းမနား ၉/လဝန(ပြု) ၀၀၀၀၀၁မှ နေထိုင်ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ အရောင်းအဝယ်ကတိစာချုပ်များ တင်ပြပြီး နှစ် ၃၀ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်ချထားခြင်းအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ လူနေရပ်ကွက် ရွှေနံ့သာရပ်ကွက်၊ မြေကွက်အမှတ်(ဥ-၁၄၉၆) ဦးလွင်ဦး(ဘ)ဦးတင်လှ ၉/ပမန(နိုင်)၂၂၃၄၄၅အမည်ပေါက် ပါမစ်မြေကွက်အား ဦးသက်နိုင်ထွန်း(ဘ)ဦးသန်းဌေး ၅/စကန(နိုင်)၁၄၇၄၄၀မှမြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဏ/၇၇၀၅ SPT L/T(1) TON (SPT-LT-01) P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်း ၇/ပမန(နိုင်)၁၀၆၆၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပြည်)၊ပြည်မြို့**

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကက-၁၃/၀၁/၂၂၀

# ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာအောင်မြင်မှုများ

ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်းသည် (၂၀၁၄-၁၅/၂၀၁၅-၁၆/၂၀၁၆-၁၇) ပညာသင်နှစ်တွင် ၃-နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်းဖြစ်ပြီး ၂၀၁၆-၁၇ပညာသင်နှစ်ရန်ကုန်တိုင်းဒေသကြီးတွင် (၉၂.၁၁%)ဖြင့် အောင်ချက်အကောင်းဆုံး(ပထမ)ကျောင်းဖြစ်ပြီး ဝိဇ္ဇာသိပ္ပံတွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယအဆင့် (Top-3)



ဝိဇ္ဇာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယအဆင့်(Top-3) မောင်မင်းခန့်မွန် ဆုသက ၂၈၂ (သင်္ချာ၊ ဓာတု၊ ရူပ၊ ဘောဂ)

အတွဲ (၁) ဘောဂဗေဒအောင်ချက် (၈၂.၃၅%)
အတွဲ (၇) ဇီဝဗေဒအောင်ချက် (၁၀၀%)
တစ်ကျောင်းလုံးအောင်ချက် (၉၂.၁၁%)

Repeater တန်းခွဲသစ်များလက်ခံပြီ

Repeater တန်းခွဲသစ်များ July(3)ရက် တနင်္လာနေ့ စမည်။

၅—တန်း မှ ၁၀—တန်း အထိ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

- ကျူရှင်ထပ်တက်ရန် မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံ သည့်ကျောင်း
- ၈/၉/၁၀ တန်းများအတွက်စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ
  - နေ့ကျောင်း
  - ဘော်ဒါ/တဝက်ဘော်ဒါ
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
- လူဦးရေသန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်။

အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ ၀၉ ၉၆၅၈၀၀၉၆၁၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၁ ၈၅၆၂၈၃၀၊ ၀၉ ၄၄၅၃၄၀၀၇၇၊ ၀၉ ၂၅၉၂၅၈၄၀၇၊

Ferry ရှိသည်



# "ပြည်သူ့ကျန်းမာရေးအတွက်"
## ယုဇနဖောင်ဒေးရှင်း၏ ကျန်းမာရေးအလှူဒါန

ရန်ကုန်မြို့ GRAND HANTHA INTERNATIONAL HOSPITAL ဆေးရုံကြီးတွင် ၂၀၁၇ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့မှ (၃၀)ရက်နေ့ထိ နံနက် (၉)နာရီမှ ည(၈)နာရီအတွင်း နေ့စဉ်လူဦးရေ (၁၅၀) Booking စနစ်ဖြင့် (၄၅၀၀)ဦးရေကို ကုသဆွေးနွေးမှု ဆောင်ရွက်ပေးပါမည်။

**အခမဲ့ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးစစ်ဆေးခြင်း နှင့် ကုသဆွေးနွေးပေးခြင်း အစီအစဉ်**

၁။ OPD Clinic မှ ဝန်ဆောင်မှုပေးခြင်း။ (ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။)
၂။ အခြေခံသွေးစစ်ဆေးမှုများကို Fully Automatic Laboratory မှ ဆောင်ရွက်ပေးခြင်း၊ (ယုဇနဖောင်ဒေးရှင်းမှ လှူဒါန်းပါမည်။)
၃။ Imaging Department မှ X-Ray, ECG ခေတ်မီစက်များဖြင့် စစ်ဆေးပေးခြင်း။ (ယုဇနဖောင်ဒေးရှင်းမှ လှူဒါန်းပါမည်။)
၄။ ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများကိုယ်တိုင် စစ်ဆေးပေးခြင်း။ (ယုဇနဖောင်ဒေးရှင်းမှ လှူဒါန်းပါမည်။)




ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284

ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးနှင့် သမားတော်ကြီး (၂၂၅)ဦးတို့မှ တစ်ဦးလျှင် လူနာ(၂၀)ဦးစီ ပြသဆွေးနွေးနိုင်ရန် စီစဉ်ထားရှိပါသည်။ ဆရာဝန်ကြီးများ၏ အမည်နှင့်အချိန်ကို Facebook Page : www.facebook.com/grandhantha တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

ယုဇနဖောင်ဒေးရှင်း - ယုဇနကုမ္ပဏီလီမိတက်





SMIDB

**Small & Medium Industrail Development Bank Ltd.(Public Bank)**

## အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်(အများပိုင်)
## နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားခြင်း

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏(၂၂)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ မပျက်မကွက်တက်ရောက်ပါရန်ဖိတ်ကြားအပ်ပါသည်-

(က) နေ့ရက် ။ ။ (၂၉-၇-၂၀၁၇)ရက် (စနေနေ့)
(ခ ) အချိန် ။ ။ နံနက်(၁၀း၀၀)နာရီ (၀၉း၃၀ နေရာယူပေးပါရန်)
(ဂ ) နေရာ ။ ။ **Novotel Yangon Max(Yangon Ballroom)**
အမှတ်(၄၅၉)၊ပြည်လမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့

**မှတ်ချက်။** အစည်းအဝေးဖိတ်စာနှင့် အစီရင်ခံစာတို့ကို အစုရှယ်ယာရှင်များထံသို့ လူကိုယ်တိုင်နှင့်စာတိုက်မှကြိုတင်ပို့ပေးထားပါသည်။ အစည်းအဝေးဖိတ်စာမရရှိပါကလည်းၤဤဖိတ်စာကိုအကြောင်းပြု၍ အစည်းအဝေးသို့တက်ရောက်ကြပါရန်ဖိတ်ကြားပါသည်။

**ဆက်သွယ်နိုင်သောဖုန်းနံပါတ်များ**-၀၁-၂၃၀၂၄၁၈ ၊၀၁-၂၃၀၂၃၃၇
-၀၉-၄၂၀၀၂၉၆၈၅ ၊၀၉-၃၃၄၉၆၇၆၆

**အမှုဆောင်အရာရှိချုပ်**

**iStock®**

ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်

- ကုန်ရောင်း/ကုန်ဝယ်
- ကုန်လက်ကျန်
- အကြွေး
- ငွေစာရင်း /အရှုံးအမြတ်



Galaxy Software Co., Ltd.
www.galaxy.com.mm

Contact Us ...

Yangon ➤ 09-254151516, 09-43029798
➤ 09-43064181 , 09-420909100
Mandalay ➤ 09-440067577, 09-978030881
Naypyitaw ➤ 09-257333214, 09-974432762
Pathein ➤ 09-455042499, 09-455042500
Taunggyi ➤ 09-444200771, 09-444200772

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်လည်ဘူးမြို့၊ မြို့မရပ်ကွက်နေ တက္ကသိုလ်ဝင်တန်း(B)မှ ကျောင်းသူ မပွင့်ဦးရွှေဝါ၏ဖခင် ဦးမောင်ငွေး(ခ) ဦးကိုငွေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ချောင်းစောက်ကျေးရွာနေ နဝမတန်းကျောင်းသား မောင်နိုင်ထွန်းဦး၏ဖခင် ဦးအုန်းကျော်(ခ)ဦးအုန်းကျော်မြင့် ၅/လလန(နိုင်)၀၃၉၁၈၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### အမည်မှန်

ပန်ဆိုင်း(ကြူကုတ်)မြို့၊ အထက၊ ပဉ္စမတန်းမှ (ဘ)စိုင်းအိုက်မွန်း၏ သမီး မယိမ်းဟွမ်ဝန်း၏အမည်မှန်မှာ မနန်းချယ်လီ ဖြစ်ပါကြောင်း။

### ရောင်းမည်

မြေညီနှစ်ခန်းတွဲ
(35' x 60')
၄၉ လမ်းအပေါ်
ပုဇွန်တောင်မြို့နယ်
HallType ပြင်ဆင်ပြီး။
ဆက်သွယ်ရန်
Ph: 09 971506660,
09 260 529078
စီးပွားရေးလုပ်ငန်းလုပ်ရန်
နေရာကောင်းဖြစ်ပါသည်။

### အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း /နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

### မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။

ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များ ဝယ်လိုသည်။
အိမ်အရောက်ငွေချေစနစ်၊ ပွဲခပေးရန်မလို
Ph: 01-2339310, 01-2339355, 01-578044

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်5H/4874၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်1J/4151၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1N/7057 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ တိုက်အမှတ် ၂၃၁/၂၃၇ နှစ်ခန်းတွဲ (၁၂)ထပ်တိုက်အဆောက်အအုံပေါ်ရှိ မြေညီထပ်(ဝဲ) (ခြေရင်းခန်း) (တိုက်အား မျက်နှာမူလျှင်)၊ အကျယ်အဝန်း(၂၅×၆၀)ပေရှိ ရေမီးစုံပါဝင်သည့် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးဆေးစူရာဇူ(ခ)ဦးစိုးအောင် ၁၂/သလန(နိုင်)၀၇၂၁၇၈ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ၁၈-၇-၂၀၁၇ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်စရန်ပေးကတိစာချုပ်ကိုချုပ်ဆို၍ ဝယ်ယူခဲ့ရာတွင် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏စရန်ငွေအချို့ တစ်ဝက်ကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမွန်(အထက်တန်းရှေ့နေ)(စဉ်-၄၁၂၁၁)**
အမှတ် ၁၀၅၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၄၉၃၁၂၉၀၈၊ ၀၉-၄၂၁၀၂၆၉၀၄

# ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
## (Personal Accident Insurance)

GGI
INSURANCE • အာမခံ



**သင့်ဘဝလုံခြုံစေရန် ကိုယ်အင်္ဂါထိခိုက်မှုအာမခံ**

မတော်တဆထိခိုက်မှုကြောင့်... ထိခိုက်ဒဏ်ရာရရှိခြင်း၊ ထာဝစဉ် မသန်စွမ်းဖြစ်ခြင်း၊ အသက်ဆုံးရှုံးခြင်းများအတွက် ငွေကြေးအကာအကွယ် ရရှိနိုင်ပါသည်။

**HOTLINE : (01) 230 6366**



# မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ကန့်ကွက်ကြောင်းအရေးကြီးအဆို ပြည်သူ့လွှတ်တော်တွင် တင်သွင်း

**နေပြည်တော်  ဇူလိုင်  ၂၄**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီ၏ ဇူလိုင် ၂၁ ရက် သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း အရေးကြီးအဆိုကို အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

**အရေးကြီးအဆိုတင်သွင်း**

အဆိုတင်သွင်းသူက နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် အမျိုးသားရင်ကြားစေ့ရေးကို မျက်ကွယ်ပြုခြင်း၊ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို လျစ်လျူရှုထားခြင်းနှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော ပကတိအခြေအနေမှန်များကိုလည်း ထည့်သွင်းဖော်ပြထားခြင်းမရှိခြင်းတို့ကြောင့် အရေးကြီးအဆို တင်သွင်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်အစိုးရ၏ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အားသွန်ခွန်စိုက်လုပ်ကိုင်နေသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ထို့ပြင် လက်ရှိ ရခိုင်ပြည်နယ်၌ ဖြစ်ပွားနေသော ပဋိပက္ခသည် အလွန်ရှုပ်ထွေးနက်နဲပြီး နိုင်ငံရေး သဘောသဘာဝများ ပါဝင်နေသည်ကိုလည်း တွေ့ရပါကြောင်း၊ နိုင်ငံတော်အစိုးရသည် လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင်မည့် နည်းလမ်းပေါင်းများစွာကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဘောင်အတွင်းမှ ဥပဒေနှင့်အညီ ကြိုးစားလုပ်ဆောင်နေသကဲ့သို့ လွှတ်တော်အတွင်းတွင်လည်း လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကဲ့သို့သော ဥပဒေများ အတည်ပြုပြီး လူ့အခွင့်အရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး ကာကွယ်နိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

**ထောက်ခံဆွေးနွေး**

အလားတူ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေသုံးစွဲခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ရက် ၁၀၀၀ စီမံကိန်းဖြင့် ထောက်ပံ့ပေးခြင်း၊ ပညာရေးဝန်ကြီးဌာနမှ ပဋိပက္ခဖြစ်ပွားရာ ဘူးသီးတောင်နှင့် မောင်တောတို့တွင် ကျောင်းဆရာမများအစား ဆရာများကို

*စာမျက်နှာ ၆ ကော်လံ ၁* ✻



# မြန်မာယူ-၂၂ အသင်း ဆီးဂိမ်းအတွက် လေ့ကျင့်ပြင်ဆင်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်**

**ရန်ကုန်  ဇူလိုင်  ၂၄**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာယူ-၂၂ အသင်းသည် အာရှ ယူ-၂၃ ခြေစစ်ပွဲအပြီးတွင် လေ့ကျင့်မှု ဆက်လက်ပြုလုပ်လျက်ရှိသည်။

ဆီးဂိမ်းပြိုင်ပွဲစတင်ကျင်းပရန် နှစ်ပတ်ကျော်သာလိုတော့သောကြောင့် မြန်မာယူ-၂၂ အသင်းသည် လေ့ကျင့်မှုဆက်လက်ပြုလုပ်ခြင်းဖြစ်ပြီး ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲသုံးပွဲကစားရန် စီစဉ်ထားသော်လည်း ဆီးဂိမ်းပြိုင်ပွဲ ကျင်းပမည့်ရက်နှင့် နီးကပ်နေသည့် အင်တာမီလန် ယူ-၁၈ အသင်းနှင့် ခြေစမ်းပွဲကို ဖျက်သိမ်းခဲ့ပြီး နှစ်ပွဲသာကစားမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာယူ-၂၂ အသင်းသည် ဂျပန်နိုင်ငံမှ Ryutsu တက္ကသိုလ်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားမည်ဖြစ်ပြီး ဇူလိုင် ၃၀ ရက်နှင့် ဩဂုတ် ၂ ရက်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ဂျပန်နိုင်ငံမှ တက္ကသိုလ်အသင်းနှင့် ပွဲအပါအဝင် နိုင်ငံတကာပွဲနှင့် ခြေစမ်းပွဲ စုစုပေါင်း ၁၀ ပွဲအထိ

*စာမျက်နှာ ၄ ကော်လံ ၃* ❄

# မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြရန် အကြံပြု

နေပြည်တော် ဇူလိုင် ၂၄

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ နှစ်ပေခန့်နှင့် ဇလွန်မြို့၌ တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ နှစ်ပေခွဲခန့်နှင့် သာပေါင်းမြို့၌ တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❀

## မောင်တောဒေသတွင် ရေငန်ပုစွန်မွေးမြူရေးနှင့်အတူ ရေချိုငါးမွေးမြူရေးတွဲဖက်လုပ်ကိုင်နိုင်ပါက ဝင်ငွေတိုးနိုင်



စာ » ၁၂

## မုံရွာမြို့မှ ကလေးပြန်ပေးဆွဲလာပြီး ခြိမ်းခြောက်ငွေတောင်းသူများအား ရွှေဘိုမြို့နယ်၌ ဖမ်းဆီးရမိ

စာ » ၁၃

## နိုင်ငံတကာ ချန်ပီယံဖလားပြိုင်ပွဲ မန်ယူက ရီးရဲကို ပယ်နယ်တီဖြင့် အနိုင်ယူ

စာ » ၁၄



